
http://www.dhammadownload.com



http://www.dhammadownload.com



# သျှင်မိုးဝေ

## မင်းနတ်သားရဲ့ နတ်သမီးချော

အပါအဝင်

# ဓမ္မရသပုံပြင်များ

Illstrated by Cartoon Htay Aung
Graphic Design Lynn Aein Thit, Ph:550147

http://www.dhammadownload.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏တာဝန်ဖြစ်သည်။

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

http://www.dhammadownload.com

# ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၁၀၀၁၉၀၃၀၈
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၁၀၀၄၃၀၆၀၈
ထုတ်ဝေသူ - ဦးသစ်လွင်
ဂန္ဓဝေါမြိုင်စာပေ
၁၁၃-ရွှေပြည်သာလမ်း၊
သာကေတမြို့နယ်၊ရန်ကုန်မြို့။
မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ - ဒေါ်သန္တာခင်
Empire အော့ဖ်ဆက်
အေ-၀၀၂၊ ရွှေဂုံပလာဇာဝင်း
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးနှင့်အတွင်းပန်းချီ - ကိုရွှေဒွေးအောင်
မျက်နှာဖုံးဒီဇိုင်း - လင်းအိမ်သစ်
မျက်နှာဖုံးနှင့်အတွင်းဖလင် - ပုံရိပ်ရှင်
ကွန်ပျူတာစာစီ - မိုးမခကွန်ပျူတာ
ပုံနှိပ်ခြင်း - ပထမအကြိမ်၊ ၂၀၀၈၊ သြဂုတ်လ
အုပ်ရေ -
တန်ဖိုး

http://www.dhammadownload.com

ပန်းနတ်သားရဲ့နတ်သမီးချော

အပါအဝင်

ယဉ်ကျေးလိမ္မာ

# ဓမ္မရသပုံပြင်များ

သျှင်ဖိုးဝေ

ဖြန့်ချိရေး

မျိုးဆက်သစ်စာပေ
အမှတ်–၁၈၂/၂၀၂၊ အခန်း ၃၂၊ (ပထပ်)
၃၄–လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်။ ဖုန်း– ၃၇၇၂၆၉

http://www.dhammadownload.com

# ဓမ္မရသလက်ဆောင်မွန်

သို့ -

သားသား/မီးမီး

.............................. ဖတ်ဖို့

မှ -

..................................

..................................

http://www.dhammadownload.com

# မာတိကာ


၁။ ပန်းနတ်သားရဲ့ နတ်သမီးချော ………… ၅
၂။ သူဌေးကြီး ဦးကပ်စေး ………… ၁၂
၃။ ရွှေငါးကြီးရဲ့ ကံကြမ္မာ ………… ၂၁
၄။ ပေါက်ပင်ပုံပြင် ………… ၂၉
၅။ ဝေဒနာရှင် ………… ၃၄
၆။ ပုဂ္ဂိုလ်ထူး ………… ၄၁
၇။ အလှူပေးတဲ့ သူဌေးကြီး ………… ၅၀
၈။ အလှူပြိုင်ပွဲ ………… ၆၀
၉။ အဘိုးအိုနှင့် သားလေးယောက် ………… ၆၈
၁၀။ ဘုရင်လေးရဲ့ စိုးရင်ထုံး ………… ၇၈
၁၁။ ကျေးသားဟောတဲ့ လူ့တရား ………… ၈၇
၁၂။ စွမ်းအားကြီးတဲ့ သားလေးပါး ………… ၉၅
၁၃။ ယုန်သူတော်ကောင်း ………… ၁၀၅
၁၄။ မိဘကိုလုပ်ကျွေးသော ဆင်းရဲသားလေး ………… ၁၁၂
၁၅။ ဆင်ကြီးအလိမ္မာ ………… ၁၁၉
၁၆။ ဆုတောင်းမှားတဲ့ နဂါးမင်း ………… ၁၂၇
၁၇။ နတ်မြင်းဖြူရှင် ………… ၁၃၄

http://www.dhammadownload.com

# ရည်ညွှန်းချက်

သားငယ် သမီးငယ်တို့သည်
လောကအလယ်တွင်
ပွင့်သစ်စ ပန်းအလှတို့နှင့် တူ၏။
ပွင့်သောပန်းတိုင်း လှဖို့လို၏
လှသောပန်းတိုင်း မွှေးဖို့လို၏။
ပန်းကလှ၍ မွှေးရနံ့မသင်းပျံ့ပါက
လောကအလယ်တွင် အသုံးမဝင်။
ရုပ်သွင်ကလည်းလှ၍ အတွင်းစိတ်လည်း
လိမ္မာယဉ်ကျေးပါမှ
လှသော၊ မွှေးသော
ပန်းတစ်ပွင့်ပမာ တင့်တယ်၏။
ပန်းအတွက်လည်း လှ၏။
ဥယျာဉ်မှူးအတွက်လည်း အဖိုးထိုက်တန်၏။
လောကအတွက်လည်း အသုံးဝင်လှပေသည်။
ပွင့်သောပန်းတိုင်းလှ၍ မွှေးစေလိုလျက် —

သျှင်မိုးဝေ
(၁၈၊ ၂၀၀၀)

http://www.dhammadownload.com

# လွယ်မှတ်လို့

တစ်နေ့က ဆရာဇေယျာနရိန်(မြောင်းမြ)နဲ့ သျှင်မိုးဝေကို ၃၄ လမ်းက 'ပုံရိပ်ရှင်'မှာတွေ့တော့ သျှင်မိုးဝေက ပုံပြင်စာအုပ် မျက်နှာဖုံးလေးပြပြီး အမှာစာ ရေးပေးပါဦးတဲ့။

အင်းပြောတာကတော့ လွယ်လွယ်ပဲ။ မတတ်နိုင်ဘူးလေ။ ရေးပေးပါဆိုလို့ ရေးပေးလိုက်တော့လည်း အမှာစာ၊ မာတိကာ၊ စာကိုယ်၊ နိဂုံးစတဲ့ စာအုပ်အင်္ဂါတော့ စုံသွားတာပေါ့။ ရေးရမယ့် စာအုပ်ကြည့်လိုက်တော့ ပန်းနတ်သားရဲ့နတ်သမီးချော အပါအဝင် ယဉ်ကျေးလိမ္မာ၊ ဓမ္မရသပုံပြင်များတဲ့။

ဓမ္မရသဆိုလို့ ပြောရဦးမယ်။ စာရေးဆရာဆိုသူတစ်ဦးက ကျွန်တော့်ကို ပြောဖူးတယ်။ 'ခင်ဗျားတို့ ဘာသာရေး စာရေးဆရာ တွေက စာရေးဆရာ မဟုတ်ဘူး'တဲ့။ ဘာလို့လဲဆိုတော့ 'ရသကို မဖန်တီးတတ်လို့'တဲ့။

ဒီလိုဆိုတော့ ကျွန်တော် သူ့ကို မေးမိတယ်။ 'ဝိသုဒ္ဓိမဂ် အရသာတို့၊ ဝိနည်းငါးကျမ်းအရသာတို့၊ နောက်ပြီး ပဋ္ဌိစ္စသမုပ္ပါဒ် အရသာတို့ဆိုတာပေါ့။ အရသာနာမည်နဲ့ရေးတဲ့ ညောင်လေးပင် တောရဆရာတော်ကြီးဟာ စာရေးဆရာ ဟုတ်၊မဟုတ်မေးတော့ သူက 'ဒါကတော့ ဆရာရယ်၊ ညောင်လေးပင်တောရဆရာတော်ဆိုတာ ဝိသုဒ္ဓိမဂ်တောင် အရသာပေါ်အောင်ရေးတာဆိုတော့ သူ့ထက်ရသကို ဖန်တီးတာ မရှိတော့ဘူးပေါ့'တဲ့။ ပြီးတော့ သူက 'ကျွန်တော်ပြောတဲ့ ရသဆိုတာ တက္ကသိုလ်ဘုန်းနိုင်တို့ တက္ကသိုလ်တင်မြင့်တို့လို သိင်္ဂါရ ရသဘာညာ မပါတာကို ပြောတာတဲ့။

http://www.dhammadownload.com

'ရသက ဘယ်နှစ်မျိုး ရှိသလဲ'ဆိုတော့ အဲဒီစာရေးဆရာက 'ဆယ်တန်းတုန်းက သင်ရတာပဲဗျာ'တဲ့။ 'ခုတော့ မေ့ကုန်ပြီ'တဲ့။ ဒါပါပဲ။ သူပြောတဲ့ စာရေးဆရာဆိုတာ သိင်္ဂါရ ရသကို ဖန်တီးတတ်မှ စာရေးဆရာပေါ့။

စာရေးတာကို ကျွန်တော်နားလည်သလို ပြောရရင် ဟင်းတစ်ခွက်ချက်သလို ငါးပိ,ဆီ,ဆား,ငရုတ်,မဆလာ စတာတွေ အချိုးညီ ထည့်ချက်သလိုမျိုး မဟုတ်ဘူး။ တင်ပြမယ့်အကြောင်းအရာရယ်၊ စာရေးသူရဲ့စေတနာရယ်၊ တင်ပြပုံပညာရယ် ဒါတွေကို ရောသမမွှေလိုက်ရင် ရသကိုးမျိုးထဲ တစ်မျိုးမျိုးသော်လည်းကောင်း၊ နှစ်မျိုးသုံးမျိုးသော်လည်းကောင်း ပေါ်လာတော့တာပဲ။

အခု သျှင်မိုးဝေကလည်း ကလေးလူငယ်များ လိုက်နာကျင့်သုံးနိုင်ဖွယ် ဓမ္မရသပေါ်အောင် ရေးထားတယ်။ သူ့ထဲမှာ အချစ်,အလွမ်းတွေရော၊ အနုအကြမ်းတွေရော၊ အံ့ဩစရာ၊ စက်ဆုပ်ရွံရှာစရာ၊ ရယ်မောပျော်ရွှင်စရာစတဲ့ ရသတွေ ပေးထားလိုက်တာ စုံလို့ပါပဲ။

ပုံပြင်ဆိုပေမယ့် ကျွန်တော်တို့ငယ်ငယ်က ကြားနေကျ 'ရွှေယုန်နဲ့ရွှေကျား သက်ငယ်ရိတ်သွား'တဲ့ ပုံပြင်မျိုးတွေ မဟုတ်ဘူး။ ဘုရားဟော ဇာတက၊ဓမ္မပဒ စတာတွေထဲက ကောင်းနိုးရာရာ အကြောင်းအရာလေးတွေကို ကလေးတွေနဲ့လိုက်လျောတဲ့ အရေးအသားလေးတွေနဲ့ ရသတွေ ပေးထားတာ။

အမှန်ကတော့ ဒီထဲမှာ ပါတဲ့အကြောင်းအရာတွေက လူကြီးဖတ်စာတွေပါ။ ဒါပေမယ့် သျှင်မိုးဝေက လူကြီးစာကို ကလေးဖတ်လို့ရအောင် သူ့ရဲ့အရေးအသား အတင်အပြလေးတွေနဲ့ စည်းရုံးသိမ်းသွင်းထားတာ။

http://www.dhammadownload.com

အဲ..ပုံပြင်ဆိုလို့ ပြောရဦးမယ်။ ကျွန်တော် ပုံပြင်ရေးကြည့်ဖူးတယ်။ ဆရာမြသန်းစံက 'ယဉ်ကျေးလိမ္မာကလေးဂျာနယ်' ထုတ်မယ်ဆိုတော့ 'ခင်ဗျားနဲ့ တွဲလုပ်စရာတွေ အများကြီးရှိတယ်ဗျာ' ဆိုပြီး ငါးရာ့ငါးဆယ်မြန်မာပြန် စာအုပ်ကြီးနှစ်အုပ် ကျွန်တော့်ကို ပေးလိုက်တယ်။ ကလေးတွေနားလည်အောင် ခေတ်အတွေး၊ ခေတ်အရေးနဲ့ ရေးပေးပါပေါ့ဗျာတဲ့။ ပြောရရင် ခု သျှင်မိုးဝေရဲ့ပုံပြင်တွေ လိုမျိုးပေါ့။

'ကလေးစာပဲ။ ဘာခက်တာမှတ်'လို့ဆိုပြီး ရေးကြည့်တယ်။ လားလား.. စာအုပ်လည်းထွက်လာရော၊ ကျွန်တော့်ပုံပြင် ပါမလာဘူး။ ဆရာမမိုးမိုးစောဝင်းရဲ့ ဓာတ်ညွှန်းအခွဲနဲ့ ပန်းချီကိုရွှေစိုးဟန်ရဲ့ သရုပ်ဖော်ပုံလေးတွေနဲ့ ပါလာတယ်။ လှလိုက်တဲ့ ရေးကွက်ဖော်ကွက်ကလေးတွေဗျာ။

နောက် အင်္ဂလိပ်ပုံပြင်တွေ ဘာသာပြန်ပေးဖို့လည်း ဆရာမြသန်းစံက ပေးတယ်။ ဒါကို ဘာသာလည်းပြန် ပေးလိုက်တယ်။ စာအုပ်လည်း ပြန်ပေးလိုက်တယ်။ အသုံးတည့်ပုံ မပေါ်ပါဘူး။ ဆရာမြသန်းစံက ကျွန်တော့်ရဲ့ လူကြီးလက်ကိုတော့ အထိုက်အလျောက် အသိအမှတ်ပြုပုံ ပေါ်ပါတယ်။ ဒါပေမယ့် ကလေးကြိုက်ပေးတဲ့နေရာမှာတော့ အတော်ရှော်တဲ့လူပဲလို့ သုံးသပ်ဟန်တူပါရဲ့။ တစ်ပုဒ်မှ အသုံးမခံရဘူး။ ဒီကတည်းက ကျွန်တော်သိလိုက်ပြီ။ နဂိုက ကလေးစာရေးတာ အတော်လွယ်တယ်လို့ အထင်စမော(small) ခဲ့သမျှ ကျွန်တော့်အတွေးတွေ ဖောက်ထိုးလွဲတော့တာပဲ။

ဆရာမြသန်းစံဆိုတာက ကလေးကြိုက် လူကြီးကြိုက် ဘက်စုံပေးတတ်တဲ့ အနုပညာရှင်ဖြစ်တော့ ကျွန်တော့်စာတွေ မသုံးဖြစ်တာ ဘယ်လိုမှ မခံစားမိဘူး။ ကျွန်တော်တိုယ်တိုင် ရေးနေ

http://www.dhammadownload.com

တုန်းမှာကိုပဲ 'ပုံပြင်ရေးရတာဟာ လူကြီးက ကလေးသရုပ်ဆောင် လုပ်နေရသလိုပါပဲလား'လို့ လူ့ရှင်တော်ကြီး ဦးမိုးဒီရဲ့ 'တားတား ချားချင်တာ ချားလို့ရပြီ'ဆိုတဲ့ ထက်လင်းရင်လူးဆေး ကြော်ငြာကိုပဲ မျက်စိထဲ မြင်မြင်လာမိတယ်။

သျှင်မိုးဝေကတော့ လူကြီးဖတ်စာတွေကို ကလေးဖတ်လို့ ရအောင် လုပ်သွားတာ လှလိုက်တာဗျာ။ အစာသွပ်သွားတာ၊ အကွန့်လေးတွေ၊ အညွန့်လေးတွေနဲ့။ အတွေးစလေးတွေ ဆွဲထုတ် သွားတာကလည်း ကျွန်တော်တို့နဲ့တော့ ကွာပါ့။ ဒါကြောင့်လည်း ဆရာမြသန်းစံက ယဉ်ကျေးလိမ္မာဂျာနယ်မှာ တစ်နေရာပေးလိုက်တာ နေမှာပါ။

ခု·ခမ္ဘရသပုံပြင်လေးတွေဟာလည်း 'ယဉ်ကျေးလိမ္မာ ဂျာနယ် ထဲက ပုံပြင်လေးတွေရဲ့ စုစည်းမှု'ပါပဲ။ ပုံပြင်ဆိုပေမယ့် အထက်က ပြောခဲ့သလို ဘုရားဟော ဇာတက၊ ပေတဝတ္ထု၊ ဓမ္မပဒစတာတွေကို အခြေခံခြယ်မှုန်းထားတာ ဖြစ်လို့ ကလေးများအတွက် '**ဗုဒ္ဓစာပေ မိတ်ဆက်**'လို့ ပြောလို့ရပါတယ်။


ကလေးဆိုတာ 'အနာဂတ် ပိုင်ရှင်လေးတွေ'တဲ့။ နောက်· ရှိပါသေးကော။ "The child is the father of the man"- 'ကလေးဆိုတာ လူကြီးရဲ့ ဖခင်'တဲ့။ လူကြီးရဲ့အဖေ လုပ်မယ့်ကလေးတွေ ဒီပုံပြင်လေးတွေကို ခုကတည်းက ဖတ်ထား။

'မယုံရင် ပုံပြင်မှတ်'ဆိုတာကြီး ခေါင်းထဲ ထည့်မထားနဲ့။ ဒါတွေက တကယ့်ကို မယုံမဖြစ် ပုံပြင်တွေ။ ဖတ်ကြည့်-ကလေး ချစ်တတ်တဲ့သူတွေမို့ ဒီပုံပြင်မျိုး ရေးတတ် ပြောတတ်တာ။ နို့မို့- လွယ်မှတ်လို့······/···။

ကိုရွှေသောင်းဝင်း

http://www.dhammadownload.com

# ပန်းနတ်သားဗို့
# နတ်သမီးရော



http://www.dhammadownload.com

# ပန်းနှတ်သားရဲ့နှတ်သမီးချော

တာဝတိံသာနတ်ပြည်မှာ မာလာဘာရီလို့ အမည်ရတဲ့ ပန်းနတ်သားလေးတစ်ပါး ရှိသတဲ့။ သူဟာ ပန်းဆိုရင် အင်မတန် ချစ်မြတ်နိုးတတ်တာမို့ နတ်သား၊နတ်သမီးတွေအားလုံးက သူ့ကို 'ပန်းနတ်သားလေး'လို့ပဲ ခေါ်ကြတယ်လေ။

ပန်းနတ်သားလေးဟာ အားအားရှိသမျှ ရောမပန်းခြံကြီးတွေနဲ့ ပန်းဥယျာဉ်ကြီးတွေထဲမှာပဲ ပန်းမျိုးစုံတွေနဲ့ အချိန်ဖြုန်းနေလေ့ရှိတယ်။ ပြီးတော့ သူ့အပါးမှာ တစ်ဖက် ငါးရာစီ ခြံရံခစားနေတဲ့ အဖော် နတ်သမီးချောလေးတွေကလည်း လိပ်ပြာလေးတွေအလား ပန်းကလေးတွေနဲ့အတူ ပျံလို့ဝဲလို့ ကခုန်ပျော်ပါးရင်း ဆော့ကစားနေကြတာပေါ့။

သူတို့ဟာ အဲဒီလို ပန်းမျိုးစုံတွေ အလျှံအပယ်ရှိနေတဲ့ ပန်းဥယျာဉ်တွေထဲမှာပဲ နေ့စဉ် ပျော်ပါးဆော့ကစားနေကြရင်း တစ်နေ့ တစ်နေ့မှာ အချိန်တွေ ဘယ်လို ကုန်လို့ကုန်သွားမှန်းတောင်မှ သတိ မပြုမိကြဘူးတဲ့။

တစ်နေ့မှာတော့ ပန်းနတ်သားလေးဟာ ပန်းဥယျာဉ်ထဲမှာ ပန်းလှလှလေးတွေကို ဟိုတစ်မျိုးဒီတစ်ပွင့် ရွေးစီ သီကုံးနေတယ်။ သူ့အပါးက နတ်သမီးချောလေးတွေကလည်း တစ်ချို့ ပန်းတွေကို

http://www.dhammadownload.com



ရွေးကောက်ပေးလို့။ တစ်ချို့က ဟိုနားဒီနားတွေဆီကနေ ပန်းကလေးတွေကို ကောက်ယူစီကုံး ပေးနေကြလေရဲ့။

တစ်ချို့နတ်သမီးချောတွေဆို ဟိုး··ခပ်မြင့်မြင့် ပင်ယံပေါ်ဆီတက်ပြီး ပန်းလှလှလေးတွေကို ဆွတ်ယူ ခြွေခူးပေးနေကြတယ်။

ဒီအချိန်မှာပဲ သူတို့ထဲက ပင်ယံမြင့်ပေါ် တက်ပြီး ပန်းခြွေခူးနေတဲ့ နတ်သမီးချောလေး တစ်ပါးဟာ ဖျက်ခနဲဆို ရုတ်တရက်ကြီး သေဆုံးသွားပါလေရော။

ဟော··သူတို့နတ်သား,နတ်သမီးတွေဆိုတာ နတ်သက်ကြွေလို့ သေတဲ့အခါမှာ လေတိုက်လို့ ငြိမ်းသွားတဲ့ ဖယောင်းတိုင်လိုပဲ။ လူ့ပြည်က လူတွေလို အလောင်းကောင် ကျန်မနေရစ်ပါဘူး။

ဒါကြောင့် ပန်းနတ်သားလေးနဲ့အတူ အဖော်နတ်သမီးတွေဟာ အဲဒီလို နတ်သမီးချောလေးတစ်ပါး ရုတ်တရက် သေဆုံးသွားတာကို တောင်မှ ဘယ်သူမှ ဂရုမပြုမိဘူးတဲ့။ သူတို့စိတ်တွေဟာ ပန်းအာရုံတောမှာပဲ နစ်မျောလို့ ပန်းအလုပ်တွေထဲမှာပဲ စိုးမိုးနေခဲ့ကြတာကိုး။

ဒါကြောင့်မို့လည်း အဲဒီလို သူတို့ရဲ့ အဖော်နတ်သမီးချောလေးတစ်ပါး သေဆုံးသွားတာကိုတောင်မှ နတ်သမီးတစ်ထောင်လုံးဟာ နဂိုပုံမပျက် မသိလိုက်မသိဘာသာပဲ နေနေကြတာပေါ့။

ဒါပေမယ့်လည်း သေဆုံးသွားတဲ့ နတ်သမီးချောလေးကတော့ သေပြီး,ပြီးရောလို့ ပျောက်ကွယ်သွားတာ မဟုတ်ဘူး။ ချက်ချင်းလူ့ပြည်ပြုတ်ကျပြီး သာဝတ္ထိမြို့မှာ မိန်းကလေးဖြစ် လာခဲ့တယ်။

အဲဒီမိန်းကလေးဟာ ထူးခြားစွာပဲ အရင်ဘဝကို ပြန်သိမြင်နိုင်တဲ့ ဉာဏ်ကိုပါ ရရှိလာတယ်။ ဒီတော့ အားအားရှိတိုင်းမှာ သူမဟာ အရင်ဘဝဟောင်းတုန်းက ပန်းနတ်သားလေးရယ်၊ အဖော်နတ်သမီးချောတွေရယ်နဲ့အတူ ပန်းဥယျာဉ်ကြီးထဲမှာ ပန်းမျိုးစုံတွေနဲ့

http://www.dhammadownload.com



တပျော်တပါး ဆော့ကစားနေပုံတွေကို တွေးရင်းတွေးရင်း လွမ်းဆွတ်သတိရနေတော့သတဲ့။

အဲဒီလို သတိရတိုင်းမှာလည်း 'ငါဟာ နတ်ပြည်ကို ပြန်သွားချင်လိုက်တာ။ နတ်ပြည် အမြန်ပြန်ရောက်အောင် ငါဘယ်လိုလုပ်ရပါ့မလဲ'လို့ သူမကိုယ်သူမ အမြဲကြံတွေးစဉ်းစားနေတယ်။

ဒီနောက်မှာတော့ 'ငါဟာ နတ်ပြည် ပြန်ရောက်ချင်ရင် ကောင်းမှု ကုသိုလ်တွေကို များများကြီးပြုရမှာပဲ' လို့ သူမကိုယ်တိုင်ပဲ သိနားလည်သွားခဲ့တယ်လေ။

အဲဒါကြောင့်လည်း သူမဟာ သိတတ်နားလည်တဲ့ အရွယ်ကစပြီး အဲဒီလို နတ်ပြည်ကို ပြန်ရောက်လိုစိတ်နဲ့ မျှော်ရည်မှန်းတရင်း ကုသိုလ်ကောင်းမှုတွေကို အများကြီး ပြုလုပ်တော့သတဲ့။

သူပြုသမျှ ကုသိုလ်တွေထဲမှာ အလှူဒါနတွေလည်း ပါသလို ဥပုသ်သီလ ဆောက်တည်တာတွေလည်း ပါတယ်။ တစ်ခါတစ်ရံမှာ မေတ္တာပို့မှု၊ တရားအားထုတ်မှုစတဲ့ ဘာဝနာတရားအလုပ်တွေကို တောင်မှ လုပ်ဖြစ်သေးသတဲ့။

ဒီလိုနဲ့ သူမဟာ ၁၆-နှစ် သမီးအရွယ် နုနယ်ပျိုမျစ်တုန်း။ လှတုန်းပတုန်း အချိန်မှာပဲ မိဘတွေရဲ့ အိမ်ထောင်ချပေးမှုကြောင့် လင်သားအိမ်ကို လိုက်ပါသွားခဲ့ရတယ်။

အိမ်ထောင်ကျပြီးတော့လည်း သူမဟာ အိမ်ရှင်မကောင်း တစ်ယောက်ဖြစ်အောင် အတတ်နိုင်ဆုံး ကြိုးစားနေထိုင်သွားရင်း တစ်ဖက်မှာလည်း ကုသိုလ်ကောင်းမှုတွေကို အရင်လိုပဲ ပြုမြဲပြုနေဆဲပဲတဲ့။

ဘာလို့လဲဆိုတော့ နတ်ပြည်မှာရှိတဲ့ ပန်းနတ်သားလေးရယ်၊ ပန်းအာရုံတွေရယ်နဲ့ နတ်ပြည်ပြန်ရောက်ချင်စိတ်ဟာ အခုထိကိုပဲ

http://www.dhammadownload.com



သူမရင်ထဲမှာ နစ်နစ်နဲနဲ စွဲနေတုန်း မြဲနေတုန်း ခိုင်နေတုန်းပဲကိုး။

ဒီတော့ သူမဟာ သူတစ်ပါးတွေထက်ပိုလို့ ကိုယ့်လင်ကို သစ္စာရှိစွာ ချစ်ကြင်နာတယ်။ ပြီးတော့ မြတ်မြတ်နိုးနိုး တန်ဖိုးထားပြီး အိမ်ဦးနတ်သဖွယ် ရှိသေလေးစားမှုလည်း ပြုလေ့ရှိသတဲ့။ ဒါတွင် ဘယ်ကမှာလဲ။ သူသိသမျှ လင်ယောကျ်ားအပေါ် ဖြည့်ကျင့်ရမယ့် မယားဝတ်တရား ငါးပါးဆိုတာကိုလည်း သူ ချန်မထားပါဘူး။

တကယ်တော့ သူမဟာ အဲဒီလို လင်သားအပေါ် သစ္စာရှိစွာ ချစ်ကြင်နာပြီး မယားဝတ္တရားနဲ့ ပြည့်စုံစွာ နေနေခဲ့တာတွေဟာ သူ့လင်သားကို ချစ်လွန်းလို့ရယ်ချည်း ဘယ်ဟုတ်လိမ့်မှာလဲ။ သူ့မရဲ့ အရင်နေရာဖြစ်တဲ့ နတ်ပြည်ကို အမြန်ပြန်ရောက်ချင်နေလို့ပေါ့။

လင်ဖြစ်သူကတော့ ဒါကို ဘယ်သိနိုင်ရှာမှာလဲ။ 'ငါ့ မယားဟာ ငါ့အပေါ် ကောင်းလွန်းလိုက်တာမှ လွန်ပါရော' လို့တောင် ထင်မှတ်နေတာ။ ဒီတော့ သူကလည်း တစ်လှည့်တစ်ဖန် ပြန်ပြီး မယားအလိမ္မာလေးအပေါ် နဂိုကထက် ပိုလို့ ချစ်ခင်ယုယ ကြင်နာလာ တယ်လေ။

ဒီလိုနဲ့ပဲ သူတို့လင်မယားဟာ အိမ်ထောင်သက်တမ်း တစ်လျှောက်မှာ ချစ်ခင်ပျော်ရွှင်စွာ နေလာရင်း သားသမီး ၄ ယောက် တောင် ရလာကြပြီ။ ဒီအချိန်မှာလည်း မိန်းကလေးရဲ့ နတ်ပြည် စိတ်စွဲဟာ မြဲနေတုန်း၊ ခိုင်နေတုန်းမို့ ကုသိုလ်ကောင်းမှုတွေကို အားပါးတရ ပြုလုပ်အားထုတ်နေတုန်းပါပဲ။

အဲဒီအချိန်မှာပဲ မိန်းကလေးဟာ မမျှော်လင့်ဘဲ ရောဂါတစ်ခုနဲ့ ရုတ်တရက် သေဆုံးသွားပြန်တယ်။

ဒီတစ်ခါသေတော့ သူ့မရဲ့ရုပ်အလောင်းဟာ လူ့ပြည်က လင် ယောကျ်ားနဲ့ သားသမီးတွေဆီမှာ ဝန်ထုပ်သဖွယ် ကျန်နေရစ်ခဲ့တာပေါ့။

http://www.dhammadownload.com



သူမရဲ့ ဝိညာဉ်ကတော့ ချက်ချင်းလက်ငင်းပဲ တာဝတိံသာနတ်ပြည်က ပန်းနတ်သားနဲ့ အဖော်နတ်သမီးချောတွေကြားမှာ ဘွားခနဲဆို နဂိုပုံ ဟန်အတိုင်း နတ်သမီးချောလေးတစ်ပါး သွားဖြစ်နေသတဲ့။

ဟော…လူ့ပြည်ကနေသေပြီး ပြန်ရောက်လာတဲ့ နတ်သမီး ချောလေးကို ပန်းနတ်သားလေးက အမှတ်ထင်ထင် လှမ်းတွေ့လိုက် ရပြီး 'ချစ်နှမ၊ မင်းစောစောက ပျောက်နေသလိုပဲ။ ဘယ်သွားနေ တာလဲ‥ ဟင်'လို့ လှမ်းမေးလိုက်တယ်။

ဒီအခါမှာ နတ်သမီးချောလေးက ပန်းနတ်သားနဲ့ အဖော် နတ်သမီးချောတွေကို လူ့ပြည်က သူ့ဘဝဖြစ်ကြောင်းစုံကို အကုန် ပြန်ပြောပြတာပေါ့။ နတ်သမီးချောလေးရဲ့ စကားကို နားထောင်ပြီး အဆုံးမှာ ပန်းနတ်သားလေးနဲ့ နတ်သမီးချောတွေ အားလုံးဟာ 'ဩော်… ဩော်‥ဩော်' ဆိုပြီး တအံ့တသြ ဖြစ်ကုန်ကြပါရော။

ဟုတ်တာပေါ့။ သူတို့ တာဝတိံသာနတ်ပြည်မှာက တစ်နေ့ တစ်ရက်ဆိုတဲ့ အချိန်ဟာ လူ့ပြည်မှာ နှစ်ပေါင်း တစ်ရာတိတိတောင် ကြာတာလေ။ ဒီတော့ နတ်သမီးချောလေးဟာ လူ့သက်တမ်းနဲ့ နှစ် ၄၀-လောက်အထိ လူဖြစ်ပြီး နတ်ပြည်ကို ပြန်ရောက်လာပေမယ့်လို့ နတ်ပြည်မှာ ပန်းနတ်သားလေးနဲ့ အဖော်နတ်သမီးချောလေးတွေဟာ ခုထိ ကလို့၊ ခုန်လို့၊ ပျော်ပါးလို့၊ ပန်းခြွေရူးလို့တောင်မှ မပြီးကြ သေးပဲကိုး။

ဒါကြောင့်ပဲ တအံ့တသြဖြစ်သွားတဲ့ ပန်းနတ်သားလေးက 'ချစ်နှမ၊ ဒီလောက်တောင် အသက်တိုလှတဲ့ လူတွေဟာ မောင်တို့ နတ်သားနတ်သမီးတွေလို ပျော်ချိန်ပါးချိန်ဆိုတာကော ရှိပါ့ဦးမလား ဟင်‥၊ ဘာလို့လဲဆိုတော့ လူတွေဟာ တစ်ခဏလေးနဲ့ တော်တော်ကြာ ငါ သေရတော့မှာပဲလို့ တွေးပြီး ကြောက်နေကြမယ်လို့ ထင်တယ်'။

http://www.dhammadownload.com




အဲဒီလို နတ်သမီးချောလေးကို လှမ်းမေးလိုက်တဲ့အခါမှာ နတ်သမီးချောလေးက ‘ဟင့်အင်း·· မောင်မောင်နတ်သား။ အဲဒီလို လုံးဝ မဟုတ်ပါဘူး။ မောင်မောင်ထင်တဲ့ အမြင်ဟာ အဖြစ်မှန်နဲ့ တက်တက်စင် လွဲတာပဲ။ နှမ တွေ့ခဲ့ရတဲ့ လူတွေဟာလေ ·တာကယ့်ကို မတော့မယ့်ပုံပဲ။ ပျော်မဆုံး··မော်မဆုံး· ဖြစ်နေကြတာပဲ’လို့ ပြန်ပြောလိုက်သတဲ့။

နတ်သမီးချောလေးရဲ့ စကားလည်းဆုံးရော ပန်းနတ်သား လေးဟာ နတ်သမီးချောတွေအားလုံးရဲ့ ရှေ့မှာပဲ ပန်းညည်းချင်းလေး တစ်ပုဒ်ကို အခုလို ကျူးရင့် မြွတ်ဆိုလိုက်တော့သတဲ့ကွယ်။

ပန်းအမျိုးစုံ
ကာမဂုဏ်ကို
အာရုံစွဲမက်
မခွဲရက်လည်း
ကွဲကွာရမြဲပါလေ·····။

(ယဉ်ကျေးလိမ္မာဓမ္မရသကလေးဂျာနယ်၊ အတွဲ ( ၂ ) အမှတ်(ဂ) ၂၀၀၆။)

http://www.dhammadownload.com



http://www.dhammadownload.com

# သူဌေးကြီး ဦးကပ်စေး

ရာဇဂြိုဟ်မြို့နဲ့ သိပ်မဝေးလှတဲ့ သက္ကာရဆိုတဲ့ ရွာကြီးမှာ ငွေသိန်းပေါင်း ၈-ထောင်ကျော် ကြွယ်ဝချမ်းသာတဲ့ သူဌေးကြီးတစ်ဦး ရှိသတဲ့။ သူဌေးကြီးရဲ့ နာမည်က 'ကောသိယ' လို့ခေါ်တယ်။

ဒါပေမယ့် ဂုဏ်နဲ့မလိုက်အောင်ပဲ အင်မတန်ကပ်စေးနဲလွန်းလို့ လူတွေကတော့ သူဌေးကြီးကို 'သူဌေးကြီးဦးကပ်စေး' လို့ပဲ ခေါ်ကြတာပေါ့။

သူဌေးကြီးဟာ ပစ္စည်းဥစ္စာတွေ အဲဒီလောက်တောင် ကြွယ်ဝချမ်းသာပေမယ့် ကပ်စေးနဲရာမှာတော့ ရှာမှရှားပဲ။ သူတစ်ပါးကို ပေးကမ်းဖို့ လှူဒါန်းဖို့ဆို အသာထား။ ကိုယ်တိုင်တောင်မှ မသုံးရက် မစားရက်နဲ့ မသဒ္ဓါသူပေါ့။

သူ့အိမ်မှာ သူဌေးကတော်ကြီးနဲ့ အိမ်သူအိမ်သား အလုပ်သမားတွေဆိုရင်လည်း မငတ်ရုံတမယ်မို့ ရွှေကျောင်းပြောင်ပြီး ဝမ်းခေါင်နေကြရရှာတယ်။

အဲဒါကြောင့်မို့လည်း အင်မတန်ချမ်းသာတဲ့ သူဌေးကြီး ဦးကပ်စေးရဲ့ စည်းစိမ်ဥစ္စာတွေဟာ သောက်လို့သုံးလို့ မရတဲ့ ပင်လယ်ထဲက ဆားငန်ရေတွေသဖွယ် ဖြစ်နေခဲ့တယ်လေ။

http://www.dhammadownload.com



တစ်နေ့မှာတော့ သူဌေးကြီးဟာ ဘုရင်မင်းမြတ် အမိန့်တော်ကြောင့် နန်းတော်ထဲ အခစားဝင်တယ်။ နန်းတော်ကအပြန် ရွာလမ်းတစ်နေရာမှာ အရောက်မှာတော့ လမ်းဘေးမုန့်ဆီကြော်သည် တစ်ယောက်ကို အမှတ်မထင် လှမ်းတွေ့လိုက်ရတယ်။

သူဌေးကြီး မြင်နေတုန်းမှာပဲ အလုပ်သမားတွေဟာ မုန့်ဆီကြော်တွေကို အားပါးတရ ဝယ်စားနေကြတယ်။ မုန့်သည်ထံက မုန့်ဆီကြော် ညှော်နံ့တွေက သူဌေးကြီးကို မုန့်စားချင်စိတ်တွေ အပြင်းအထန် ဖြစ်လာစေတာပေါ့။

ဒါပေမယ့် ဝယ်စားလိုက်ရင် ပိုက်ဆံကုန်သွားမှာကို တွေးပြီး မုန့်ဝယ်မစားဖြစ်ပါဘူး။ မကြာခင်မှာ မုန့်ဆီကြော် ညှော်နံ့တွေကြောင့် သူဌေးကြီးဗိုက်ထဲက အစာအိမ်စောင့်ပိုးတွေက ကလိထိုးလာကြတော့ သူဌေးကြီးခမျာ မနေနိုင်မထိုင်နိုင်ဖြစ်ကာ အူယားလာတာပေါ့။

အဲဒီလို မုန့်စားချင်စိတ်တွေ အငမ်းမရ ဖြစ်လာလေ 'ဘာပဲဖြစ်ဖြစ်ဟာ.. မုန့်ဆီကြော်တွေကို တစ်ဝကြီးကို ဝယ်စားတော့မယ်'လို့သူဌေးကြီး ကြိမ်းဝါးမိလေ ဖြစ်နေသတဲ့။

အဲဒီလိုနဲ့ နောက်ဆုံးမှာ မုန့်ဝယ်စားဖို့ ဆုံးဖြတ်ပြီး ပိုက်ဆံထုတ်ဖို့ ပြင်လိုက်တော့တယ်။ ဒီအချိန်မှာပဲ သူဌေးကြီးရဲ့ ကပ်စေးနှဲစိတ်ဟာ ရုတ်တစ်ရက် ဝင်လာပြန်ပြီး 'ဟင်... မဖြစ်သေးပါဘူး။ ဒီလိုဆို ငါ့ငွေတွေ အများကြီး ကုန်သွားမှာပေါ့။ အိမ်ရောက်မှပဲ ဆန်အကြမ်းနဲ့ မုန့်တွေအများကြီး ကြော်ခိုင်းတော့မယ်။ ဒီလိုဆို ငွေကုန်လည်း နည်းပြီး မုန့်တွေလည်း အများကြီး အားရပါးရ စားရနိုင်မယ်'လို့ တွေးပြန်သတဲ့။ ဒီလိုနဲ့ပဲ သူဌေးကြီးဟာ နောက်ဆုံးမှာ 'အိမ်ရောက်အောင် သည်းခံလိုက်ပါဦးကွယ်'လို့ ကိုယ့်စိတ်ကိုယ် ချော့သိပ်ပြီး ခပ်သုတ်သုတ်ပဲ အိမ်ပြန်လာခဲ့တော့တယ်။

http://www.dhammadownload.com



အိမ်ရောက်တော့ အလုပ်သမားတွေကို ခေါ်ပြီး မုန့်ကြော်ခိုင်းဖို့ ပြင်တယ်။ ဒီအခါမှာလည်း သူဌေးကြီးရဲ့ ကပ်စေးနှဲစိတ်က ဝင်နှောင့် လာပြန်ပါရော။

'အင်း၊ ငါ့အလုပ်သမားတွေကို မုန့်ကြော်ခိုင်းတာတော့ ဟုတ်ပြီ။ ဒါပေမယ့် ငါစားနိုင်ရင် အလွန်ဆုံးမှ မုန့် ၂ ချပ်၊ ၃ ချပ် ရယ်။ သူတို့တွေက မုန့်အများကြီးကြော်ပြီး ဝိုင်းစားကြရင် ငါ့ငွေတွေ အများကြီးကုန်ရော့မယ်' လို့ တွေးမိပြန်တာပေါ့။

ဒီလိုနဲ့ပဲ ငွေကုန်မှာကြောက်ပြီး သူဌေးကြီးရဲ့ မုန့်စားချင် စိတ်ဟာ နေ့ရွေ့ညရွေ့နဲ့ တစ်နေ့ထက်တစ်နေ့ ပိုပိုပြီး ကြီးမား ထွားကြိုင်းလာသတဲ့။

အဲဒီစိတ်ကြောင့်ပဲ သူဌေးကြီးဟာ တစ်နေ့တခြား ပိန်ချုံးကျ လာတယ်။ စိတ်မရှင်တော့ လူမလန်းနိုင်ဘဲ တဖြေးဖြေး ညှိုးနွမ်း သွေ့ခြောက်ကာ ကုတင်ပေါ်မှာ ဗုန်းဗုန်းလဲရတော့ရှာတယ်လေ။

သူဌေးကြီး အဲဒီလို ဖြစ်ပျက်ခံစားနေရပုံကို ရိပ်မိသူကတော့ သူဌေးကတော်ကြီးပေါ့။ သူက သူဌေးကြီးကို မရမက မေးမြန်းစုံ စမ်းပြီး အဖြစ်မှန်ကို သိရတဲ့အခါမှာ 'အရှင်သူဌေးမင်းရယ်၊ ရှင်ဟာ အတော့်ကို ဆင်းရဲမွဲတေနေလို့လား၊ ဒါလေးများ ဖြစ်နေလိုက် တာတော်။ ဒီနေ့မှာပဲ အရှင်သူဌေးမင်းနဲ့ တစ်ရွာလုံးက လူတွေ စားလောက်အောင် ကျွန်မ မုန့်ကြော်ပေးပါ့မယ်' လို့ ပြောသတဲ့။

သူဌေးကတော်ရဲ့စကားလည်း ကြားရရော သူဌေးကြီးဟာ မျက်လုံးမျက်ဆန်တွေ ပြူးကျယ်သွားပြီး မူးမေ့မသွားအောင်တောင် မနည်း ထိန်းလိုက်ရတယ်။

ပြီးမှ 'ရှင်မရယ်၊ မင်းချမ်းသာတယ်ဆိုတာ ငါသိပါတယ်။ ဒါပေမယ့် ငါ့ငွေတွေကိုတော့ အခြားလူတွေအတွက် နှမ်းတစ်ခြမ်း

http://www.dhammadownload.com



လောက်တောင် အထိမခံနိုင်ဘူး’လို့ ပြန်ပြောလိုက်တယ်။

သူဌေးကတော်က ‘သူဌေးမင်းရယ်၊ ဒီလိုဆိုရင်လည်း ရှင့်မိသားစုနဲ့ အိမ်နီးချင်းတွေအတွက်ပဲ ကြော်လိုက်ပါ့မယ်’လို့ ပြောပြန်တယ်။ ဒီအခါမှာလည်း သူဌေးကြီးက ‘ဒီမှာ·· ရှင်မ၊ မင်းဘယ်လောက်တောင် ရက်ရောတယ်ဆိုတာ ငါသိတယ်။ ဒီအိမ်နီးနားချင်းတွေနဲ့ရော ငါနဲ့ ဘာများ ပတ်သတ်နေလို့လဲ။ သူတို့အတွက်လည်း ငါ မကျွေးနိုင်ဘူး’လို့ ခပ်မာမာလေသံနဲ့ လှမ်းအော်ပြောပြန်တယ်။

ပြီးတဲ့အခါမှာ သူဌေးကြီးက ‘ ရှင်မ၊ မုန့်စားချင်တာက ငါတစ်ယောက်ထဲပဲ။ ဒီတော့ ဘယ်သူ့အတွက်မှ ပိုမကြော်နဲ့။ ငါ့အတွက် မုန့်တစ်ချပ်နှစ်ချပ်ဆို ရပြီ’လို့ ပြောပြီး မုန့်ကြော်ဖို့ ခွင့်ပြုလိုက်သတဲ့။

သူဌေးကတော်ကြီးလည်း သူဌေးကြီးအလိုကျ တစ်ယောက်စာ မုန့်ကြော်ဖို့အတွက် ဘယ်သူမှ မသိအောင် စီမံရတော့တာပေါ့။ ဒါကြောင့် သူဌေးကြီးနဲ့ သူဌေးကတော်တို့ဟာ တခြားလူတစ်ယောက်မျှမသိအောင် ခုနစ်ထပ်တိုက်ရဲ့ အပေါ်ဆုံးထပ်ကို တက်ပြီး အောက်ထပ်တံခါးတွေကို အလုံပိတ်ကာ တိတ်တိတ်ခိုးပြီး မုန့်ကြော်ကြရသတဲ့။

မုန့်ကြော်လို့ သုံးလေးချပ်ပြီးသွားချိန်မှာ သူဌေးကြီးက နောက်ဆုံး မုန့်အချပ်ကြီးကို ကြော်ခိုင်းလိုက်တယ်။ ဒီတစ်ချပ်ပြီးရင် အားရပါးရ စားဖို့အတွက် ကြော်နေဆဲ မုန့်အချပ်ကြီးကို အနားကနေ သွားရေတွေ အရွှဲသားနဲ့ သူဌေးကြီး ထိုင်ကြည့်နေတယ်။ ဒီအချိန်မှာ မမျှော်လင့်ဘဲ ပြတင်းတံခါးနားက ဘွားခနဲဆို ရဟန်းတော်တစ်ပါး ဆွမ်းခံရပ်ကာ ပေါ်ထွက်လာတယ်။

http://www.dhammadownload.com



ရဟန်းတော်ကို လှမ်းမြင်လိုက်ရတော့ သူဌေးကြီးခမျာ ပါးစပ် အဟောင်းသားနဲ့ တအံ့တသြ ဖြစ်သွားတယ်။ ဘယ်သူမှ မသိအောင် တံခါးတွေ အလုံပိတ်ပြီး ခုနစ်ထပ်တိုက်ပေါ်မှာ မုန့်ကြော်ကာမှ အခုလို ရဟန်းတစ်ပါးကို တွေ့ရတော့ သူ့ကိုယ်သူ မယုံနိုင် ဖြစ်သွားတာပေါ့။

အဲဒီလို သူဌေးကြီးထံ ဈာန်ယာဉ်စီးပြီး ကောင်းကင်ခရီးနဲ့ မုန့်အလှူခံကြွလာတဲ့ ရဟန်းတော်ကတော့ အခြားမဟုတ်ပါဘူး။ တန်ခိုးအရာမှာ အကြီးမြတ်ဆုံးဖြစ်တဲ့ မြတ်စွာဘုရားရှင်ရဲ့ လက်ဝဲရံ အရှင်မောဂ္ဂလာန် မထေရ်မြတ်ကြီးပဲလေ။

မထေရ်မြတ်ဟာ အလွန်ကပ်စေးနှဲတဲ့ သူဌေးကြီးကို သူ့ရဲ့ ကပ်စေးနှဲ ဝတ်ရုံလွှာကြီးကို ချွတ်ချပေးဖို့အတွက် ဒီနေ့ကိုမှရွေးပြီး ကြွလာတော်မူတာ။ ဒီအချိန်မှာ စိတ်အနှောက်အယှက် ဖြစ်သွားတဲ့ သူဌေးကြီးကတော့ 'အရှင်ရဟန်း၊ ဒီကို ဘာလာရှုပ်တာလဲ'လို့ မထေရ်မြတ်ကို ဒေါသသံနှောပြီး လှမ်းအော်မေးလိုက်တယ်။

မထေရ်မြတ်က 'သူဌေးကြီး၊ ကျုပ်လည်း သင့်လိုပဲ မုန့် စားချင်လို့ပါ'လို့ ပြန်မိန့်တော်မူတယ်။ သူဌေးကြီးက 'အို-အရှင်ရဟန်း၊ အိပ်မက်မက်မနေနဲ့၊ ဒီနေရာမှာ သင့်အတွက် မုန့်တစ်ဖဲ့စာတောင် မရှိဘူး။ သင်ဟာ တန်ခိုးအစွမ်းနဲ့ ဈာန်ယာဉ်စီးပြီး ဒီကို လာနိုင်ရုံ မကလို့ သင့်တန်ခိုးနဲ့ အခိုးအလျှံတွေလွှင့်ထုတ်လည်း မုန့်စားရမှာ မဟုတ်ဘူး'ပြောလိုက်တယ်။

အဲဒီလို သူဌေးကြီးရဲ့ စကားကို ကြားလိုက်ရတယ်ဆိုရင်ပဲ အရှင်မြတ်က သူဌေးကြီးပြောတဲ့အတိုင်း တန်ခိုးအစွမ်းနဲ့ အခိုးလျှံတွေကို အခန်းပြည့်အောင် လွှင့်ထုတ်လိုက်တော့သတဲ့။ မုန့်ကြော်နေတဲ့ တစ်ခန်းလုံးကို အခိုးအလျှံတွေ လွှမ်းမိုးသွားတယ်။ ဒီအခါမှာ သူဌေးကြီးက ထပ်ပြီး 'အရှင်ရဟန်း၊ သင်ဟာ အခိုးတွေ လွှတ်ရုံ

http://www.dhammadownload.com



မကလို့ မီးလျှံတွေလွှတ်လည်း မုန့်စားရမှာ မဟုတ်ပါဘူး' လို့ ထပ်ပြော လိုက်ပြန်သတဲ့။

ဒီအခါမှာလည်း သူဌေးကြီးပြောတဲ့အတိုင်းပဲ အရှင်မြတ်က မီးလျှံတွေကို လွှတ်လိုက်ပြန်တယ်။ ဒီတစ်ခါတော့ တစ်ခန်းလုံး ပြည့် နေတဲ့ မီးလျှံတွေကို မြင်ရပြီး သူဌေးကြီး အတော့်ကို ထိတ်လန့် တုန်လှုပ်သွားတယ်။

'ဒုက္ခပါပဲ၊ ဒီအရှင်ရဲ့တန်ခိုးကြောင့် တစ်ခန်းလုံး မီးလောင် မှဖြင့် ငါလည်း မုန့်တစ်ချပ်မှ မစားရဖြစ်တော့မယ်။ သူ့ကို မုန့် သေးသေးတစ်ခုလုပ်ပြီး ခပ်မြန်မြန် ပေးလိုက်တာက အေးပါတယ်' လို့ တွေးပြီး သူဌေးကတော်ကြီးကို အသေးဆုံး မုန့်တစ်ခုကို အမြန် ကြော်ခိုင်းလိုက်တယ်။

သူဌေးကတော်ကြီးလည်း မုန့်နှစ်နည်းနည်းလေး ထည့်ပြီး မုန့်သေးသေးလေးတစ်ခု ကြော်တယ်။ ကြော်နေတုန်းမှာပဲ အဲဒီမုန့်ဟာ ရောမ မုန့်ချပ်ကြီး ဖြစ်သွားတယ်။ 'ဒီမုန့်က သိပ်ကြီးလွန်းတာပဲ' ဆိုပြီး သူဌေးကြီးကိုယ်တိုင် မုန့်တစ်ခုကို ထပ်ကြော်ပြန်ရော။

သူဌေးကြီး ကိုယ်တိုင်ကြော်ကာမှ အဲဒီမုန့်က စောစောက မုန့်ထက် ပိုကြီးသွားပြန်သတဲ့။ ဒီလိုနဲ့ မုန့်သေးသေးကို ရွေးကြော်လေ မုန့်အကြီးကြီးတွေပဲ ဖြစ်သွားလေနဲ့ တောင်းထဲမှာ မုန့်တွေဟာ အရမ်းကို များလာတော့တာပေါ့။

နောက်ဆုံးတော့ သူဌေးကြီးလည်း စိတ်မရှည်နိုင်တော့ဘဲ လက်လျှော့ပြီး မထေရ်မြတ်ကို မုန့်ကြီးတစ်ချပ် ကပ်လှူခိုင်းလိုက်တယ်။ သူဌေးကတော်က အရှင်မြတ်ကို ကပ်လှူဖို့ မုန့်တစ်ခုကို ဆွဲထုတ်တဲ့ အခါမှာ မုန့်အားလုံးဟာ တောင်းထဲမှာ ကျန်မနေလိုသလို အကုန်လုံး ပူးကပ်လိုက်ပါလာကြတယ်။

http://www.dhammadownload.com



သူဌေးကတော်ကြီးလည်း မုန့်တစ်ချပ်ကို ဘယ်လိုမှ ခွဲခွာလို့ မရဘူး။ သူဌေးကြီးပါ ဝင်ပြီး နှစ်ယောက်အားနဲ့ ခြေကန် ခွဲခွာကြရင်း ချွေးဒီးဒီးကျ မောဟိုက်လာကြတယ်။ သူတို့ အဲဒီလို ဖွဲကောင်း ကောင်းနဲ့ ခွဲခွာကြပေမယ့် တောင်းထဲက မုန့်တွေကတော့ တစ်ချပ်နဲ့ တစ်ချပ် မခွဲမခွာဘဲ သစ္စာရှိစွာ ပူးကပ်ဖက်တွယ်နေကြမြဲပဲလေ။

အခုတော့ သူဌေးကြီးခမျာ မုန့်ခွဲခွာရတာကြောင့် အရမ်းကို ပင်ပန်းနွမ်းဟိုက်ပြီး မုန့်စားချင်စိတ်တွေလည်း ကြက်ပျောက် ငှက်ပျောက် ပျောက်ကုန်ခဲ့ပြီ။

ဒါကြောင့် အင်မတန် စိတ်ဓာတ်ကျသွားပြီး 'ရှင်မရေ၊ ဒီရဟန်းကို မုန့်တစ်တောင်းလုံးသာ အကုန်လှူလိုက်ပါတော့ကွယ်' လို့ ပြောလိုက်ရှာတယ်။

ဒီအခါမှာ အရှင်မြတ်က သူဌေးကြီးလင်မယားကို အလှူ ဒါနရဲ့ အကျိုးတရားနဲ့အတူ ရတနာမြတ်သုံးပါးရဲ့ ဂုဏ်ကျေးဇူးတွေကို ဟောညွှန်ပြပါတယ်။ တရားတော်ကို နာပြီးတဲ့အခါမှာတော့ သူဌေးကြီးဟာ မထေရ်မြတ်ကို အလွန်ကြည်ညို လေးမြတ်ပြီး ရှိခိုးကန်တော့လိုက်တယ်။ ပြီးတော့ ထက်သန်ရွှင်လန်းတဲ့ စိတ်နဲ့ အရှင်မြတ်ကို မုန့်ဆီကြော်တွေ လှူဒါန်းတော့သတဲ့။

အရှင်မြတ်လည်း သူဌေးကြီးရဲ့ မုန့်တွေကို သုံးဆောင်တော် မမူဘဲ မြတ်စွာဘုရားနဲ့ သံဃာတော်တွေကိုပါ ကပ်လှူဖို့ တိုက်တွန်းပြီး သူဌေးကြီး လင်မယားကို တန်ခိုးနဲ့ ဇေတဝန်ကျောင်းတော်ကို ခေါ်ဆောင်သွားခဲ့တယ်။

ကျောင်းတော်ကိုလည်းရောက်ရော သူဌေးကြီးလင်မယားဟာ မုန့်တွေကို မြတ်စွာဘုရားနဲ့ သံဃာတော်တွေအားလုံးကို ဆက်ကပ် လှူဒါန်းကြတယ်။ ပြီးတော့ လာလာသမျှ ဧည့်ပရိသတ်တွေနဲ့

http://www.dhammadownload.com



ခရီးသွား ခရီးလာတွေကိုပါ အဲဒီမုန့်တွေနဲ့ ညှိခံကျွေးမွေး လှူဒါန်းကြပြန်သတဲ့။


အဲဒီလို လှူဒါန်းကျွေးမွေးကြပေမယ်လို့ အဲဒီမုန့်တွေဟာ ကုန်ခမ်းလျော့နည်းသွားတယ်ရယ်လို့ကို မရှိဘူး။ လျော့သွားတဲ့နေရာတိုင်းမှာ ပြန်ပြန်ပြီး ပြည့်လာမြဲ ဖြစ်နေသတဲ့။

နောက်ဆုံးမှာ မြတ်စွာဘုရားထံ ခွင့်ပန်လျှောက်ကြားပြီး သူဌေးကြီးဦးကပ်စေးလှူဒါန်းတဲ့ မကုန်နိုင်တဲ့ မုန့်တွေကို ရေအိုင်ထဲမှာ စွန့်ပစ်လိုက်ကြရတယ်လေ။

အားလုံးပြီးတဲ့အခါမှာတော့ မြတ်စွာဘုရားထံက တရားတော်ကို နာကြားရပြီး သူဌေးကြီးဦးကပ်စေးတို့ ဇနီးမောင်နှံဟာ အဲဒီနေ့ကစလို့ နောက်နောင်မှာ ဘယ်သောအခါမှ ကပ်စေးမနဲ့တော့တဲ့ သောတာပန်အရိယာကြီးတွေ ဖြစ်သွားကြသတဲ့ကွယ်။

(ယဉ်ကျေးလိမ္မာမွေ့ရာကလေးဂျာနယ်၊ အတွဲ ၂ အမှတ် ၂၅ ၊ ၂၀၀၆။)

http://www.dhammadownload.com



http://www.dhammadownload.com

# ရွှေငါးကြီးရဲ့ ကံကြမ္မာ

တစ်ခါတုန်းက သာဝတ္ထိမြို့အနီးက တံငါရွာကြီးမှာ တံငါသူကြီးရဲ့သားနဲ့ သူငယ်ချင်းအဖွဲ့ဟာ အစိရဝတီမြစ်ထဲ ငါးဖမ်းထွက်ကြရင်း ထူးဆန်းတဲ့ ရွှေငါးကြီးတစ်ကောင်ကို ဖမ်းမိကြသတဲ့။ ငါးကြီးဟာ အင်မတန် ကြီးမားပြီး တစ်ကိုယ်လုံး ရွှေအဆင်းလို ဝါဝင်းလှပနေသတဲ့။

တံငါသားတွေဟာ အဲဒီလိုထူးဆန်းတဲ့ ရွှေငါးကြီးမျိုးကို တစ်ခါမှ မမြင်ဖူးကြတော့ တစ်ရွာလုံး အုတ်အုတ်ကျက်ကျက်နဲ့ ငါးထူးဆန်းကြီးကို လာရောက်ကြည့်ရှုကြတာပေါ့။

တံငါသူကြီးက 'ဒီငါးထူးဆန်းကြီးကို ဘုရင်မင်းကြီးထံ အပ်နှံလိုက်ရင် ဆုတော်ငွေတွေ အများကြီးရလိမ့်မယ်'လို့ စဉ်းစားမိလိုက်တယ်။ ဒါကြောင့် လှေတစ်စင်းနဲ့ ရွှေငါးကြီးကို တင်ပြီး ဘုရင်မင်းမြတ်ထံဆက်သဖို့ သာဝတ္ထိမြို့ကို တက်လာကြတယ်။

မြို့ကိုရောက်တော့ နန်းတော်ထဲဝင်ပြီး ကောသလဘုရင်မင်းမြတ်ထံ ဆက်သကြတာပေါ့။ ဘုရင်ကြီးကလည်း အဲဒီငါးထူးဆန်း

http://www.dhammadownload.com



ကြီးကို အင်မတန် စိတ်ဝင်စားပြီး ငါးကြီးအကြောင်းကို သိလိုစိတ် ပြင်းပြလာတယ်။ ဒါကြောင့် ဘုရင်ကြီးဟာ ငါးကြီးအကြောင်းကို မြတ်စွာဘုရားထံ မေးမြန်းလျှောက်ထားဖို့ ကြံရွယ်ကာ တံငါသား တွေနဲ့အတူ ရွှေငါးကြီးကို ယူဆောင်စေပြီး ဇေတဝန်ကျောင်းတော်ကို သွားကြသတဲ့။

ကျောင်းကို ရောက်တော့ ဘုရင့်အမတ်ကြီးတွေဟာ ရွှေငါးကြီးရဲ့ပါးစပ်ကို ဖွင့်ဟကြည့်ကြတယ်။ ဒီအခါမှာ ရွှေငါးကြီးရဲ့ ပါးစပ်ထဲကနေ အပုပ်ညှီနံ့တွေဟာ တစ်ကျောင်းလုံး လှိုင်နေအောင် နံ့ဟောင်လာသတဲ့။ ပုပ်စော်နံလွန်းတာမို့ အချို့ဆို နှာခေါင်း တွေကို တောင်မှ ပိတ်ထားကြရသတဲ့။

ကောသလဘုရင်ကြီးဟာ 'ရွှေအဆင်းလို ဝါဝင်းလှပနေရုံ မဟုတ်ဘဲ ပါးစပ်ထဲမှာလည်း အပုပ်နံ့တွေ လှိုင်နေခဲ့တဲ့ ရွှေငါးကြီး အကြောင်းကို သိလိုစိတ်ပြင်းပြပြီး မြတ်စွာဘုရားထံ မေးမြန်းလျှောက် ထားတော့သတဲ့။

××××××××××

ဟိုး...လွန်ခဲ့တဲ့ ကဿပမြတ်စွာဘုရား ပွင့်တော်မူစဉ် အချိန် တုန်းကပေါ့။ ဗာရာဏသီမြို့မှာ မောင်သာဂတနဲ့ မောင်ကပိလဆိုတဲ့ ညီအစ်ကိုနှစ်ယောက် ရှိကြတယ်။ သူတို့မှာ အမေမုဆိုးမကြီးရယ်၊ တာပနာဆိုတဲ့ ညီမလေးတစ်ယောက်ရယ်လည်း ရှိသတဲ့။

သူတို့ညီအစ်ကိုနှစ်ယောက်လုံးဟာ အရွယ်ရောက်လာချိန်မှာပဲ သာသနာ့ဘောင်ထဲဝင်ပြီး ရှင်ရဟန်းဝတ်သွားကြတယ်။ မကြာခင်မှာ အမေမုဆိုးမကြီးနဲ့ ညီမငယ် တာပနာလေးတို့လည်း သူတို့နောက်လိုက် ကာ သီလရှင်ဝတ်လိုက်ကြတယ်။

http://www.dhammadownload.com



ဒါကြောင့် သူတို့သားအမိလေးယောက်စလုံးဟာ အိမ်ရာမထောင်တဲ့ သာသာနာ့ဘောင်ထဲကို မရှေးမနှောင်း ရောက်ရှိသွားခဲ့ကြတာပေါ့။

တကယ်တော့ သာသနာ့ဘောင်ဆိုတာဟာ မိန်းမ,ယောကျာ်း၊ သူဌေးသား,ဆင်းရဲသားဆိုပြီး ခွဲခြားမှု လုံးဝ မရှိပါဘူး။ ဘယ်သူမဆို အဆင့်အတန်းမရွေး၊ ဘာသာလူမျိုးမရွေးဘဲ အချိန်မရွေး သာသနာ့ ဘောင်ထဲကို ဝင်လို့ရတာပဲလေ။

ဒါပေမယ့် တစ်ခုရှိတာက သာသနာ့ဘောင်မှာ နေသူဟာ သာသနာပြုအလုပ်ကိုပဲ လုပ်ရတယ်။ 'သာသနာ'ဆိုတာက မြတ်ဘုရားရှင်ရဲ့ အဆုံးအမတွေပဲ။ သာသနာပြုတယ် ဆိုတာကတော့ အဲဒီအဆုံးအမ တရားတွေကို ကိုယ့်ရင်ထဲမှာတည်အောင်၊ ပြီးမှ သူတစ်ပါးတွေထံမှာတည်အောင် ပြုလုပ်ရတာမျိုးပေါ့။

အဲဒီအလုပ်ကလည်း နှစ်မျိုးပဲရှိတာ။ မြတ်ဘုရားရှင်ရဲ့ အဆုံးအမ တရားတော်တွေကို သင်ယူပို့ချပောပြောတာရယ်။ ပြီးတော့ ကိုယ်တိုင်ကိုယ်ကျ ကျင့်ကြံအားထုတ်တာရယ်တဲ့။

ဒီတော့ အစ်ကိုကြီးသာဂတက နံပါတ် ၂ အလုပ်ကိုရွေးပြီး ကိုယ်တိုင် တရားကျင့်ကြံ အားထုတ်တယ်။ သူဟာ ၅ နှစ်လောက် အကြာမှာပဲ တရားထူးသိမြင်လို့ ဘဝဇာတ်သိမ်းပြီး ခန္ဓာကိုယ်ဆိုတဲ့ မီးအိမ်ကြီးကို ထာဝရ ငြိမ်းသတ်သွားနိုင်တဲ့ ရဟန္တာမထေရ်မြတ်တစ်ပါး ဖြစ်သွားခဲ့တယ်။

ညီဖြစ်သူ ကပိလရဟန်းကတော့ 'ငါက အသက်လည်း ငယ်တယ်။ အရွယ်လည်း နုပျိုသေးတယ်။ တရားအလုပ်ဆိုတာ အသက်ကြီးပြီး အိုမင်းမစွမ်းမှ အားထုတ်ကြတာပဲ'လို့ စဉ်းစားပြီး နံပါတ် ၁-အလုပ်ကိုရွေးကာ စာပေကျမ်းဂန်တွေကို ကြိုးစားသင်ယူ နေသတဲ့။

http://www.dhammadownload.com



သူဟာ ဉာဏ်လည်း အလွန်ကောင်းပြီး အပြင်းအထန် ကြိုးစားသင်ယူမှုလည်း ရှိတာကြောင့် နှစ်အနည်းငယ်အတွင်းမှာပဲ ပိဋကတ်သုံးပုံတတ်ကျွမ်းတဲ့ ကျမ်းဂန်တတ် ရဟန်းတစ်ပါး ဖြစ်သွားသတဲ့။

အဲဒီနောက်မှာတော့ သူဟာ ကျောင်းမှာနေရင်း ကိုရင်ငယ်လေးတွေနဲ့ ရဟန်းပျိုလေးတွေကို စာပေသင်ကြားပို့ချပေးတဲ့ စာချဆရာလည်း လုပ်တယ်။ ပြီးတော့ နယ်တကာလှည့်ပြီး တရားဟောတဲ့ တရားဟောဆရာလည်း လုပ်သတဲ့။

အဲဒီလိုနဲ့ နှစ်အနည်းငယ်အတွင်းမှာ စာပေတတ်ကြီးဖြစ်တဲ့ ကပိလရဟန်းဟာ နာမည်လည်းကြီးလာပြီး ဘုန်းမီးနေလ ထွန်းတောက်ပ လာသတဲ့။ ဒီအချိန်ဟာ သူမှာ လာဘ်သပ်ပကာ အလွန်ပေါပြီး တပည့်အခြွေအရံတွေဆိုလည်း ကြိတ်ကြိတ်တိုးအောင် များဆိုပဲ။

ဟုတ်မှာပေါ့လေ။ လောကဆိုတာမျိုးက ပညာကလည်း တတ်၊ နာမည်ကလည်းကြီးပြီး ဘုန်းကံတွေလည်း ထွန်းတောက်လာပြီဆိုတဲ့ အခါမျိုးတွေမှာ အဲဒီလိုပုဂ္ဂိုလ်မျိုးတွေထံ လူတွေဟာ သူ့ထက်ငါဦးအောင် အလုအယက် တိုးဝင်ခိုကပ်လာစမြဲကိုး။

အဲဒီလို အရှင်ကပိလရဟန်းရဲ့ စိတ်ထဲကို တိုးဝင်ခိုကပ်နေလာသူတွေအထဲမှာ 'ငါ'ဆိုတဲ့ ပညာမာန်ကလေးကလည်း တစ်ဦး အပါအဝင်ပဲတဲ့။

သူ့ကိုယ်ကို 'ငါ့ထက်တတ်သူ၊ တော်သူ မရှိ။ ငါသာသိ ငါသာတတ်' လို့ စိတ်ကြီးဝင် ဘဝင်မြင့်လာခဲ့တယ်။ တစ်ခါတစ်ရံ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးတွေရဲ့ ပြောဆိုဆုံးမမှုကိုတောင်မှ အရေးလည်း မလုပ်ဘူး။ နားလည်း မထောင်တော့ဘူးတဲ့။

အဲဒီလို မထေရ်ကြီးတွေအပေါ်မှာ ရိုသေကိုင်းရှိုင်းမှု 'ဂါဝရ

http://www.dhammadownload.com



တရား' မဲ့လာသလို ကိုယ့်ကိုယ်ကို နှိမ်ချမှုဆိုတဲ့ 'နိဝါတ တရား'ကလည်း မရှိသလောက်ဆိုပဲ။

ပိုဆိုးတာကတော့ 'ငါပြောတာမှ အဟုတ်။ ငါလုပ်တာပဲ အမှန်'ရယ်လို့ အစွန်းရောက်အမြင်နဲ့ ထင်ရာ စိုင်းပြီး စိတ်ရိုင်း ဝင်လာခဲ့တာလေ။

အဲဒီအချိန်မှာ အမေနဲ့ နှမငယ်လေးတာပနာတို့ကလည်း ဘုန်းကြီးလာဘ်ပေါဖြစ်နေတဲ့ အရှင်ကပိလအနားမှာပဲ တစ်ဖဝါးမခွာ မြှောက်ထိုးပင့်ကော်လိုမျိုး လုပ်ပေးနေကြလေရဲ့။

မကြာခင်မှာတော့ ရဟန္တာဖြစ်နေတဲ့ နောင်တော်ကြီးမထေရ်က ဒီသတင်းကို ကြားသိရပြီး သူတို့သားအမိအပေါ် ကရုဏာသက်သွားခဲ့ တယ်။

ဒါကြောင့် ညီငယ်ကပိလထံ အလျင်အမြန် ကြွလာပြီး စိတ်ကြီးဝင် ငါသိငါတတ် လုပ်နေတာတွေကို အချိန်မှီ ပြုပြင်ဆင်ခြင်ဖို့ သတိပေးဆုံးမတယ်။ ဒါပေမယ့် ညီကပိလကတော့ ဘယ်လိုမှ နားမဝင်နိုင်ရှာတော့ဘူး။ 'ငါသာအမှန်'ဆိုတဲ့ လွဲမှားတဲ့ မာနအစွဲဟာ သူ့ရင်ထဲမှာ ခိုင်မြဲနေတော့တာပဲတဲ့။

အဲဒီလိုနဲ့ ပညာတတ်ကြီးဖြစ်ပြီး ကိုယ့်ကိုယ်ကို အထင်ကြီး စိတ်ကြီးဝင်ပြီး အစွန်းရောက်ခဲ့တဲ့ ကပိလရဟန်းဟာ အဲဒီဘဝကနေ သေလွန်တဲ့အခါမှာတော့ အဝီစိငရဲကို ရောက်သွားရရှာသတဲ့။

ငရဲမှာ နှစ်ပေါင်းများစွာ ဆင်းရဲမျိုးစုံကို တစ်ဝကြီး ခံစားရကာ အခုဘုရားရှင် ပွင့်တော်မူလာချိန်မှ ငရဲလွတ်ပြီး အစိရဝတီမြစ်ထဲမှာ အခုလို ထူးဆန်းတဲ့ရွှေငါးကြီး လာဖြစ်နေရှာတာပေါ့။

တကယ်တော့ အဲဒီရွှေငါးကြီးဟာ ကပိလရဟန်းဘဝတုန်းက တရားစာပေတွေကို သင်ယူပို့ချဟောကြားခဲ့တဲ့ ကုသိုလ်ကံတွေကြောင့်

http://www.dhammadownload.com



သာ ရွှေအဆင်းလို ပဝင်းလှပနေတာတဲ့။ ပြီးတော့ ငါဆိုတဲ့ မာနအစွဲနဲ့ စိတ်ရိုင်းတွေဝင် ထင်ရာစိုင်းပြီး ရိုင်းခဲ့တာမို့ ငါးကြီးရဲ့ ပါးစပ်ထဲမှာ အပုပ်နံ့တွေ အပြည့်လှိုင်နေရှာသတဲ့။

မြတ်စွာဘုရားက အဲဒီလို ငါကြီးရဲ့ ဖြစ်ရပ်မှန်ဇာတ်ကြောင်းကို ပြန်ပြောင်းဟောကြားတော်မူပြီးချိန်မှာ ကောသလဘုရင်ကြီးနဲ့ ပရိသတ်တွေဟာ ငါးကြီးကို သနားကြင်နာစိတ်နဲ့ ဝိုင်းအုံကြည့်ကြပြန်တယ်။ ဒီအချိန်မှာ မြတ်စွာဘုရားက ငါးကြီးနားကို ကြွတော်မူပြီး··

'အသင်ရွှေငါးကြီး၊ သင်ဟာ ကပိလရဟန်းဖြစ်ခဲ့တာ ဟုတ်ရဲ့လား' လို့ မေးတော်မူလိုက်တယ်။ ရွှေငါးကြီးက မစိုင်းမတွဘဲ 'ဟုတ်ပါတယ် အရှင်မြတ်ဘုရား' လို့ ပြန်ဖြေတယ်။

ပရိသတ်တွေဟာ ငါကြီးရဲ့ လူ့စကားနဲ့ ပြန်ဖြေသံကို ကြားလိုက်ရတာကြောင့် ပိုပြီးစိတ်ဝင်တစားနဲ့ ဝိုင်းအုံကြည့်ကြ ပြန်တာပေါ့။ မြတ်စွာဘုရားက အခုလို ထပ်မေးတော်မူပြန်တယ်။

'ရွှေငါးကြီး၊ သင် အခု ဘယ်ကနေလာခဲ့သလဲ'

'အဝီစိငရဲက လာခဲ့ပါတယ်ဘုရား'

'ဒါဆို သင့်နောင်တော် သာဂတရဟန်းကရော ဘယ်ရောက်သွားလဲ' 'နိဗ္ဗာန်ဝင်စံသွားပါပြီဘုရား'

'သင့်အမေနဲ့ သင့်နှမငယ် တာပနာတို့ရော'

'သူတို့လည်း အဝီစိငရဲမှာပဲ ရှိပါသေးတယ်ဘုရား'

'သင်ဒီဘဝကနေ ဘယ်ကိုသွားရဦးမှာလဲ'

'အဝီစိငရဲကိုပဲ ပြန်သွားရပါမယ်ဘုရား'

အဲဒီလို မြတ်စွာဘုရားရဲ့ မေးခွန်းတွေကို ဖြေဆိုအပြီးမှာတော့ ရွှေငါးကြီးခမျာ ဝမ်းနည်းပက်လက်ဖြစ်ကာ သူ့ကိုယ်သူ လှေနံကို ခေါင်းနဲ့ဆောင့်ကာ သေးဆုံးသွားရှာသတဲ့။

http://www.dhammadownload.com



တကယ်တော့ အဲဒီလို သနားစရာကောင်းတဲ့ ရွှေငါးကြီးဟာ ဖြစ်ခဲ့ကြုံခဲ့လှတဲ့ လူ့ဘဝနဲ့ ရဟန်းဘဝကို အခွင့်သာတုန်း၊ ရလာတုန်း အခိုက်လေးမှာ စိတ်ထားလွဲမှားခဲ့တာကြောင့် အဝီစိငရဲကို ရောက်ခဲ့ရပြီး အခုလည်း အဝီစိငရဲကိုပဲ ပြန်သွားရရှာတာလေ။

ဒါကြောင့် ရွှေငါးကြီးအကြောင်းကို သိပြီးတဲ့အခါမှာ ကိုယ့်ဘဝထဲက ရှောင်စရာ၊ ဆောင်စရာတွေကို သတိပြုဆင်ခြင်မိဖို့ လိုတယ်။ ကောင်းမှုဆိုတဲ့ အရာတွေဟာ တကယ်ဆို ရှိလေကောင်း လေပါပဲ။ ပညာတွေတတ်တာလည်း ကောင်းတာပဲ။ ဥစ္စာတွေပေါရင် လည်း ကောင်းတာပဲပေါ့။ ပြီးတော့ ရုပ်ချောမောလှပတာလည်း ကောင်းတာပါပဲ။ ကိုယ်မှာ အရာရာပြည့်စုံလေ ကောင်းလေပါပဲ။

ဒါပေမယ့် အဲဒီကောင်းမှုဆိုတာလေးတွေ အားလုံးဟာ စိတ်ဆိုး၊ စိတ်ယုတ်မာဆိုတဲ့ မကောင်းတဲ့ ဝတ်ရုံလွှာကြီးကို လွှမ်းခြုံပြီး ဝတ်ရုံမိလိုက်တာနဲ့ အလှပျက်အရုပ်ဆိုးပြီး အကျည်းတန်သွားတယ်။

ဘာကြောင့်လဲဆိုတော့ အဲဒီဝတ်ရုံကြီးထဲက အလိုကြီးတဲ့ လောဘတွေ၊ စိတ်ဆိုးတဲ့ ဒေါသတွေ၊ ဘဝင်မြင့်ပြီး စိတ်ကြီးဝင်တဲ့ မာနစတာတွေဟာ ကိုယ့်ဘဝရဲ့ အလှဆိုတဲ့အရာတွေအားလုံးကို ဝါးမျို ဖျက်ဆီးပစ်လိုက်တာကိုး။

ဒီတော့ ကိုယ်မှာ ကောင်းမှုဆိုတာလေးတွေ ပြည့်စုံလာလေ စိတ်ဆိုး၊စိတ်ယုတ်မာဆိုတဲ့ ဝတ်ရုံလွှာကြီးကို ချွတ်ပစ်နိုင်ဖို့ လိုလာ လေပဲ။ အဲဒီလိုသာဆိုရင်တော့ ကံကြမ္မာဆိုးခဲ့တဲ့ ရွှေငါးကြီးလို ကြေကွဲ ဝမ်းနည်းစရာ အဖြစ်မျိုးတွေမှ လွတ်ငေးပြီး ပျော်ရွှင်ချမ်းမြေ့ဖွယ် ဘဝလေးကို ရရှိပိုင်ဆိုင်နိုင်မှာပေါ့ကွယ်။

(ယဉ်ကျေးလိမ္မာမွေ့ရာသကလေးဂျာနယ်၊ အတွဲ ၂ ယေလ ၂၊ ၂၀၀၆။)

http://www.dhammadownload.com



http://www.dhammadownload.com

# ပေါက်ပင်ပုံပြင်

တစ်ခါတုန်းက ဟိမဝန္တာတောကြီးထဲကိုသွားတဲ့ လမ်းခရီး အကြား တစ်နေရာမှာ ရောမပေါက်ပင်ကြီးတစ်ပင် ရှိသတဲ့။

စိတ္တကုဋ္ဌတောင်မှာနေတဲ့ ရွှေဟင်္သာမင်းဟာ အဲဒီပေါက်ပင် ကြီးမှာ မကြာခဏလာပြီး နားနေလေ့ရှိတယ်။ ကြာလာတော့ ရွှေဟင်္သာမင်းဟာ ပေါက်ပင်မှာနေတဲ့ ရုက္ခစိုးနတ်မင်းနဲ့ ရင်းနှီး ကျွမ်းဝင်နေခဲ့တာပေါ့။

နှစ်တွေ အတော်ကြာလာတဲ့ တစ်နေ့။

အခြားငှက်တစ်ကောင်ဟာ ညောင်းသီးတွေကို စားခဲ့ပြီး အဲဒီ ပေါက်ပင်ပေါ်မှာ ခဏဝင်နားတယ်။ ပြီးတော့ ငှက်ဟာ ပေါက်ပင် ပေါ်မှာ သူ့ရဲ့ မစင်အညစ်အကြေးတွေကို စွန့်ချပါလေရောတဲ့။

ဖြစ်ချင်လေတော့ ငှက်မစင်တွေဟာ ပေါက်ပင်ခွကြားမှာပဲ တင်ကျန်ရစ်ခဲ့တယ်လေ။ မိုးတွင်းအခါလည်းရောက်ရော အဲဒီငှက် မစင်ထဲက ညောင်စေ့တွေဟာ ညောင်ပင်ငယ်လေးတွေ ထပေါက် လာပါရော။

http://www.dhammadownload.com



အဲဒီထဲက ညောင်ပင်တစ်ပင်ဟာ အင်မတန်သန်မာထွား ကြိုင်းတဲ့ အပင်ကြီး ဖြစ်လာတယ်။ ဒီအချိန်မှာ ရွှေဟင်္သာမင်းလည်း ပေါက်ပင်ကြီးဆီ ရောက်လာပြီး အမှတ်မထင် ညောင်ပင်ငယ်ကို လှမ်းတွေ့လိုက်ရတယ်ဆိုရင်ပဲ 'ဟာ..ဒုက္ခပါပဲ'လို့ အံ့အားသင့်စွာ ရေရွတ်မိသွားသတဲ့။

ရွှေဟင်္သာမင်းက 'ဒီညောင်ပင်ဟာ ငါ့မိတ်ဆွေ ပေါက်ပင် စောင့်နတ်ရဲ့ ရန်သူပဲ။ ငါ့မိတ်ဆွေကို အလျင်အမြန် အန္တရာယ်ပေး လိမ့်မှာပဲ'လို့ တွေးမိပြီး မိတ်ဆွေ ရုက္ခစိုးနတ်အတွက် စိတ်ပူသွားခဲ့တာ ကိုး။ ဒါကြောင့် မိတ်ဆွေ ရုက္ခစိုးနတ်ကို ခေါ်ပြီး.

'အဆွေပေါက်ပင်စောင့်နတ်၊ ညောင်ပင်ဆိုတာမျိုးဟာ ကြီးလာတဲ့အခါမှာ ရောက်ရာသစ်ပင်မှန်သမျှကို ဖျက်ဆီးတတ်တဲ့ သဘောရှိတယ်။ သူ့ပတ်ဝန်းကျင်မှာ ရှိရှိသမျှ သစ်ပင်ကြီးငယ်တွေကို ဝါးမျို ဖျက်ဆီးပစ်လေ့ရှိတယ်။

ဒါ့ကြောင့် အဆွေဟာ လက်ဦးမှုယူပြီး ဒီညောင်ပင်ကို အခုလို ငယ်တုန်းအခါကတည်းက ရှင်သန်ခွင့်မပေးဘဲ သတ်ပစ်လိုက်ပါ။ ဘာပြုလို့လည်းဆိုတော့ ရွံရှာအပ်တဲ့အရာမှန်သမျှကို ရွံတာပဲ ကောင်းပါတယ်အဆွေ'လို့ သတိပေးစကား ပြောလိုက်သတဲ့။

အဲဒီလိုပြောပေမယ့်လည်း ပေါက်ပင်စောင့်နတ်ကတော့ မိတ်ဆွေဟင်္သာမင်းရဲ့ စကားကို လုံးဝ မနာခံပါဘူး။ 'အဆွေဟင်္သာ မင်းရယ်၊ သင်က စိုးရိမ်လွန်နေလို့ ဖြစ်ပါလိမ့်မယ်။ အဖေ၊အမေဆိုတာ သားသမီးတို့ရဲ့ တည်မှီရာပဲ။ ဒီတော့ ငါကလည်း ဒီညောင်ပင်ငယ်ရဲ့ တည်မှီရာဖြစ်မယ်လေ။ ဒီလိုဆိုရင် ညောင်ပင်ငယ်ဟာ နောင်တစ် ချိန်မှာ ငါ့ရဲ့တည်မှီရာ ဖြစ်လာမှာပေါ့'လို့ ပြန်ပြီး ဆင်ခြေပေး ပြောဆိုလိုက်သတဲ့။

http://www.dhammadownload.com



ဒီအခါမှာတော့ ရွှေဟင်္သာမင်းဟာ မိတ်ဆွေကို သတိပေး ပြောဆိုလို့ မရတော့တာမို့ အဲဒီနေရာကနေ ချက်ချင်း ထွက်ခွာသွား ခဲ့တော့တယ်။

အဲဒီလို မသွားခင်မှာပဲ 'အဆွေ၊ ငါဟာ ညောင်ပင်ငယ်ရဲ့ ကြီးထွားခြင်းကို မနှစ်သက်တာဟာ သင်နဲ့ သင့်မိသားစုအတွက် နေရာဗိမာန် ပျက်ဆီးမှာကို မနှစ်သက်လို့ဘဲ' လို့ ပေါက်ပင်စောင့်နတ်ကို နှုတ်ဆက်စကား ပြောဆိုခဲ့သတဲ့။

ဒီလိုနဲ့ သိပ်မကြာခင် နှစ်အနည်းငယ်အတွင်းမှာပဲ ညောင်ပင် ငယ်လေးဟာ တဖြည်းဖြည်းနဲ့ ညောင်ပင်ကြီးဘဝကို ရောက်လာခဲ့ တယ်။ ညောင်ပင်ဆိုတာမျိုးဟာ ကြီးထွားမှုနှုန်းကလည်း အင်မတန် မြန်တယ်။ ပြီးတော့ ညောင်မြစ်တွေရဲ့ တွယ်ယှက်ရစ်ဖွဲ့ထားမှု အားကလည်း အင်မတန်ကိုမှ သန်မာလှတာကိုး။

အဲဒါကြောင့် အခုအခါမှာတော့ စပါးကြီးမြွေဟာ ဖားကို ကိုက်မျိုထားသလိုမျိုး ဖြစ်နေသတဲ့။ သားငယ်ဆိုတဲ့ ညောင်ပင်ရဲ့ အမြစ်တွေဟာ မိခင်ဖြစ်တဲ့ ပေါက်ပင်အိုကြီးကို ရစ်ပတ်ဝါးမျိုးပြီး ဖျက်ဆီးပစ်လိုက်ပြီလေ။

ခုတော့ ပေါက်ပင်အိုကြီးခမျာ အခက်အလက်တွေ၊ အကိုင်း အရွက်တွေ အကုန်ပျက်စီးကုန်ပြီး ညောင်ပင်ကြီးကို မနိုင့်တနိုင် ကျောပိုးထားရရှာတာပေါ့။ ပြီးတော့ မကြာခင်မှာပဲ အဲဒီညောင်ပင်မှာ နေမယ့် ညောင်ပင်စောင့် ရုက္ခစိုးနတ်ပါ ရောက်ရှိလာသတဲ့။

ဒါကြောင့် မှန်းချက်နဲ့နှမ်းထွက် တက်တက်စင်လွဲခဲ့တဲ့ ပေါက်ပင်စောင့်နတ်ခမျာ အမြော်အမြင်ရှိတဲ့ မိတ်ဆွေစကားကို နားမဝင်မိတာမို့ နေရာဗိမာန်ပျောက်ပြီး သားသမီးငယ်လေးတွေနဲ့အတူ ဒုက္ခလှလှကြီး ရောက်ရရှာတာပေါ့။

http://www.dhammadownload.com



ဒါကြောင့် ဒီပုံပြင်လေးကို ဖတ်ပြီးတဲ့အခါမှာ ပညာဗဟုသုတ ကြွယ်ဝပြည့်စုံတဲ့ မိတ်ဆွေ၊သူငယ်ချင်း၊အပေါင်းအသင်းတွေရဲ့ ပြောဆိုဆုံးမတဲ့ သတိပေးစကားတွေကို အနည်းနဲ့အများ မဖြစ်မနေ နားထောင်တတ်ဖို့လိုတယ်။

သူတို့ရဲ့ စကားတွေဟာ ကိုယ့်အပေါ် စေတနာ၊မေတ္တာတွေ အပြည့်နဲ့ အကျိုးလိုလားလို့သာ ပြောဆိုသတိပေးကြတာဖြစ်လို့ပေါ့။

ပြီးတော့ ကိုယ့်ဘဝထဲမှာ လက်ခံမထားသင့်တဲ့ မိတ်ဆွေ၊ အပေါင်းအသင်း၊သူငယ်ချင်းမျိုးတွေလည်း အမှတ်မထင် ရောက်ရောက်လာတတ်သေးတယ်။ ဒီအခါမှာလည်း ကိုယ်က အားမနာတမ်း အမြန်ဆုံး နှင်ထုတ်ပစ်နိုင်ဖို့ လိုတယ်လေ။

သူတို့ဟာ ကိုယ့်ကို ကူညီမှု တစ်စုံတစ်ရာ မပေးတဲ့အပြင် ကိုယ့်ဘဝရဲ့ အောင်မြင်တိုးတက်မှုတွေကိုပါ ချိုးနှိမ်ဖျက်ဆီးပစ်မယ့် အပြင်ရန်သူတွေ ဖြစ်နေလို့ပဲ။

နောက်ပြီး ကိုယ့်ဘဝထဲကို မမြင်ကွယ်ရာကနေ အမှတ်တမဲ့ ဝင်ရောက် အလည်လာတတ်တဲ့ ဧည့်သည်တွေလည်း ရှိကြသေးတယ်။ သူတို့ကလည်း ကိုယ့်ဘဝရဲ့ အောင်မြင်တိုးတက်မှုတွေကို မလိုလားဘဲ အတွင်းကနေ လှိုက်စားဝါးမျိုပစ်တတ်ကြတဲ့ စွမ်းအားရှင် အတွင်းရန်သူတွေပဲ။

ဘယ်သူတွေလဲဆိုတော့ ကိုယ်နဲ့အမြဲအတူ ရှိနေတတ်တဲ့ ကိုယ်အပြုအမူဆိုးတွေ၊ နှုတ်အပြောအဆိုဆိုးတွေနဲ့ စိတ်အတွေးအကြံဆိုးတွေပဲ ဖြစ်သတဲ့ကွယ်။

အလင်္ကာဝတ်ရည်ဂျာနယ်၊ အမှတ်(၁၁) ဇန်နဝါရီ(၁၃)၂၀၀၆။

http://www.dhammadownload.com



http://www.dhammadownload.com

# ဝေဒနာရှင်

သာဝတ္ထိမြို့နဲ့ သိပ်မဝေးတဲ့ တောလက်ကျေးရွာ တစ်ရွာမှာ ကုန်သည်လင်မယားနှစ်ယောက် နေထိုင်ကြတယ်။ သူတို့မှာ သား တစ်ယောက်နဲ့ ချွေးမတစ်ယောက်လည်း ရှိတယ်။

အဖေက ဆန်စပါးအရောင်းအဝယ်လုပ်တဲ့ ကုန်သည်ကြီး ဆိုတော့ ဆန်းစပါးပေါချိန်တွေမှာ အများအပြားဝယ်ပြီး သိုလှောင် ထားတယ်။ ဈေးကောင်းချိန်ရောက်လာပြီဆိုမှ ပြန်ပြီးထုတ်ရောင်း လေ့ရှိတယ်။

အဲဒီလို ဆန်စပါးရောင်းဝယ်ပြီး စီးပွားရှာပေမယ့် ကုန်သည် ကြီးဟာ အမြတ်ငွေယူပြီး အမှန်အကန် စီးပွားရှာသူမဟုတ်ဘူး။ ပြန်ရောင်းတဲ့ ဆန်စပါးတွေထဲမှာ ဖွဲ့,ဆန်ကွဲတွေ၊ စပါးဖျင်းတွေ ရောနှောကာ တိုးပွားအောင်လုပ်ပြီးမှ ပြန်ရောင်းတဲ့ မသမာတဲ့နည်းနဲ့ စီးပွားရှာနေသူပေါ့။

ပြီးတော့ ကုန်သည်ကြီးရဲ့မယား။ သူကတော့ အလွန် ကပ်စေးနှဲပြီး လောဘကြီးတဲ့ အိမ်ရှင်မ။ အိမ်ရှင်မဟာ ဆွေမျိုးမိတ် ဆွေတွေ, သူငယ်ချင်း၊ အိမ်နီးချင်းတွေဆီကသာ ရသလောက်

http://www.dhammadownload.com



ယူတတ်ပြီး သူ့ဆီကတော့ တစ်ခါမှ ပြန်ပေးလေ့ မရှိဘူး။ ပြီးတော့ ဘယ်လောက်တောင် ဝန်တိုစေးနှဲသလဲဆိုရင် သူ့အိမ်က ခွေးလေးတွေ၊ ကြောင်လေးတွေကို အစာကျွေးဖို့တောင်မှ မသဒ္ဓါဘူးတဲ့။

တစ်ခါမှာတော့ သူတို့အိမ်ကို သူတောင်းစားလေးတွေ လာရောက် တောင်းရမ်းကြတယ်။ ကုန်သည်မယား အိမ်ရှင်မဟာ အိမ်ရှေ့ထွက်လာပြီး 'ဟေ့၊ သွားကြစမ်း၊ ဒီအိမ်မှာ ပေးစရာဆိုလို့ ဘာမှ မရှိဘူး'လို့ အော်ငေါက်ပြောဆိုပြီး နှင်လွှတ်တယ်။

ဒါပေမယ့် သူတောင်းစားလေးတွေဟာ ဖွဲကောင်းစွာနဲ့ ချက်ချင်းမပြန်ဘဲ ပေကပ်နေတယ်။ ဒီတော့ အိမ်ရှင်မဟာ စိတ်မရှည်တော့ဘဲ 'ဒီအိမ်မှာ ပေးစရာဆိုလို ဘာမျှမရှိဘူးဆိုတာ မယုံကြဘူးလား။ ငါကျိန်ဆိုပြမယ်'လို့ ပြောဆိုရင်း..

''ငါဟာ တကယ်လို့ ရှိလျက်နဲ့မရှိလို့ လိမ်ညာပြောဆိုအံ့။ ဖြစ်လေရာဘဝမှာ မစင်အညစ်အကြေးကို စားရပါစေသား'လို့ သူ့ကိုယ်ကို ကျိန်ဆိုလိုက်သတဲ့။ ဒီတော့မှ သူဖုန်းစားတွေလည်း ကပ်စေးနှဲလွန်းသူ အိမ်ရှင်မကို လက်မြှောက်အရှုံးပေးပြီး အိမ်ထဲကနေ ထွက်ခွာသွားခဲ့ကြတယ်။

ပြီးတော့ သူတို့လင်မယားရဲ့ တစ်ဦးတည်းသော သားဆိုး သားမိုက်လေးပေါ့။ သူကတော့ လူကြီးသူမတွေကိုရော ဆရာမိဘ တွေကိုပါ ရိုသေရကောင်းမှန်း လုံးဝ မသိရှာဘူး။ တစ်ခါတစ်ရံမှာ အိမ်မှာတွင်မကဘဲ ရပ်ကွက်ထဲမှာပါ ဆိုးတေမိုက်ရိုင်းပြီး သောင်းကြမ်း လေ့ရှိလို့ အားလုံးက သူ့ကို အော်ကြော့လန်နေကြတယ်။

အဲဒီလောက်ကို စရိုက်ကြမ်းပြီး ရိုင်းစိုင်းလေ့ရှိတဲ့ သားဆိုး လေးပေါ့။ တကယ်တော့ အဖေအမေတွေ မွေးပေးလိုက်တုန်းကတော့ သားဆိုတာ သားပါပဲ။ ဒါပေမယ့် လိမ္မာတဲ့သားဟာ ကြီးလာတဲ့

http://www.dhammadownload.com



အခါ မိဘတွေအဖို့ အားကိုးရတဲ့ အားဖြစ်လာတယ်။ မလိမ္မာတဲ့ သားဆိုးသားမိုက်တွေကတော့ အဲဒီလို သားစင်စစ်ကနေ မိဘတွေကို ပြန်ပြီးဒုက္ခပေးတတ်တဲ့ ကျားအဖြစ် ရောက်သွားကြရရှာတယ်လေ။

တစ်နေ့မှာတော့ သားဆိုးလေးဟာ သူငယ်ချင်းတွေနဲ့အတူ အိမ်မှာ သောက်စားပျော်ပါးနေလေရဲ့။ အတော်ကြာလာတော့ သူ့သူငယ်ချင်းတွေကို ကူပြီးချေ့ခံပေးဖို့ သူ့အမေကို လှမ်းအော်ပြော လိုက်တယ်။ ဒီတော့ အမေလုပ်သူက 'ငါ မအားဘူး၊ နင့် ဘာသာ ချေ့ခံပေ့ါ'လို့ ပြန်ပြောတာပေ့ါ။

အဲဒီလို ပြောဆိုလိုက်တယ်ဆိုရင်ပဲ သားဆိုးလေးဟာ ဒေါသထွက်ပြီး အမေ့ခေါင်းကို ကြိုးပိုင်းစနဲ့ ထရိုက်တော့သတဲ့။ အဲဒီလို ကိုယ့်အမေရင်းအပေါ်တောင်မှ ဆိုးပေရိုင်းစိုင်းလေ့ရှိတဲ့ သားဆိုး လေးပေ့ါကွယ်။

နောက်တစ်ယောက်ကတော့ သားဆိုးလေးရဲ့မယား ချွေးမ မလိမ္မာလေးပဲ။ တစ်နေ့တော့ သူတို့အိမ်မှာ မိသားစုညစာအတွက် အထူးဟင်းတစ်မယ်ကို စပါယ်ရှယ် ချက်ထားသတဲ့။ ဒါမျိုးဆို အလွတ် မပေးတတ်တဲ့ ချွေးမဆိုးလေးဟာ ဘယ်သူမှ မသိအောင် အဲဒီဟင်း တွေကို တိတ်တိတ်လေး ခိုးစားပစ်လိုက်ပါရော။ ပြီးမှ အိုးခွက်တွေကို ဆေးကြောပြီး မှောက်ထားလိုက်တယ်။

ညစာစားချိန်အရောက်မှာတော့ တစ်အိမ်လုံး ဟင်းပျောက် ရှာပုံတော် ဖွင့်ကြရတာ ဆူပူညံလို့ပါပဲ။ တစ်အိမ်လုံးကလည်း ဒါဟာ ချွေးမဆိုးလေး လက်ချက်ပဲလို့ စွပ်စွဲပြောဆိုကြတယ်။ ဒါပေမယ့် ချွေးမဆိုးလေးကတော့ လုံးဝဝန်မခံဘူး။ အတင်းငြင်းဆန်တယ်။

နောက်ဆုံးမှာ အိမ်သားတွေဟာ ချွေးမဆိုးလေးကို မကျေ မနပ်ဖြစ်ပြီး ကျိန်ဆိုခိုင်းကြလေရဲ့။ ဒီအခါမှာတော့ ချွေးမလေးက

http://www.dhammadownload.com



'ကျွန်မဟာ ဒီဟင်းတွေကို ခိုးစားခဲ့အံ့။ ဖြစ်လေရာဘဝမှာ ကိုယ့်ကျော ကုန်းသားကို ကိုယ်တိုင်ပြန်ဖဲ့စားရသူ ဖြစ်ပါစေသား' လို့ မကြောက် မရွံ့ဘဲ ကျိန်ဆိုပြလိုက်သတဲ့။

သူတို့မိသားစုလေးဦးဟာ အဲဒီဘဝမှာ ဆိုးမိုက်တဲ့ စရိုက် လေးတွေ ကိုယ်စီရှိခဲ့တာကြောင့် အဲဒီဘဝက သေလွန်တဲ့အခါမှာ မြို့နဲ့မလှမ်းမကမ်း လူသူမနီးတဲ့ တောအုပ်ကြီးထဲမှာ ပြိတ္တာမိသားစု သွားဖြစ်ကြရှာတယ်။

သူတို့နေတဲ့ တောအုပ်ကြီးဟာ အမြဲတမ်း အမှောင်ထုလွှမ်းပြီး စိမ်းညို့အုပ်မှိုင်းနေတယ်။ အရင်ဘဝတုန်းက ဖခင်ဖြစ်ခဲ့သူ ကုန်သည် ကြီးရဲ့ခေါင်းပေါ်မှာ အလျှံတရဲရဲ ဖွဲမီးခဲတွေဟာ ပလူကောင်လေးတွေ ပျံဝဲနေသလိုပဲတဲ့။ အပေါ်ပျံတက်လိုက် ပြုတ်ကျလိုက်ဖြစ်နေတဲ့ ဖွဲမီးလျှံတွေကို ကုန်သည်ပြိတ္တာကြီးက လက်နှစ်ဖက်နဲ့ ကိုင်ဆွဲလို့။ ပြီးတော့ သူ့ပါးစပ်ကလည်း အသံမျိုးစုံ အော်ဟစ်ညည်းညူးရင်း ဟိုဟိုဒီဒီ လှည့်လည်ပြေးသွားနေရရှာသတဲ့။

တကယ်တော့ သူဟာ လူ့ဘဝတုန်းက ဆန်စပါးတွေထဲမှာ ဖွဲ့ဆန်ကွဲတွေ ရောထည့်ပြီး မသမာတဲ့နည်းနဲ့ စီးပွားရှာမိခဲ့တဲ့ အကု သိုလ်ကံကြောင့် အခုလို ပြိတ္တာဘဝရောက်ပြီး ဆင်းရဲခံစားနေရတာပေါ့။

ကုန်သည်ပြိတ္တာကြီးရဲ့ အနီးမှာတော့ မယားဖြစ်သူ အိမ်ရှင်မ ပြိတ္တာမကြီး ရှိသတဲ့။ သူမကတော့ အင်မတန် အနံ့ဆိုးဝါးတဲ့ မစင်ပုပ်တွေကို ကိုင်ဆုတ်ပြီး အငမ်းမရ စားနေရရှာတယ်။ သူ့တစ် သက်မှာ ဒါတွေဟာ သူစားနေကျ အစားတွေတဲ့လေ။

အဲဒါတွေက လွဲပြီး သူ့မှာ အခြားအစားအစာဆိုလို့လည်း ဘာမှ မရှိရှာလို့ သူ့ခမျာ ဗိုက်စာလာတိုင်း အဲဒီမစင်ပုပ်တွေကိုပဲ အငမ်းမရ စားသောက်နေခဲ့ရှာသတဲ့။ ဒါဟာ လူ့ဘဝတုန်းက အလွန်

http://www.dhammadownload.com



ကပ်စေနဲ့ပြီး လိမ်ညာကျိန်ဆိုခဲ့တဲ့ မကောင်းမှုကံကြောင့် ခံစားနေရတာ ဖြစ်သတဲ့။

သူတို့နဲ့ သိပ်မလှမ်းမကမ်းမှာ သားဆိုးလေးနဲ့ ချွေးမဆိုးလေးတို့ လင်မယားကလည်း သူတို့လိုပဲ ဆင်းရဲကြီးစွာ ခံစားနေရရှာသတဲ့။ သားဆိုးလေးဟာ လက်ထဲမှာ ရောမတင်းပုတ်ကြီး ၂ လက်ကို ဘယ်ပြန်ညာပြန် ကိုင်ဆုပ်ပြီး သူ့ခေါင်းကို အဆက်မပြတ် ကိုယ်တိုင် ပြန်ထုနှက်နေတယ်။ နီတာရဲနေတဲ့ သွေးတွေဟာ သူ့ခေါင်းပေါ်ကနေ တစ်ကိုယ်လုံးကို ယိုစီးကျလို့။

အဲဒီလို ပြင်းထန်တဲ့ ဝေဒနာတွေကို နေ့စဉ်အမြဲ ခံစားပြီး အော်ဟစ်ညည်းတွားရင်း လှည့်လည် သွားလာနေရရှာတယ်။ ဒါဟာ လူ့ဘဝတုန်းက သူ့အမေကို ဝေါက်ငမ်းပြီး ရိုက်နှက်ခဲ့တဲ့ မကောင်းမှု အကုသိုလ်ကံဆိုးရဲ့ အကျိုးပေးပဲ ဖြစ်သတဲ့။

သူ့အနားမှာတော့ သူ့မယား ပြိတ္တာမလေးခများလည်း သူ့ကံကြမ္မာအတိုင်း ခံစားနေရရှာတယ်။ အရင်ဘဝတုန်းက ဟင်းခိုးစားပြီး လိမ်ညာကျိန်ဆိုခဲ့တဲ့ မကောင်းမှုကံကြောင့် ဆင်စွယ်ကြီးတွေလို ငေါထွက်နေတဲ့ လက်သည်းရှည်ကြီးတွေနဲ့ သူ့ကျောကုန်းသားတွေကို ကိုယ်တိုင် ပြန်ဖဲ့စားနေရတယ်။

အဲဒီလို စားသောက်နေရပေမယ့် သူ့ခများ တစ်ခါမျှ အငတ်ပြေတယ်ရယ်လို့ကို မရှိဘဲ အမြဲဆာလောင်မွတ်သိပ်နေရရှာတယ်။ သူ့ကို အဲဒီလို ဆင်းရဲဒုက္ခခံစားရအောင် ဖန်တီးပေးလိုက်တဲ့ တရားခံကတော့ ဟိုး··အရင် လူ့ဘဝတုန်းက မကောင်းမှုပြုလုပ်ခဲ့တဲ့ သူမကိုယ်တိုင်ပဲ ဖြစ်နေခဲ့တာလေ။ ဒါကိုပဲ ရှေးပညာရှိ ကြီးတွေက 'ဘယ်သူမပြု၊ မိမိမှု'လို့ ဆုံးမ မိန့်ဆိုခဲ့ကြတာပေါ့။

တစ်နေ့သော အခါမှာတော့ သူတို့နေထိုင်ရာ တောအုပ်

http://www.dhammadownload.com



ကြီးထဲကို အရှင်မောဂ္ဂလာန်မထေရ်မြတ်ကြီးဟာ ခရီးကြုံလို့ ကြွရောက်တော်မူလာခဲ့တယ်။ မထေရ်မြတ်ကြီးဟာ ဝေဒနာအမျိုးစုံကို ခံစားနေရရှာတဲ့ သူတို့ပြိတ္တာ မိသားစုကို တွေ့မြင်ရတော့ သနား ကရုဏာ သက်တော်မူပြီး··

'အိုပြိတ္တာတို့၊ သင်တို့ဟာ ဘာအတွက်ကြောင့် အခုလို ဆင်းရဲဒုက္ခမျိုးတွေကို ခံစားနေကြရတာလဲ' လို့ မေးမြန်းစုံစမ်း တော်မူလိုက်တယ်။

ဒီအခါမှာ အိမ်ရှင်မဖြစ်တဲ့ ပြိတ္တာမကြီးဟာ မထေရ်မြတ်ကို ရိုသေစွာရှိခိုးပြီး သူတို့မိသားစုရဲ့ ရှေးဘဝကပြုခဲ့ဖူးတဲ့ အကုသိုလ် ကံအကြောင်းတွေကို ပြန်ပြောင်းလျှောက်ကြားသတဲ့။

ပြီးတဲ့အခါမှာတော့ သူတို့လို တမလွန်ဘဝမှာ ဆင်းရဲဒုက္ခ ဆိုးတွေကို မခံစားကြရအောင် အခုဘဝမှာ သူတို့လို မကောင်းမှုကံ တွေကို ပြုလုပ်လွန်ကျူးနေသူတွေကို သတိပေးပြောကြားပေးဖို့ကိုပါ လျှောက်ကြားလိုက်သတဲ့ကွယ်။

(ယဥ်ကျေးလိမ္မာ မြေမှုရသကလေးဂျာနယ်၊ အတွဲ ၂ ဝန်နဝါရီ(၁၀)ရက်၊ ၂၀၀၆)

http://www.dhammadownload.com



http://www.dhammadownload.com

# ပုဂ္ဂိုလ်ထူး

သာဝတ္ထိမြို့မှာ သက်ကြီးရွယ်အိုဖြစ်ကြတဲ့ ပုဏ္ဏားကြီးနဲ့ ပုဏ္ဏေးမကြီးတို့ ဇနီးမောင်နှံ ရှိသတဲ့။ သူတို့ဇနီးမောင်နှံ နှစ်ယောက်လုံးဟာ အသက် ၇၀ နီးပါး ရှိနေကြပြီ။

တစ်နေ့သော မနက်ခင်းမှာတော့ အလှူဒါနတစ်ခု ပြုလုပ်ဖို့ အိမ်မှာ ဇနီးမောင်နှံနှစ်ဦး တိုင်ပင်ကြတယ်။ ပြီးတဲ့အခါမှာတော့ ပုဏ္ဏေးမကြီးက ဈေးသွား၊ စားဖွယ်ဟင်းလျာတွေ ဝယ်ပြီး စီမံချက်ပြုတ်တယ်။ ပုဏ္ဏားကြီးကတော့ အိမ်မှာ ရဟန်းတော်လေးပါးအတွက် ဆွမ်းစားပွဲနဲ့ နေရာထိုင်ခင်းတွေကို ခင်းကျင်းပြင်ဆင်နေတာပေါ့။

နေအတော်မြင့်လာလို့ ၉ နာရီထိုးလောက် အချိန်လည်းရောက်ရော ပုဏ္ဏေးမကြီးက 'အရှင်ပုဏ္ဏား၊ ကျောင်းမှာ ရဟန်းတော် ၄ ပါးကို သွားပင့်ဆောင်ပါ'လို့ ပုဏ္ဏားကြီးကို ခိုင်းလိုက်တယ်။

ပုဏ္ဏားကြီးလည်း ဇေတဝန်ကျောင်းတော်ကို သွားပြီး ဆွမ်းစားကြွဖို့ အလှည့်ကျသံဃာတော် ၄ ပါးကို ပင့်ဆောင်လေရဲ့။ ဒီအခါမှာ တိုက်တိုက်ဆိုင်ဆိုင်ပဲ သက်ကြီးရွယ်အိုပုဏ္ဏားကြီး ဇနီး

http://www.dhammadownload.com



မောင်နှံအိမ်ကို ဆွမ်းစားကြွဖို့ အလှည့်ကျမထေရ်တွေဟာ ကိုရင်ငယ်လေးတွေချည်း ဖြစ်နေတယ်။ ကိုရင်ငယ်အားလုံးဟာ အခုမှ အသက်ခုနစ်နှစ်အရွယ်ဖြစ်တဲ့ ကိုရင်သံကိစ္စရယ်၊ ကိုရင်ပဏ္ဍိတရယ်၊ ကိုရင်သောပါကရယ်၊ ကိုရင်ရေဝတရယ်ပေါ့။

ထူးခြားတာကတော့ သူတို့လေးပါးလုံးဟာ ခုနစ်နှစ်အရွယ်ကိုရင်ငယ်လေးတွေ ဖြစ်ပေမယ့်လို့ ပါရမီရှင် ရဟန္တာ သာမဏေလေးတွေချည်း ဖြစ်သတဲ့။

ပုဏ္ဏားအိုကြီးကလည်း အလှည့်ကျ ကိုရင်ငယ်လေးတွေကို တွေ့ရပြီး စိတ်လက် မကြည်မသာနဲ့ပဲ ပင့်ဆောင်လာခဲ့တယ်။ ဟော…အိမ်အပေါက်ဝလည်းရောက်ရော ဆီးကြိုမျှော်စောင့်နေတဲ့ ပုဏ္ဏေးမကြီးက ပုဏ္ဏားကြီးနဲ့အတူ လိုက်ပါလာခဲ့တဲ့ ကိုရင်ငယ်လေးတွေကို လှမ်းမြင်ရပြီး စိတ်မချမ်းမသာ ဖြစ်ပြန်ပါလေရော။

ကြည့်လေ.. သူ့ခမျာ မနက်မိုးလင်းကတည်းက အိမ်မှာ အပင်ပန်းခံပြီး စီမံချက်ပြုတ်ထားတာ။ ကောင်းပွေ့ ညွန့်ပေ့ဆိုတဲ့ စားဖွယ်သောက်ဖွယ်တွေ။ အမွန်အမြတ်ဖြစ်တဲ့ နေရာထိုင်ခင်းတွေနဲ့ အကောင်းဆုံး အသုံးအဆောင်တွေချည်း။

တကယ်တော့ ပုဏ္ဏေးမကြီးက ဒါတွေအားလုံးကို သက်ကြီးရွယ်အို သံဃာ့မထေရ်ကြီးတွေအတွက်ဆိုပြီး မျှော်ရည်မှန်းကာ စီရင်ထားတာကိုး။ ခုတော့ တကယ်တမ်းမှာ ပုဏ္ဏားကြီးပင့်ဆောင်လာခဲ့တာက ဥမမယ်စာမမြောက် မြေးအရွယ်လောက်မှ မရှိတဲ့ ကိုရင်ပေါက်စ ဘုစုခရုလေးတွေ ဖြစ်နေတယ်လေ။

ဒီတော့ ပုဏ္ဏေးမကြီးဟာ မျက်နှာတစ်ခုလုံး သုန်မှုန်လို့ အိမ်အပေါက်ဝကနေပြီး 'ရှင်ဟာ အတော့်ကို စဉ်းစားဉာဏ် မဲ့တာပဲ။ ကျောင်းကိုသွားပြီး ကိုယ့်မြေးလောက်မှမရှိတဲ့ ကိုရင်ဘုစုလေးတွေကိုမှ

http://www.dhammadownload.com



ရွေးပြီး ပင့်ဆောင်လာခဲ့ရတယ်’လို့ ဒေါနဲ့မောနဲ့ လှမ်းအပြစ်တင်တော့တာပေါ့။ ပြီးတော့ ဆွမ်းစားကြွလာတဲ့ ကိုရင်လေးတွေကိုလည်း မထေရ်လေးပါးစာ ခင်းထားတဲ့နေရာမှာ ပေးမထိုင်ပြန်ဘူး။ နေရာနိမ့်မှာပဲ အသစ်ခင်းပေးပြီး ထိုင်စေလိုက်တယ်။

ပြီးတဲ့အခါမှာ ပုဏ္ဏားကြီးကို ‘အရှင်ပုဏ္ဏား၊ ကျောင်းကို နောက်တစ်ခေါက် ထပ်သွားပြီး အသက်အရွယ်ကြီးတဲ့ မထေရ် တစ်ပါးပါးကို ပင့်ဆောင်ခဲ့ပါဦး’လို့ နိုင်းလိုက်ပြန်သတဲ့။

ပုဏ္ဏားကြီးလည်း ပုဏ္ဏေးမကြီး ခိုင်းတဲ့အတိုင်း မဆိုင်းမတွ ကျောင်းကို တစ်ခေါက်သွားပြန်တယ်။ ဒီတစ်ခါတော့ ကျောင်းအဝမှာ အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးကို အသင့်တွေ့ရပြီး ‘အရှင်ဘုရား၊ အိမ်ကို ဆွမ်းစားကြွခဲ့ပါ’လို့ လျှောက်ရင်း ချက်ချင်းပင့်ဆောင်ခဲ့တော့တယ်။

မထေရ်မြတ်ကြီးလည်း သပိတ်ကိုယူလို့ ပုဏ္ဏားကြီးတို့အိမ်ကို ကြွတော်မူလာခဲ့သတဲ့။ အိမ်ထဲလည်းရောက်ရော နေရာမှာ ထိုင်စောင့် နေတဲ့ ကိုရင်ငယ်လေးတွေကို လှမ်းမြင်ရပြီး..

‘အိုပုဏ္ဏားကြီး၊ အရိယာဓာတ်ဝင်ဖြစ်ကြတဲ့ ဒီအရှင်မြတ် လေးဦးကို ဆွမ်းကပ်လှူပြီးပြီလား’လို့ မေးတော်မူတယ်။

‘အရှင်ဘုရား၊ မလှူရသေးပါဘူး’လို့ ပုဏ္ဏားကြီးက ပြန် လျှောက်လိုက်တယ်။ ဒီတော့...

အိမ်ထဲမှာ အသင့်ပြင်ထားတဲ့ ဆွမ်းပွဲက သံဃာလေးပါး အတွက်ရယ်သာ။ အခုမထေရ်မြတ်ကြီးတစ်ပါးနဲ့ဆိုရင် အားလုံး ပေါင်း ငါးပါး။ ပြီးတော့ မထေရ်မြတ်ကြီးကို ငဲ့ပြီး ကိုရင်ငယ်တွေ ခမျာလည်း အခတ်တွေ့ နေကြရှာမယ်။ အလှည့်ကလည်း သူတို့အလှည့်ကိုး။

ဒါတွေကို အလိုက်သိတတ်တော်မူလွန်းတဲ့ မထေရ်မြတ်ကြီး

http://www.dhammadownload.com



ဟာ ချော်လဲတုန်းရောထိုင်တော် မမူဘဲ ပုဏ္ဏားကြီးထံက သပိတ်ကို ပြန်ယူကာ 'အိုပုဏ္ဏားကြီး၊ ဒီအရှင်မြတ်လေးဦးဟာ ဒီဆွမ်းကို အလှူခံသင့်ပါတယ်'လို့ မိန့်တော်မူပြီး အိမ်ထဲကနေ ချာခနဲ လှည့်ပြန်သွားသတဲ့။

ကဲ…ဘယ်လောက်တောင် ကြည်ညိုဖို့ ကောင်းလိုက်တဲ့ မထေရ်မြတ်ကြီးလဲလို့။ ဒါကို ပုဏ္ဏေးမကြီးကတော့ ဘယ်မှာ နားလည်နိုင်ရှာမှာလဲ။ 'အရှင်ပုဏ္ဏား ဒီမထေရ်ကြီး ဘာကြောင့် ပြန်သွားတာလဲ'လို့ လှမ်းမေးလိုက်တယ်။

ပုဏ္ဏားကြီးက 'ရှင်မရယ်၊ မထေရ်ကြီးက အိမ်ထဲက အရှင်လေးပါးဟာ ဒီဆွမ်းကို ရသင့်တယ်လို့ ပြောခဲ့ပြီး သပိတ် ပြန်ယူသွားတာပဲ။ ဆွမ်းမစားချင်လို့ပဲ ဖြစ်မှာပေါ့'တဲ့။

အဲဒီလို ပြောပေမယ့်လည်း ပုဏ္ဏေးမကြီးကတော့ လုံးဝကို လက်မလျှော့ဘူး။ စိတ်လည်း မပျက်သေးဘူး။ ပုဏ္ဏားကြီးကို 'အရှင်ပုဏ္ဏား၊ ကျောင်းကို နောက်တစ်ခေါက် ထပ်သွားပါဦး။ မထေရ်ကြီး တစ်ပါးကို ပင့်ဆောင်ခဲ့ပါဦး'လို့ ခိုင်းပြန်တာပဲ။

ဒီအခါမှာလည်း ပုဏ္ဏားကြီးက ကျောင်းမှာ အရှင်မောဂ္ဂလာန်မထေရ်မြတ်ကြီးကို အသင့်တွေ့ပြီး ပင့်ဆောင်ခဲ့ပြန်ပါရော။ မထေရ်ကြီးလည်း အိမ်ထဲအရောက်မှာ အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးအတိုင်းပဲ သပိတ်ကို ပြန်တောင်းယူပြီး လှည့်ပြန်ကြွသွားခဲ့တယ်လေ။

ဒီလိုနဲ့ မထေရ်မြတ်ကြီးနှစ်ပါးလုံးဟာ အိမ်ထဲကို ကြွလာလိုက်။ ပြန်သွားလိုက် လုပ်နေတာကို တွေ့ရပြီး ပုဏ္ဏေးမကြီးဟာ ကျောင်းက သံဃာ့မထေရ်ကြီးတွေအပေါ် လုံးဝ စိတ်ကုန်သွားပုံပဲ။ မထေရ်ကြီးတွေကို နောက်ထပ် မပင့်ခိုင်းတော့ဘူး။ 'အရှင်ပုဏ္ဏား၊

http://www.dhammadownload.com



ဒီတစ်ခါတော့ ပုဏ္ဏားတွေရဲ့မဏ္ဍပ်ကို သွားပြီး ပုဏ္ဏားအိုကြီး တစ်ဦးဦးကိုပဲ ပင့်ဆောင်လာခဲ့ပါ'လို့ ခိုင်းလိုက်တော့တယ်။

အဲဒီအချိန် အိမ်ထဲမှာ ဆွမ်းစားဖို့ အသင့်ထိုင်စောင့်နေတဲ့ ကိုရင်ငယ်လေးပါးဟာ အတော့ကို ဗိုက်ဆာနေကြပြီ။ သူတို့ခမျာ မနက်ကတည်းကိုက ဘာမျှ မဘုန်းပေးကြရသေးပဲကိုး။ အချိန်က လည်း အတော်လင့်လို့ နေတောင် အတော်မြင့်နေပြီ။ ဆာလောင်မှု ဒဏ်ကို သည်းခံနေရတာဟာ ကိုရင်ငယ်လေးတွေအဖို့တော့ အင်မတန် ပင်ပန်းဆင်းရဲရှာမှာပေါ့။

သူတို့ခမျာ ပုဏ္ဏားအို ဇနီးမောင်နှံကြောင့် အတော်ကြာတော့ ဗိုက်ထဲကနေ ကျလိကျလိ အသံမြည်လိုက်။ ရှုံ့မဲ့မဲ့ မျက်နှာလေးတွေ ပေါ်လာလိုက် ဖြစ်နေကြရတယ်။

ဒီအချိန်မှာပဲ ရဟန္တာကိုရင်လေးတွေရဲ့ ဘုန်းကံကြောင် တာဝတိံသာနတ်ပြည်က သိကြားမင်းရဲ့ မြကျောက်ဖျာဟာ ပူခြစ် လာသတဲ့။ သိကြားမင်းက အကြောင်းစုံကို နတ်မျက်စိနဲ့ ကြည့်ပြီး သိလိုက်ရတဲ့အခါမှာ 'အရှင်မြတ်လေးတွေအတွက် ငါသွားပြီး ကူဖို့ လိုတယ်'လို့ တွေးကာ လူပြည်ကို ချက်ချင်း ဆင်းလာခဲ့တယ်။

ပြီးတော့ အလွန်အိုမင်းရင့်ရော်နေတဲ့ အသက်အကြီးဆုံး ပုဏ္ဏားအိုကြီးအသွင်ယူလို့ ပုဏ္ဏားတို့ရဲ့မဏ္ဍပ်မှာ ဝင်ထိုင်နေလိုက်တယ်။ ဆွမ်းပင့်မယ့်ပုဏ္ဏားကြီးလည်း မကြာခင်မှာ ရောက်လာပြီး အသက် အကြီးဆုံးဖြစ်တဲ့ သိကြားမင်း ပုဏ္ဏားအိုကြီးကိုပဲ ရွေးပင့်ဆောင်သွား တယ်။

အိမ်ကိုရောက်တယ်ဆိုရင်ပဲ ပုဏ္ဏေးမကြီးဟာ ဝမ်းသာ အားရနဲ့ ကပျာကယာ ခရီးဦးကြိုဆိုတယ်။ သူ့မျက်နှာ တစ်ပြင်လုံးမှာ နှစ်လိုအားရတဲ့ အမူအရာအပြည့်နဲ့ 'အရှင်ပုဏ္ဏားကြီး ကြွတော်မူပါ။

http://www.dhammadownload.com



ဟော..ဟိုက မြင့်မြတ်တဲ့နေရာမှာ ထိုင်တော်မူပါ'လို့ ပြောရင်း နေရာပေးလိုက်တယ်။

ဒါပေမယ့်လို့ ပုဏ္ဏားအိုကြီးကတော့ သူညွှန်တဲ့နေရာမှာ လုံးဝ မထိုင်ပါဘူး။ အစွန်နားကို သွားပြီး နေရာနိမ့်ကိုမှ ရွေးထိုင်လိုက်တယ်။ ပြီးတော့ အင်မတန်ကျိုးနွံရိုသေတဲ့ အမူအရာနဲ့ ကိုရင်ငယ်လေးတွေကို တစ်လှည့်စီ လှည့်လည်ဦးညွှတ်ပြီးရှိခိုးနေတော့သတဲ့။

အဲဒီလို မယုံနိုင်လောက်တဲ့ မြင်ကွင်းကြောင့် ပုဏ္ဏေးမကြီးဟာ ပါးစပ်အဟောင်းသားနဲ့ အံ့သြမှင်သက် ဖြစ်သွားတယ်။ စိတ်ထဲမှာလည်း စောစောကအတိုင်းပဲ မရှင်လန်းနိုင်တော့ပြန်ဘူး။ အတော့်ကို ကသိကအောင့် ဖြစ်သွားပုံပဲ။

လင်ဖြစ်သူ ပုဏ္ဏားကြီးဘက်လှည့်ပြီး 'အိုအရှင်ပုဏ္ဏား၊ သင်ပင့်ဆောင်ခဲ့တဲ့ ပုဏ္ဏားကြီးဟာ အင်မတန် ထူးဆန်းအံ့ဖွယ်ပဲ။ သင့်ဖခင်အရွယ်ရှိတဲ့ ဒီပုဏ္ဏားအိုကြီးဟာ ကိုယ့်မြေးအရွယ် ကလေးသူငယ်လေးတွေကို ရှိခိုးနေပါပေါ့လား။ ဒီပုဏ္ဏားကြီးနဲ့ ငါတို့မှာ ဘာအကျိုးရှိမှာလဲ။ အိမ်ထဲကနေ အမြန်သာ ပြန်ဆွဲထုတ်လိုက်ပါတော့'လို့ ခိုင်းလိုက်သတဲ့။

ပုဏ္ဏားကြီး ဇနီးမောင်နှံဟာ သူတို့ ပင့်ဆောင်လာခဲ့တဲ့ အသက်အကြီးဆုံး ပုဏ္ဏားအိုကြီးကို သိကြားမင်းပဲရယ်လို့ ဘယ်မှာ သိနိုင်ရှာမှာလဲ။

ဒါကြောင့် ပုဏ္ဏားကြီးက မယားပြောတဲ့အတိုင်း သိကြားမင်းပုဏ္ဏားအိုကြီးကို အိမ်အပြင်ဆွဲထုတ်ဖို့ ကြိုးစားတယ်။ ပုဏ္ဏားအိုကြီးရဲ့ ပုခုံးနှစ်ဘက်ကို ချီမပြီး ဘယ်လိုပဲ ဆွဲထုတ်ပေမယ့် ကြွပါလာဖို့ဆိုတာ အသာထား။ နေရာကတောင် ရွေ့မလာခဲ့ဘူးတဲ့။

http://www.dhammadownload.com



ဒါကို မြင်တော့ ပုဏ္ဏေးမကြီးပါ ကပျာကယာ ဝင်ကူပြီး တစ်ယောက်လက်တစ်ဖက်စီ ဆွဲထုတ်ကြပြန်ပါရော။

ဟော··ဒီတစ်ခါတော့ အိမ်ရှင်ပုဏ္ဏေးမကြီးနဲ့ ပုဏ္ဏားကြီးတို့ရဲ့ ဆွဲခေါ်ရာနောက်ကို သိကြားမင်းရဲ့ လက်နှစ်ဖက်ဟာ အရှည်ကြီး ပါသွားခဲ့တယ်။ ဒါပေမယ့် ကိုယ်ကတော့ နေရာမှာပဲ ထိုင်နေမြဲ။ တံခါးဝနားရောက်တော့ အပြင်ရောက်ပြီဆိုပြီး ပုဏ္ဏားအိုကြီးရဲ့ လက်နှစ်ဖက်ကိုလွှတ်ကာ အိမ်ထဲ ပြန်ဝင်တဲ့အခါမှာ ပုဏ္ဏားအိုကြီးဟာ မူလနေရာကနေ တစ်ပြားသားမှ မရွှေ့သေး။

အဲဒီလို ထူးဆန်းတဲ့ဖြစ်ရပ်ကို မြင်တွေ့ရတော့ ဇနီးမောင်နှံနှစ်ယောက်လုံး မျက်လုံးပြူးမျက်ဆံပြူးနဲ့ ထိန့်လန့်တုန်လှုပ်ကုန်ကြတာပေါ့။

ပုဏ္ဏားအိုကြီးလည်း အဲဒီအချိန်မှာပဲ သိကြားမင်း ရုပ်သွင်ကို ထင်ရှားပြလိုက်တယ်။ ပုဏ္ဏားအိုလင်မယားဟာ သိကြားမင်းအစစ်ဖြစ်နေတာကို သိရပြီး “ငါတို့အိမ်ကို ကြွလာသူတွေဟာ ပုဂ္ဂိုလ်ထူးငါးဦးပေပဲ”လို့ အားရဝမ်းသာစွာနဲ့ မွန်မြတ်တဲ့ စားသောက်ဖွယ်တွေကို ပေးလှူဆက်ကပ်ကြတော့သတဲ့။

ဆွမ်းစားလို့ ပြီးတဲ့အခါမှာတော့ ပုဂ္ဂိုလ်ထူးငါးဦးလုံးဟာ တစ်ယောက်ကို တစ်လမ်းစီ ထူးဆန်းစွာ ပြန်ကြွတော်မူခဲ့ကြတယ်။

ကိုယ်ရင်ငယ်တစ်ပါးက အိမ်အထွတ်ကို ဖောက်ပြီး ပြန်ကြွသလို တစ်ပါးက အိမ်ရှေ့အမိုးကို ဖောက်လို့။ တစ်ပါးကလည်း အိမ်နောက်ဘက် အမိုးကို ဖောက်ပြီး ကောင်းကင်ခရီးနဲ့ပေါ့။

နောက်တစ်ပါးကတော့ မြေအတွင်း ငုတ်လျှိုးပြီး ကျောင်းတော်ကို ပြန်ကြွတော်မူခဲ့တယ်။ သိကြားမင်းကလည်း အိမ်နံပါးတစ်နေရာကို ထွင်းဖောက်ပြီး ကောင်းကင်ခရီးနဲ့ နတ်ပြည်ကို ပြန်တက်ခဲ့တယ်လေ။

http://www.dhammadownload.com



အဲဒီအချိန်ကစလို့ပဲ သိကြားမင်းနဲ့ ခုနစ်နှစ်အရွယ် ကိုရင်ငယ်လေးပါးတို့ ဆွမ်းစားကြွခဲ့တဲ့ ပုဏ္ဏားအိုကြီး ဇနီးမောင်နှံတို့ နေအိမ်ဟာ 'အပေါက်ကြီး ငါးပေါက်အိမ်'ရယ်လို့ သာဝတ္ထိ တစ်မြို့လုံးမှာ နာမည်သတင်း ပျံ့နှံ့ကျော်ကြားသွားခဲ့သတဲ့ကွယ်။

(ယဉ်ကျေးလိမ္မာ ဓမ္မရသကလေးဂျာနယ်၊ အတွဲ ၂ ပြေိလ ၁၈ ၊ ၂၀၀၆)

http://www.dhammadownload.com



http://www.dhammadownload.com

# အလှူပေးတဲ့ သူဌေးကြီး

တစ်ချိန်တုန်းက ငွေသိန်းပေါင်း ၈ ထောင်ကျော် ကြွယ်ဝချမ်းသာတဲ့ သူဌေးကြီးတစ်ဦးမှာ ဣလ္လိသလို့အမည်ရတဲ့ သူဌေးသား တစ်ယောက် ရှိသတဲ့။

သူဌေးကြီးဟာ ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာသလို စေတနာ၊သဒ္ဓါတရားလည်း အင်မတန်ပြည့်ဝထက်သန်တယ်။ ဒါပေမယ့် သူဌေးကြီးရဲ့ တစ်ဦးတည်းသားကတော့ အရာအားလုံးမှာ အဖေနဲ့ လုံးဝဆန့်ကျင်ဘက်။ ရုပ်ရည်ကလည်း သူတော်ကောင်းအသွင် မဆောင်ဘူး။ မျက်လုံးကလည်း စွေလို့။ ခြေတစ်ဖက်ကလည်း ခွင်ပြီး လက်တစ်ဖက်ကလည်း ကောက်ကွေးကွေး ဖြစ်နေသတဲ့။

ပြီးတော့ စေတနာ၊သဒ္ဓါတရားလည်း အင်မတန်မွဲပြီး ကပ်စေးနဲ လိုက်တာကလည်း လွန်ပါရောတဲ့။ သူတစ်ပါးအပေါ် တစ်ခါမှ အကောင်းမမြင်တော့ လူတွေကလည်း သူ့ကို ကြည့်လို့ ဘယ်ရမှာလဲ။ သူက လူတွေအပေါ်မှာ အလိုလို အမြင်စောင်းနေတော့ လူတွေရဲ့ မျက်လုံးထဲမှာလည်း သူ့ကို ခပ်စောင်းစောင်းဘဲ မြင်နေကြမှာပေါ့လေ။

http://www.dhammadownload.com



အဖေသူဌေးကြီးကတော့ တကယ်ပဲ ရှာမှရှား။ သူ့ရဲ့ ချမ်းသာကြွယ်ဝမှုတွေကို သူကိုယ်တိုင်လည်း သုံးဆောင်ခံစားသလို ဆွေမျိုး မိတ်ဆွေတွေ၊ အိမ်နီးနားချင်းတွေအတွက်လည်း တွန့်တို စေနှဲခြင်း လုံးဝမရှိဘဲ အခါအားလျော်စွာ ပေးကမ်းချီးမြှင့်လေ့ရှိတယ်။

ပြီးတော့ သူဌေးကြီးဟာ မိဘဘိုးဘွားတွေရဲ့ အစဉ်အလာကို ထိမ်းပြီး အမြဲတမ်း အလှူပေးနေတယ်။ ဒါကြောင့်လည်း အနယ်နယ်အရပ်ရပ်က မရှိဆင်းရဲသားတွေ၊ ချို့တဲ့နွမ်းပါးသူတွေဟာ သူဌေးကြီးကိုပဲ မှီခို ကိုးစားနေကြရတယ်လေ။

သူဌေးကြီးကလည်း အဲဒီလို အရေးကြုံလာတဲ့ အခါတိုင်းမှာ ဘဝမပြည့်စုံသူတွေကို ကူညီရိုင်းပင်းဖို့အရေး ဘယ်တုန်းကမှ ဝန်မလေးခဲ့သလို တစ်ခါမှလည်း မငြိုငြင်ခဲ့ဖူးဘူးတဲ့။

အဲ့ဒါကြောင့်ပဲ သူဌေးကြီးဟာ အရပ်လေးမျက်နှာမှာ ဘယ်သူ ဘယ်ဝါဖို့ရယ်လို့ မရည်စူးဘဲ အလှူမဏ္ဍပ်ကြီးလေးခုကို အသင့် ဆောက်လုပ်ထားတယ်။ စားဖွယ်သောက်ဖွယ်တွေနဲ့ အဝတ်အထည် အသုံးအဆောင်စတာတွေကို 'အလိုရှိသူ လာရောက်အလှူခံယူပါ' လို့ ဖိတ်မန်ပြီး နေ့စဉ်အမြဲ လှူဒါန်းပေးကမ်းတယ်။

သူဌေးကြီးရဲ့ အလှူမဏ္ဍပ်ကို နေ့စဉ် အလှူခံလာသူတွေကလည်း များမှများ။ အရပ်လေးမျက်နှာက မမျှော်လင့်ဘဲ ရောက်လာတတ်တဲ့ ခရီးသွားတွေလည်း ပါတယ်။ ရသေ့၊ ရဟန်းတွေ၊ ပုဏ္ဏားတွေလည်း ပါသတဲ့။ ပြီးတော့ မထင်မှတ်ဘဲ မီးဘေး၊ ရေဘေးစတာတွေကြောင့် စီးပွားပျက်ပြီး အားကိုးမဲ့ကာ ဒုက္ခရောက်နေသူတွေလည်း ပါတယ်။

တစ်ခါတစ်ရံဆို ကျွေးမွေးစောင့်ရှောက်သူ မဲ့နေရှာတဲ့ ခွေးကလေးတွေနဲ့ ကြောင်ကလေးတွေတောင်မှ သူဌေးကြီးရဲ့

http://www.dhammadownload.com



အလှူပေးမဏ္ဍပ်ကို ရောက်ရောက်လာတတ်သေးဆိုပဲ။

အဲဒီလို အင်မတန်မှကို စေတနာ၊သဒ္ဓါကောင်းလွန်းပြီး အလှူပေးတဲ့ သဌေးကြီးဟာ အသက်အရွယ်ကြီးလာတဲ့ တစ်နေ့မှာ သေဆုံးသွားပါလေရော။ အဲဒီနေ့ဟာ သူဌေးကြီးကို မှီခိုကိုး စားနေသူတွေအဖို့တော့ အိုးစားကွဲတဲ့နေ့လို့ ဆိုရမှာပေါ့။

သူဌေးကြီး သေဆုံးသွားတယ်ဆိုရင်ပဲ သူဌေးသားဟာ ဖခင်ကျန်ရစ်တဲ့ ပစ္စည်းဥစ္စာတွေအားလုံးကို သိမ်းပိုက်ပြီး အမွေ ဆက်ခံလိုက်တယ်။ ဒါပေမယ်လို့ အဖေ့အရိုက်အရာဖြစ်တဲ့ ကောင်းမှု အလုပ်တွေကိုတော့ ဘာတစ်ခုကိုမျှ အမွေမခံယူဘဲ အားလုံးကို ဖျက်ဆီးပစ်သတဲ့။

အလှူမဏ္ဍပ်တွေကို မီးရှို့ဖျက်ဆီးပြီး လာနေကျ ခိုကိုးရာမဲ့ ဒုက္ခသည်တွေနဲ့ အလှူခံတွေကိုလည်း ထုရိုက်နှိပ်စက်ပြီးမှ ပြန်လွှတ် တယ်။ သူဌေးသားဟာ အဲဒီလို အဖေနဲ့ လုံးဝဆန့်ကျင်ပြီး အမူအကျင့် ဆိုးလွန်းကာ ဝန်တိုစေးနဲသူတစ်ယောက် ဖြစ်နေတာကိုး။

အဖေသူဌေးကြီးသေတဲ့နေ့ကစလို့ပဲ သူဌေးသားဟာ ဖခင်ရဲ့ အမွေပစ္စည်းဥစ္စာတွေကို အလှူပေးမှု မပြုတော့ရုံမကဘဲ နေ့စဉ် နေ့တိုင်း အရက်သေစာသောက်စားပြီး ယစ်မူးနေတော့တယ်။

အဖေသူဌေးကြီးကတော့ မသေခင် လူ့ဘဝတုန်းက စေတနာ၊သဒ္ဓါအား ကြီးမားစွာနဲ့ အလှူပေးခဲ့တဲ့ ကောင်းမှုကုသိုလ် ကြောင့်ပဲ နတ်ပြည်မှာ သိကြားနတ်မင်း သွားဖြစ်နေတယ်။

တစ်နေ့မှာတော့ သိကြားမင်းဟာ လူပြည်မှာ ကျန်ရစ် သူသားကို သတိရပြီး 'ငါ့သားဟာ ငါ့လိုပဲ ကောင်းမှုကုသိုလ်တွေကို အမွေဆက်ခံကာ ပြုနေပါရဲ့လား' လို့ နတ်မျက်စိနဲ့ လှမ်းကြည့်သတဲ့။

http://www.dhammadownload.com



ဒီအခါမှာ လူ့ပြည်မှာ အရက်သမားဘဝရောက်ပြီး ဆိုးချင်တိုင်း ဆိုးတေမိုက်မဲနေတဲ့ သားဖြစ်အင်ကိုလည်း မြင်ရရော ဖခင်သိကြားမင်းဟာ ရင်ထုမနာဖြစ်ပြီး စိတ်အပျက်ကြီး ပျက်သွားရှာတယ်။

ပြီးတော့ 'ငါထားရစ်ခဲ့တဲ့ ပစ္စည်းဥစ္စာတွေကို အရက်သောက်စားပြီး အလကား ဖြုန်းတီးပစ်နေတဲ့သားကို မှတ်လောက်အောင် ဆုံးမမှ ဖြစ်တော့မယ်' လို့ တွေးပြီး လူ့ပြည်ဆင်းလာခဲ့သတဲ့။

လူ့ပြည်ရောက်တဲ့အခါ သိကြားမင်းဟာ ရုပ်သွင်အမူအရာအားလုံးကို သားသူဌေးနဲ့ တစ်ထေရာတည်းတူအောင် ဖန်ဆင်းတယ်။ ပြီးတော့ အရင်ဆုံး ဘုရင့်နန်းတော်ထဲဝင်ပြီး ဘုရင်မင်းမြတ်ထံ အခစားဝင်သတဲ့။

'အရှင်မင်းမြတ်၊ ကျွန်တော်မျိုးဟာ လူ့ဘောင်လောကကို ငြီးငွေ့နေပြီဖြစ်တာကြောင့် တောထွက်ရဟန်းပြုလိုပါတယ်။ ဒါကြောင့် ကျွန်တော်မျိုးပိုင်ဆိုင်တဲ့ ပစ္စည်းဥစ္စာအားလုံးကို ဒီနေ့ပဲ အလှူပေးခွင့်ပြုပါ' လို့ လျှောက်တင်လိုက်သတဲ့။

ဘုရင်ကြီးကလည်း အသာတကြည့်ပဲ ခွင့်ပြုလိုက်တယ်။ အဲဒီလို ဘုရင်ကြီးရဲ့ ခွင့်ပြုချက်လည်းရရော သိကြားမင်းဟာ သားသူဌေးအိမ်ကို တန်းသွားတယ်။ ဒီအချိန် သားသူဌေးကြီးက အိမ်မှာ မရှိဘူး။ အိမ်က ခြံတံခါးစောင့်တွေနဲ့ အလုပ်သမားတွေ အားလုံးကလည်း သိကြားမင်းသူဌေးကြီးကို အိမ်ရှင်သူဌေးကြီးမဟုတ်မှန်း တစ်ယောက်မှ မရိပ်မိကြဘူးတဲ့။

ဒီတော့ သိကြားမင်းဟာ သားသူဌေးရဲ့ဇနီးဖြစ်သူ သူဌေးကတော်ကြီးဆီ သွားပြီး 'အို…ရှင်မ၊ ငါဟာ ပစ္စည်းဥစ္စာအားလုံးကို စွန့်ကြဲလှူဒါန်းလိုတယ်။ လှူဒါန်းခွင့်ပြုပါ' လို့ ပြောဆိုလိုက်တယ်။

http://www.dhammadownload.com



သူဌေးကတော်ကြီးလည်း ကိုယ့်နားကိုယ်မယုံနိုင် ဖြစ်သွားပေမယ့် 'ငါ့ယောကျ်ား သူဌေးကြီးဟာ လမ်းမှာ တစ်စုံတစ်ရာ သံဝေဂ ရလာလို့ဖြစ်မှာပဲ' လို့ တွေးမိပြီး..

'အရှင်သူဌေးမင်း၊ အရှင့်စိတ်တိုင်းကျသာ ပေးလှူပါ'လို့ ပြန်ပြောလိုက်တယ်။ သိကြားမင်းလည်း မြို့ကို စည်လည်ကြော်ငြာ စေပြီး အိမ်က ဘဏ္ဍာတိုက်အားလုံးကို တံခါးဖွင့်ခိုင်းလိုက်တယ်။ ပြီးတဲ့အခါမှာ 'အလိုရှိသူတွေဟာ လိုရာကို လိုသလောက် ယူဆောင် သွားကြပါ'လို့ ပြောဆိုပြီး အလှူကြီးပေးလှူနေတော့သတဲ့။

အဲဒီအချိန်မှာ သားသူဌေးကြီးကတော့ တစ်နေရာမှာ သေရည်တစ်ဝသောက်ပြီး စိတ်ကြိုက် မူးနေတုန်းမို့ အိမ်က ဖြစ်ရပ်စုံကို ဘာမှ မသိနိုင်ရှာဘူး။ လူတွေကလည်း တစ်ကြိမ် တစ်ခါမှ အလှူမပေးဖူးတဲ့ သူဌေးကြီးရဲ့အလှူမို့ ကြိတ်ကြိတ်တိုး စည်းကားသိုက်မြိုက်စွာ အလှူခံယူနေကြလေရဲ့။

ဒီအထဲက ရွာသားတစ်ယောက်ဟာ သူဌေးကြီးစီးတဲ့ ရထားနဲ့နွားကို လှည်းလုပ်ပြီး ရွှေငွေတွေကို တင်ဆောင်ကာ သူ့ရွာ ပြန်လာခဲ့တယ်။ အိမ်ရှင်သူဌေးကြီးလည်း အရက်သောက်ပြီးရာက ပြန်လာတုန်း လမ်းမှာ ဆိုက်ဆိုက်မြိုက်မြိုက် ဆုံတွေ့ကြပါရော။

ရွာသားက 'အို...သူဌေးမင်း၊ အလွန်ကျေးဇူးကြီးမား လှပါပေတယ်ဗျာ၊ ကျွန်တော်တော့ ဒီနေ့ကစပြီး တစ်သက်လုံး ချမ်းသာစွာ နေရတော့မယ်။ အရှင်သူဌေးမင်းကို ဒီထက်ချမ်းသာ ပါစေလို့ ဆုတောင်းပါတယ်ဗျာ'လို့ ပြောရင်း အားရဝမ်းသာနဲ့ နှုတ်ခွန်းဆက်လိုက်တယ်။

ဒီအခါမှာ ဇဝေဇဝါနဲ့ မသဲမကွဲဖြစ်နေတဲ့ သူဌေးကြီးဟာ သူစီးနေကျ လှည်းကိုရော၊ နွားကိုပါ မြင်ရပြီး သူ့ပစ္စည်းတွေကို

http://www.dhammadownload.com



ချက်ချင်း ပြန်မှတ်မိသွားတယ်။ ဒီတော့ ရှာသားကို 'ဟေ့လူ၊ ခင်ဗျား ဒါဘာလုပ်တာလဲ။ ဒါ ငါ့ပစ္စည်းတွေ မဟုတ်လား'လို့ လှမ်းအော်မေးလိုက်တယ်။

ရှာသားထံက 'ဟုတ်ပါတယ်၊ အရှင်သူဌေးမင်း၊ ဒါတွေ အားလုံး အရှင့်ပစ္စည်းတွေ ချည်းပါ'လို့ တုန့်ပြန်စကားသံကို လည်းကြားရရော သူဌေးကြီးဟာ မျက်လုံးမျက်ဆန်ပြူးနဲ့ အင်မတန် ဒေါသထွက်သွားတယ်။

'မင်းဟာ ငါ့ပစ္စည်းကို ငါမသိဘဲ ခိုးလာတယ်။ လာ ငါနဲ့ ပြန်လိုက်ခဲ့၊ ဘုရင်မင်းမြတ်ထံ တိုင်မယ်'လို့ ပြောဆိုရင်း ရှာသားရဲ့လက်ကို အတင်းဆွဲတော့တာပေါ့။ ရှာသားကလည်း အတင်းပဲ ပြန်ရုန်းတယ်။ ဒီအချိန်မှာပဲ သူဌေးကြီးဟာ သူ့အိမ်ကနေ အလှူခံယူပြီး ပြန်လာတဲ့ အခြားရှာသားတွေကိုပါ တစ်ယောက်ပြီး တစ်ယောက် ထပ်တွေ့လိုက်ရပြန်တယ်။

သူတို့ အားလုံးကလည်း အရင်ရှာသားလိုပဲ။ သူဌေးကြီးကို ဝမ်းသားအားရနဲ့ လှမ်းပြီး နှုတ်ခွန်းဆက်ကြတာပေါ့။ ဒါပေမယ့် သွေးရူးသွေးတန်းဖြစ်သွားရှာတဲ့ သူဌေးကြီးကတော့ သူတို့ကို တုန့်ပြန် နှုတ်မဆက်နိုင်ဘဲ သူတို့ထံက တွေ့တွေ့သမျှ သူ့ပစ္စည်းတွေကို မှတ်မိပြီး အတင်းအဓမ္မ လုလားဆွဲလား လုပ်နေတော့သတဲ့။

ဒီအခါမှာ ရှာသားတွေက 'ခင်ဗျားဟာ တကယ်သူဌေးကြီး အစစ်မှ မဟုတ်ဘဲ။ သူဌေးကြီးအစစ်က အခုထိ အိမ်မှာ အလှူကြီး ပေးလှူနေတုန်းပဲ'လို့ ဆိုကာ သူဌေးကြီးကို ဝိုင်းပြီး ရိုက်နှက် နှိပ်စက်ကြသတဲ့။

အဲဒါကြောင့်ပဲ သူဌေးကြီးခမျာ တစ်ကိုယ်လုံး ဒဏ်ရာတွေ ပြည့်လို့ စိတ်ဆိုးခြင်း၊ မကျေနပ်ခြင်းတွေနဲ့ ရပ်ပျက်ဆင်းပျက်

http://www.dhammadownload.com



ဖြစ်ကာ အိမ်ကို အပြေးပြန်သွားတော့တယ်။

အိမ်ရောက်တဲ့အခါမှာလည်း တံခါးစောင့်တွေက သူဌေးကြီး ကို ခြံတံခါး လုံးဝဖွင့်မပေးကြဘူး။ သူဌေးကြီးအတု လာတယ်ဆိုပြီး ဝေးရာကို ဆွဲထုတ်ကြသတဲ့။ နောက်ဆုံးမှာတော့ သူဌေးကြီးဟာ အားကိုးရာမဲ့ဖြစ်ပြီး နန်းတော်ထဲဝင်ကာ ဘုရင်မင်းမြတ်ထံ အဖြစ်မှန်ကို လျှောက်ကြားတိုင်တန်းတော့တယ်လေ။

ဘုရင်ကြီးက 'သူဌေးမင်း၊ သင်ကိုယ်တိုင်ပဲ ငါ့ထံလာပြီး အလှူပေးဖို့ ခွင့်ပန်ခဲ့တာ မဟုတ်လား' လို့ မေးလိုက်တယ်။

ဒီအခါမှာ သူဌေးကြီးက ဘုရင်မင်းကြီးကို လက်နှစ်ဖက်ကာပြရင်း 'မဟုတ်ဘူးပါ၊ အရှင်မင်းကြီး။ တစ်စုံတစ်ယောက်က ကျွန်တော်မျိုးပုံကို အတုလုပ်ပြီး ကျွန်တော်မျိုးကို ဒုက္ခရောက်အောင် နှိပ်စက်နေခြင်းသာ ဖြစ်ပါတယ်။ ခေါ်ယူစစ်မေးတော်မူပါအရှင်မင်းကြီး' လို့ ပြန်လျှောက်တင်သတဲ့။

ဒါကြောင့် ဘုရင်ကြီးက သူဌေးကြီးနှစ်ယောက်လုံးကို နန်းတော်ထဲခေါ်ပြီး အမှုစစ်မေးတော်မူတယ်။ ဘုရင်ကြီးနဲ့အတူ ပညာရှိအမတ်ကြီးတွေအားလုံးဟာ သူဌေးကြီးနှစ်ယောက်ကို အစစ်အတု ဘယ်လိုမှ မခွဲခြားနိုင်ကြဘူး။

ရုပ်ရည်ကော ခြေခွင်တာ၊ မျက်လုံးစွေတာစတဲ့ အရာအားလုံး ချွတ်စွတ်တူနေတဲ့ သူဌေးကြီးနှစ်ဦးကို ကြည့်ပြီး အားလုံး အံ့အားသင့်နေကြသတဲ့။

အဲဒီအချိန်မှာ သူဌေးကတော်နဲ့ အိမ်သူအိမ်သားတွေ အလုပ်သမားတွေကလည်း သိကြားမင်းသူဌေးကြီးရဲ့နံဘေးမှာပဲ ခြံရံပြီး ရှိနေကြတယ်။ သူတို့အားလုံးကလည်း သိကြားမင်းသူဌေးကြီးကိုပဲ

http://www.dhammadownload.com



သူဌေးကြီးအစစ်ရယ်လို့ သက်သေခံပေးကြသတဲ့။ အဲဒါကြောင့် အိမ်ရှင်သူဌေးကြီးခမျာ အားလုံးကြားမှာ တစ်ယောက်တည်း အားကိုးမဲ့ပြီးသနားစဖွယ်ဖြစ်နေတော့ရှာတယ်။

နောက်ဆုံးမှာတော့ အိမ်ရှင်သူဌေးကြီးဟာ ကြံရာမရဘဲ 'အရှင်မင်းကြီး ကျွန်တော်မျိုးကို ဆံပင်ပြုပြင်ပေးတဲ့ ဆတ္တာသည်ကို ခေါ်ယူစစ်မေးတော်မူပါ။ ကျွန်တော်မျိုးခေါင်းမှာ မှည့်နက်တစ်လုံး ရှိပါတယ်'လို့ နောက်ဆုံးအကြံအနေနဲ့ ဘုရင်မင်းမြတ်ကိုလျှောက်တင်လိုက်သတဲ့။

ဆတ္တာသည် ရောက်လာတဲ့အခါမှာလည်း ဘာမျှ မထူးခြားလှပါဘူး။ ဆတ္တာသည်ဟာ သူဌေးကြီး နှစ်ယောက်စလုံးရဲ့ဦးခေါင်းမှာမှည့်ရှိနေကြောင်း သက်သေခံပေးလိုက်တာကိုး။

အဲဒီလို ဘယ်လိုနည်းနဲ့မှ အစစ်အတု ခွဲခြားစစ်ဆေးလို့ အဖြေထွက်မလာတဲ့အဆုံးမှာတော့ အိမ်ရှင်သူဌေးကြီးဟာ အင်မတန် စိတ်ထိခိုက်သွားရှာတယ်။

ငါပိုင်ဆိုင်တဲ့ ပစ္စည်းဥစ္စာတွေကို ဘယ်လိုနည်းနဲ့မှ ပြန်ရနိုင်မှာမဟုတ်တော့ပါဘူးလို့ တွေးပြီး ဝမ်းနည်းပူဆွေးရင်း စိတ်ခတ်ကျသွားရှာတယ်။ မကြာခင်မှာ သူဌေးကြီးဟာ နေရာမှာတွင် မူးမေ့မျောပြီးလဲကျသွားရှာသတဲ့။

သူဌေးကြီး သတိရလာချိန်မှာတော့ သူဌေးကြီးအတုဟာ သိကြားမင်းရုပ်သွင်ကို ထင်ရှားပြပြီး အားလုံးကို ရှင်းလင်းပြောဆိုပြတယ်။ ပြီးတဲ့အခါမှာ သားသူဌေးကိုလည်း နောက်နောင်မှာ အရက်သေစာသောက်စားပြီး ဆိုးတေမိုက်မဲမှုတွေကို ရှောင်ကြဉ်ဖို့နဲ့ ဖခင်အရိုက်ရာဖြစ်တဲ့ အလှူဝတ်တွေကို ပြန်ပြီး ပြုကျင့်အားထုတ်ဖို့

http://www.dhammadownload.com



ပြောဆိုဆုံးမသတဲ့။

ဒီနေ့ကစပြီး ဖခင်ရဲ့အလျှုမဏ္ဍာပ်တွေကို အရင်လို မပြုလုပ်မလှူဒါန်းပါက သူကိုယ်တိုင်လာပြီး ဝရဇိန်လက်နက်နဲ့ ဦးခေါင်းရိုက်ခွဲသတ်ပစ်မယ့်အကြောင်း သတိပေးပြောဆိုပြီး နတ်ပြည် ပြန်တက်သွားသတဲ့။

သူဌေးကြီးလည်း အင်မတန် စိုးရိမ်ကြောက်လန့်သွားပြီး ဖခင်ရဲ့ အလှူကျင့်ဝတ်တွေကို အရင်ကအတိုင်း ပြုလုပ်ဆောက်တည်တာကြောင့် အဲဒီနေ့ကစပြီး ဖခင်သူဌေးကြီးလိုပဲ အလှူပေးတဲ့ သူဌေးကြီး ဖြစ်သွားသတဲ့ကွယ်။

(ယဉ်ကျေးလိမ္မာ ဓမ္မရသကလေးဂျာနယ်၊ အတွဲ ၂ မေလ ၁၆ ရက်၊ ၂၀၀၆)

http://www.dhammadownload.com



http://www.dhammadownload.com

# အလှူပြိုင်ပွဲ

ဗုဒ္ဓဘာသာ မြန်မာလူမျိုးတွေရဲ့ လေ့စကားတစ်ခုကို ကြားဖူးကြတယ်မဟုတ်လား။ 'အလှူရေစက် လက်နဲ့မကွာ' ဆိုတာလေ။ တောမှာပဲဖြစ်ဖြစ်၊ မြို့မှာပဲနေနေ လူကြီးတွေရော ကလေးတွေပါ ဗုဒ္ဓဘာသာဝင်အားလုံးဟာ အလှူနဲ့လက် ပြတ်တယ် ရယ်လို့ကို မရှိကြပါဘူး။

ဒါကြောင့် နွေမိုးဆောင်းဆိုတဲ့ ရာသီတွေသာ အလီလီပြောင်း သွားပေမယ့်လို့ ဗုဒ္ဓဘာသာမြန်မာ လူမျိုးတွေမှာ နေ့နေ့ညည အလှူဒါနတွေကတော့ ပြောင်းလဲ မသွားခဲ့ကြဘူး။ ဟောင်းလည်း ဟောင်းနွမ်း မသွားဘဲ တပျော်တပါးကြီးကို ပြုလုပ်နေဆဲ။ လှူဒါန်း နေကြဆဲပေါ့။

အဲဒီလို အိမ်ထဲမှာလဲ လှူ၊ အိမ်ပြင်ရောက်ပြန်တော့လည်း လှူကြတန်းကြလို့။ လမ်းလျှောက်နေတုန်းမှာတောင်မှ လမ်းပေါ်မှာ အလှူခံတွေကို တွေ့ရကြုံရတဲ့အခါ လမ်းဘေးက ခိုကလေးတွေ၊ ငှက်ကလေးတွေကို တွေ့တဲ့အခါမျိုးတွေမှာ လက်မနှေးဘဲ မဆိုင်းမတွ လှူဖြစ်တန်းဖြစ်ကြတယ်လေ။

http://www.dhammadownload.com



ကဲ…အဲဒီလို လှူကြတန်းကြတော့ကော ဘာဖြစ်လာမှာ မို့လဲ?၊ မလှူရင်ကော?.. လို့ မေးလာခဲ့ရင် ကလေးတို့ ဘယ်လို ဖြေကြမှာလဲ။

ရှေးလူကြီးသူမတွေကတော့ 'လှူရင်တိုး၊ ခိုးရင်မွဲ' လို့ ဆိုရိုးစကားနဲ့ ဆုံးမညွှန်ပြထားခဲ့ကြတယ်လေ။ နည်းနည်းလှူပေမယ့်လို့ စေတနာကောင်းရင် ကောင်းကျိုးအများကြီး ပြန်ရတယ်။

နည်းနည်းခိုးပေမယ့်လို့ စေတနာဆိုးရင် ဆိုးသလောက် မွဲတေဆင်းရဲရတတ်သတဲ့။ ဒီတော့ ကလေးတို့လည်း ခုလို ငယ်ရွယ်တုန်းအချိန်ကတည်းကိုက အလှူနဲ့ပတ်သတ်ပြီး 'လှူတာကို ယူတာ' လို့ မှတ်ထားကြရမှာပေါ့နော်။

××××××

တစ်ခါတုန်းက သာဝတ္ထိမြို့ပေါ်မှာ အင်မတန်ကြီးကျယ်တဲ့ အလှူပြိုင်ပွဲကြီးတစ်ခု ရှိခဲ့ဖူးတယ်။ သာဝတ္ထိပြည့်ရှင် ကောသလဘုရင်ကြီးဟာ တစ်နေ့တော့ နန်းတော်ထဲမှာ အရင်နဲ့မတူဘဲ တစ်မူထူးခြားတဲ့ အလှူပွဲကြီးတစ်ခု ပြုလုပ်ပြီး မြတ်စွာဘုရားနဲ့ သံဃာတော်တွေကို ပင့်ဖိတ်လှူဒါန်းသတဲ့။

ဘုရင်မင်းမြတ်ရဲ့ အလှူပွဲဆိုတော့ နန်းတွင်းသူ နန်းတွင်းသားတွေနဲ့အတူ မှူးကြီးမတ်ရာ သေနာပတိကြီးတွေ၊ သူဌေး၊သူကြွယ်တွေဟာ တပျော်တပါး ပါဝင်ဆင်နွဲကြတာပေါ့။ ကျန်တဲ့မြို့သူမြို့သားတွေကိုတော့ အလှူပွဲကို လာရောက်ကြည့်ရှုဖို့ ဖိတ်ထားသတဲ့။

အလှူရှင်ကလည်း သာဝတ္ထိပြည့်ရှင် ဘုရင်မင်းကြီးဆိုတော့ လူတွေကလည်း အလွန်များပြီး ကြိတ်ကြိတ်တိုး စည်ကားလေတော့ အင်မတန်ပျော် စရာကြီးပေါ့။

http://www.dhammadownload.com



ဒီလိုနဲ့ မြို့သူမြို့သားတွေဟာ ခြိမ့်ခြိမ့်သဲ စည်းကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ခဲ့တဲ့ ဘုရင့်အလှူပွဲကို ကြည့်ပြီး သူတို့ကိုယ်တိုင် လှူချင်တန်းချင်စိတ်တွေ တဖွားဖွား ဖြစ်ပေါ်လာသတဲ့။ ဒီတော့ မြို့သူမြို့သားတွေဟာ ဘုရင်ကြီးကို အားကျမခံ တစ်မြို့လုံးစုပေါင်းပြီး အလှူပွဲကြီး ပြုလုပ်ကျင်းပဖို့ တိုင်ပင်ကြတယ်။

ပြီးတဲ့အခါမှာ သူတို့ဟာ အစစအရာရာ ဘုရင်မင်းမြတ် အလှူပွဲထက်သာအောင် မဏ္ဍာပ်ကြီးတွေဆောက်၊ လှူဖွယ်ပစ္စည်းမျိုးစုံကို စီမံပြီး ကြီးကျယ်ခမ်းနားတဲ့ အလှူပွဲကြီးကို မြို့လုံးကျွတ် တပျော်တပါး စည်းကားသိုက်မြိုက်စွာ ပြုလုပ်ကြသတဲ့။ ပြီးတော့ ဘုရင်ကြီးကိုလည်း အလှူပွဲကို လာရောက်အားပေးဖို့ ဖိတ်မံထားကြသတဲ့။

ဘုရင်ကြီးလည်း မြို့သားတွေရဲ့အလှူပွဲကို လာရောက်အားပေးပြီးတဲ့အခါ သူတို့အလှူပွဲရဲ့ ကြီးကျယ်ခမ်းနားပုံကို မြင်ပြီး သူတို့ထက်သာတဲ့ အလှူပွဲကြီးတစ်ခုကို ပြုလုပ်ချင်စိတ်တွေ တဖွားဖွား ဖြစ်ပေါ်လာပြန်ပါရော။ ဒါကြောင့် ဘုရင်ကြီးဟာ နောက်တစ်နေ့မှာ အလှူပွဲတစ်ခု ထပ်မံပြုလုပ်ပြီး လှူဒါန်းပြန်တယ်။

အဲဒီလို ဘုရင့်အလှူပွဲကြီး ပြီးသွားပြန်တဲ့အခါမှာလည်း မြို့သူမြို့သားတွေဟာ အရင်လိုပဲ ထပ်ပြီး လှူချင်တန်းချင်စိတ်တွေ ဖြစ်လာကြပြန်လို့ ထပ်လှူဒါန်းကြပြန်သတဲ့။

ဒီလိုနဲ့ ပြည်သူလူထုနဲ့ ဘုရင်ကြီးတို့ဟာ သူတစ်ပြန် ကိုယ်တစ်ပြန် အလှူပွဲကြီးတွေကို အပြိုင်အဆိုင် ပြုလုပ်လာကြတာ ခြောက်ကြိမ်တိတိ ရှိသွားတယ်။

ခုနစ်ကြိမ်မြောက်လည်းရောက်ရော ဘုရင်ကြီးက 'ဒီတစ်

http://www.dhammadownload.com



ကြိမ်တော့ ဘယ်သူမှ လိုက်မယှဉ်ပြိုင်နိုင်အောင် အလှူပွဲကြီးကို အကြီးကျယ်ဆုံး၊ အခန်းနားဆုံးဖြစ်အောင် စီမံမယ်'လို့ စဉ်းစားမိသတဲ့။ ဒါကြောင့် ဒီကိစ္စကို အကြံဉာဏ်ကောင်းတဲ့ မိဖုရားကြီး မလ္လိကာနဲ့ တိုင်ပင်ပြီး အကူညီတောင်းတယ်။ မိဖုရားကြီးကလည်း မင်းကြီးစိတ်ကျေနပ်အောင် အကြီးကျယ်ဆုံး အလှူပွဲကြီးအတွက် ကိုယ်တိုင်ပါဝင် စီမံပေးဖို့ သဘောတူလိုက်တာပေါ့။

နောက်နေ့မှာတော့ မိဖုရားကြီးဟာ အလှူပွဲအတွက် အစစအရာရာ လိုလေသေးမရှိ ပြည့်စုံအောင် စီမံတယ်။ အလှူမဏ္ဍပ်ကိုလည်း အခန်းနားဆုံး ဆောက်လုပ်ခိုင်းပြီး အလှူပွဲကို 'တုနှိုင်းမဲ့အလှူပွဲ'လို့ အမည်တပ်ထားလိုက်တယ်။

ပြီးတော့ အလှူမဏ္ဍပ်ထဲမှာ မြတ်စွာဘုရားနဲ့ သံဃာတော်ငါးရာတို့ ထိုင်ဖို့နေရာကို ရတနာပလ္လင်နဲ့ ခင်းကျင်းပြီး ဆင်အစီးငါးရာက ထီးဖြူငါးရာနဲ့ ဆောင်းပေးထားတယ်။ မဏ္ဍပ်ကြီးရဲ့ အလည်ဗဟိုရ်မှာတော့ ရေမွှေးရနံ့စုံတွေ ဖျော်ပြီး ပန်းမျိုးစုံထည့်ထားတဲ့ ရွှေလှေဆယ်စင်းကို ခင်းကျင်းထားတယ်။

ပြီးတော့ ပလ္လင်နှစ်ခုစီရဲ့အလယ်မှာ မင်းသမီးတစ်ပါးစီက နံ့သာတုံးတွေကို ကြိတ်သွေးနေကြရတယ်။ ယပ်ခပ်ပေးဖို့အတွက် ရဟန်းတော်နှစ်ပါးကြားမှာ မင်းသမီးတစ်ပါးစီကို နေရာယူခိုင်းထားတယ်။ အချို့မင်းသမီးတွေကတော့ ရွှေလှေကြီးတွေထဲက ပန်းတွေနဲ့ နံ့သာတွေကို ရောမွှေပေးနေကြလေတော့ အလှူမဏ္ဍပ်တစ်ခုလုံးမှာလည်း မွှေးရနံ့စုံတွေဟာ သင်းပျံ့ကြိုင်မွှေးလို့ပေါ့။

အဲဒီလို ထူးခြားပြီး ဆန်းကြယ်လှတဲ့ တုနှိုင်းမဲ့အလှူပွဲကြီးကို ရင်သပ်ရှုမော တွေ့မြင်ကြရတဲ့အခါမှာတော့ မြို့သူမြို့သားတွေဟာ

http://www.dhammadownload.com



ဒီတစ်ကြိမ်တော့ ဘုရင်ကြီးကို အရှုံးပေးပါပြီလို့ အတိအလင်း ဝန်ခံလိုက်ကြရတယ်လေ။

ဟုတ်တာပေါ့။ ဉာဏ်ကြီးတဲ့ မိဖုရားကြီး မလ္လိကာကိုယ်တိုင်က ဒီအလှူပွဲကို မြို့သူမြို့သားတွေ လိုက်မယှဉ်နိုင်အောင် ထီးဖြူတွေ၊ ဆင်တော်တွေ၊ မင်းသမီးတွေ၊ ရွှေလှေတွေနဲ့ စီစဉ်ထားခဲ့တာကိုး။

ဒီ့ထက်ပိုပြီး ထူးခြားတာတစ်ခု ရှိသေးတယ်။ အဲဒါကတော့ ဘုရင့်အမတ်ကြီးနှစ်ဦးဟာ အလှူပွဲနဲ့ပတ်သတ်ပြီး မတူညီတဲ့ စိတ်ခံစားချက်တွေ ကိုယ်စီကိုယ်စီ ဖြစ်ပေါ်ခံစားနေကြတာပဲတဲ့။

တစ်ယောက်က အမတ်ကြီးဇုဏှပေါ့။ သူက 'ဒီလောက်အံ့ဖွယ်ကောင်းတဲ့ အလှူကြီးကို ဘုရင်မင်းမြတ်မှလွဲရင် ဘယ်သူမျှ မလုပ်နိုင်ပါဘူး။ ငါတို့ဘုရင်ကြီး တော်ပါပေတယ်'လို့ ဂုဏ်ယူဝမ်းမြောက်ပြီး အားတက်သရော ကြည်နူးပျော်ရွှင်နေတယ်။

နောက်တစ်ယောက်ကတော့ အမတ်ကြီးကာဠပေါ့။ သူကတော့ အမတ်ကြီးဇုဏှနဲ့ လုံးဝဆန့်ကျင်ဘက်။ ဘုရင်မင်းမြတ်ရဲ့ အလှူပွဲကို မြင်ရပြီး အမတ်ကြီးကာဠဟာ တစ်ယောက်တည်း တွေးရင်းတွေးရင်း စိတ်မချမ်းမမြေ့နိုင် ဖြစ်နေရရှာတယ်။ 'ငါတို့ဘုရင်ကြီးဟာ ဒီလောက်ကြီးကျယ်တဲ့ အလှူပွဲကို ငွေ ၁၄ ကုဋေတောင် အကုန်ခံပြီး ပြုလုပ်တာ အင်မတန်နှမြောဖို့ ကောင်းလိုက်တာ'ဆိုပြီး အလိုဂိုသဝန်တိုစိတ်တွေ ဖြစ်ကာ ပူပန်ညှိုးနွမ်းနေရှာသတဲ့။

နောက်နေ့မှာတော့ ဘုရင်ကြီးနဲ့ မိဖုရားကြီးဟာ အလှူအောင်ပွဲအဖြစ် မြတ်စွာဘုရားထံမှာ ရေစက်ချတရား နာယူကြတယ်။ ရေစက်ချတရားမနာခင်မှာ ဘုရင်ကြီးက 'ငါတစ်သက်မှာ ဒီလောက်ကြီး

http://www.dhammadownload.com



ကျယ်တဲ့ အလှူမျိုး ဒီတစ်ကြိမ်ပဲ ပြုဖူးသေးတယ်။မြတ်စွာဘုရား ကလည်း ငါတို့ကို ဒီအလှူနဲ့ထိုက်တန်မယ့် ဆန်းကြယ်တဲ့တရားမျိုးကို ဟောတော်မူလိမ့်မှာပဲ'လို့ တွေးထင်နေသတဲ့။

ဒါပေမယ့် တကယ်တမ်းမှာ မြတ်စွာဘုရားက သာမန်တရား တစ်ပုဒ်ပဲဟောကြားတော်မူခဲ့ပြီး ကျောင်းပြန်ကြွသွားတော်မူသတဲ့။

ဒါကြောင့် ရေစက်ချတရားပွဲအပြီးမှာ အလှူ့ရှင်ဘုရင်ကြီးဟာ စိတ်မချမ်းမမြေ့ဖြစ်ပြီး မြတ်စွာဘုရားကျောင်းတော် လိုက်သွားခဲ့တယ်။ ကျောင်းရောက်တဲ့အခါ 'အရှင်မြတ်ဘုရား၊ တပည့်တော်ရဲ့ အလှူဟာ သာမန်အလှူဖြစ်နေလို့ သာမန်တရားမျိုးပဲ ဟောကြားတော်မူခဲ့ တာလားဘုရား'လို့ မေးလျှောက်သတဲ့။

ဒီအခါမှာ မြတ်စွာဘုရားက အမတ်နှစ်ဦးရဲ့ မတူညီတဲ့ စိတ် အကြံနှစ်မျိုးကို ပြောပြပြီး အလှူကြီးပေမယ့်လည်း စေတနာဖြူစင် သန့်ရှင်းနိုင်ပါမှ အလှူရဲ့တန်ဖိုး ကြီးမြတ်တဲ့အကြောင်းကို မိန့်တော်မူ လိုက်သတဲ့။

နန်းတော်ပြန်ရောက်တဲ့အခါ ဘုရင်ကြီးဟာ အမတ်ကြီး နှစ်ဦးကို အလျင်အမြန် ခေါ်ယူစစ်မေးတော်မူတယ်။ အဖြစ်မှန်ကို သိရတဲ့အခါမှာ ဘုရင်ကြီးက အလှူအပေါ်မှာ ဝမ်းမမြောက်နိုင်ဘဲ နှမြောတွန့်တိုစိတ်ဖြစ်နေတဲ့ အမတ်ကြီးကာဠကို တိုင်းပြည်ကနေ နှင်ထုတ်လိုက်တယ်။

ပြီးတော့ အလှူအပေါ်မှာ ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး သာဓု အကြိမ်ကြိမ်ခေါ်နေတဲ့ အမတ်ကြီးဇုဏှကိုတော့ ခုနစ်ရက်ခုနစ်လီ မင်းစည်းစိမ်ပေးပြီး ဆုတော်လာဘ်တော်တွေ ချီးမြှင့်လိုက်သတဲ့ကွယ်။

ကလေးတို့တစ်တွေလည်း သာဝတ္ထိမြို့က မင်းနဲ့ပြည်သူတို့ရဲ့

http://www.dhammadownload.com



အလှူပြိုင်ပွဲကို အားကျပြီး အလှူရေစက် လက်နဲ့မကွာအောင် ကြိုးစားနိုင်ကြပါစေကွယ်။

ဒီ့ထက်ပိုလို့ အရေးကြီးတာက လက်နဲ့ကွာပေမယ့်လို့ စိတ်နဲ့ ကွာမနေဖို့ပဲ။ ကိုယ်က မလှူနိုင်ရင်တောင်မှ သူတစ်ပါးလှူတာ တန်းတာတွေအပေါ်မှာ ကိုယ့်စိတ်ဟာ ကြည့်ဖြူရွှင်လန်းပြီး ဝမ်းမြောက် ဝမ်းသာ ဖြစ်နေနိုင်ရမယ်လေ။ တတ်နိုင်ရင်တော့ ကိုယ်လည်း မဝေး၊ စိတ်လည်း မကွာစေဘဲ လက်ပါ မခွာအောင် ကြိုးစားနိုင်ရင်တော့ အကောင်းဆုံးပေါ့ကွယ်။

(ယဥ်ကျေးလိမ္မာဓမ္မရသကလေးဂျာနယ်၊ အတွဲ ၂၊ မေလ ၉ ရက်၊ ၂၀၀၆။)

http://www.dhammadownload.com

# အဘိုးအိုနှင့် သားလေးယောက်



http://www.dhammadownload.com

# အဘိုးအိုနှင့်သားလေးယောက်

တစ်ခါတုန်းက သာဝတ္ထိမြို့က ပုဏ္ဏား အဘိုးအိုဇနီးမောင်နှံမှာ သားလေးယောက် ရှိသတဲ့။ အဘိုးအိုလင်မယားဟာ ငွေသိန်းပေါင်း ရှစ်ရာလောက် ကြွယ်ဝချမ်းသာတယ်။

သားလေးယောက်တို့ဟာ အရွယ်ရောက်လာတယ်ဆိုရင်ပဲ ကိုယ်စီကိုယ်စီ အိမ်ထောင်ပြုပြီး ကိုယ့်အိုးကိုယ့်အိမ် ခွဲနေကြသတဲ့။ သူတို့ အိမ်ခွဲတဲ့အခါမှာ ဖခင်အဘိုးအိုက လက်ဖွဲ့အဖြစ် သားတွေကို ငွေတစ်သိန်းစီ ခွဲပေးလိုက်တယ်။

ဖခင်အဘိုးအိုက 'ငါတို့လင်မယားက သက်ကြီးရွယ်အိုတွေဖြစ်နေပြီ။ စားဝတ်နေရေးအတွက် မရှာဖွေနိုင်ကြတော့ဘူး။ ဒီတော့ ငါတို့မှာရှိတဲ့ ငွေတွေကို အိုစာမင်းစာအတွက် ချန်ထားမှဖြစ်မယ်' လို့ နောင်ရေးကို တွေးမိတာကိုး။ အဲဒါကြောင့်မို့ ငွေသိန်းပေါင်း ရှစ်ရာလောက်ကြွယ်ဝချမ်းသာပေမယ့် သားတစ်ယောက်ကို ငွေတစ်သိန်းစီပဲခွဲပေးခဲ့တာ ဖြစ်သတဲ့။

အဲဒီလိုနဲ့ တစ်နေ့မှာတော့ အဘိုးအိုရဲ့ဇနီး ပုဏ္ဏေးမကြီး သေဆုံးသွားတယ်။ ဒီနောက်ပိုင်းမှာတော့ သားလေးယောက်ဟာ ဖခင်အဘိုးအိုဆီ အပူတပြင်း ချဉ်းကပ်လာပြီး အဘိုးအိုကို အရင်ကထက်ပိုလို့ ပြုစုယုယကြသတဲ့။

http://www.dhammadownload.com



ဘာလို့လည်းဆိုတော့ အဘိုးအိုဆီမှာ သူတို့အတွက် အမွေတောင်းယူစရာ ငွေတွေအများကြီး ကျန်ရှိနေသေးတာကိုး။ သူတို့က 'တကယ်လို့ ငါတို့အဖေသာ နောက်မိန်းမယူသွားခဲ့ရင်' ဆိုတဲ့ အတွေးမျိုး ရှိနေကြတယ်လေ။

အဲဒါကြောင့် သားလေးယောက်ဟာ အရင်ကလိုမဟုတ်ဘဲ အချင်းချင်း တိုင်ပင်ညီညွတ်ပြီး ဖခင်အဘိုးအိုကို တစ်လှည့်စီ ခေါ်ပြီး ပြုစုလုပ်ကျွေးကြတယ်။ သူတို့ဖခင်အတွက် ကောင်းပေ့ဆိုတဲ့ စားဖွယ်သောက်ဖွယ်တွေ ကျွေးမွေးပြီး အင်္ကျီအဝတ်ပုဆိုးဆိုရင်လည်း အကောင်းစားကိုမှ ဝယ်ပြီး ဆင်ဝတ်ပေးကြတယ်။

ပြီးတော့ ဖခင်အဘိုးအိုကို နေ့စဉ်ညတိုင်းမှာ တစ်လှည့်စီ ခြေဆုပ်လက်နယ်ပြုလို့ လိုလေသေး မရှိအောင်ပဲ ပြုစုယုယကြတယ်။ ဒါတွင်မကဘဲ သူတို့သားမယားတွေကိုလည်း 'ရှင်မတို့၊ ငါတို့ဖခင်ကိုငါတို့ထက်ပိုပြီးကောင်းမွန်ရိုသေစွာဆက်ဆံပါပြုစုလုပ်ကျွေးပါ' လို့တောင် မှာထားကြသေးသတဲ့။

တကယ်ဆို ဖခင်အဘိုးအိုကို အခုလို သားနဲ့ချွေးမတွေ ပြုစုလုပ်ကျွေးနေကြတာက မိဘကိုရိုသေလို့၊ ကျေးဇူးသိတက်လို့၊ ချစ်ခင်မြတ်နိုးလို့ရယ် ဘယ်ဟုတ်လိမ့်မှာလဲ။ သူတို့ဖခင်ထံက အမွေရစရာ ငွေမျက်နှာကြောင့်သာပဲ။ ချစ်ခင်မြတ်နိုးလေယောင်နဲ့ ဒီယုန် မြင်လို့ ဒီချုံထွင်နေကြတာပေါ့။ ဒါကို အဘိုးအိုခမျာကတော့ ဘယ် သိနိုင်ရှာမှာလဲ။

ဒီတော့ သားလေးယောက်အိမ်မှာ တစ်လှည့်စီ လှည့်လည် နေထိုင်ပြီး သား၊မြေးမိသားစုတွေနဲ့အတူ ပျော်ရွှင်ချမ်းမြေ့စွာ နေနေရ တာကိုပဲ အကျေနပ်ကြီး ကျေနပ်ပျော်ရွှင်နေတယ်။ အဲဒီလို အဘိုးအိုရဲ့ ကျေနပ်နှစ်လိုတဲ့ အမူအရာကို သိလာရတဲ့အခါမှာ သားတွေဟာ

http://www.dhammadownload.com



သူတို့အကြံအတိုင်း အဘိုးအိုဆီမှာ အမွေတောင်းကြတော့တယ်။

ပြီးတော့ ဖခင်အဘိုးအိုကို သူတို့အိမ်တွေမှာ အလှည့်နဲ့ လှည့်လည်နေထိုင်ပြီး တစ်သက်လုံး သားချွေးမတွေရဲ့ ကျွေးမွေး ပြုစုမှုကို လက်ခံဖို့ကိုပါ တစ်ပါတည်း ပြောဆိုကြသတဲ့။

ဒီတော့ အဘိုးအိုဟာ သားတွေ၊ချွေးမတွေအပေါ်မှာ ယုံကြည်အားကိုးစိတ် ဖြစ်နေခဲ့တာမို့ ဘာမှ ထွေထွေထူးထူး စဉ်းစား မနေတော့ဘဲ သားတွေရဲ့တောင်းဆိုမှုကို ကြည်ကြည်ဖြူဖြူပဲ လက်ခံ သဘောတူလိုက်တယ်။ ပြီးတော့ သူ့မှာ ရှိသမျှငွေအားလုံးကို လေးစုခွဲပြီး သားတွေကို အမွေပေးလိုက်တယ်။

အဲဒီနေ့ကစလို့ပဲ အဘိုးအိုဟာ အရင်ဆုံး သားကြီးအိမ်မှာ နေထိုင်တယ်။ တစ်လလောက်ရောက်လာတဲ့အချိန်မှာ သားကြီးနဲ့ ချွေးမတို့ဟာ အတူတိုင်ပင်ပြီး အဘိုးအိုကို သူတို့အိမ်ကနေ အပြီးနှင်ချ လိုက်ကြသတဲ့။

သားကြီးရဲ့မယားက 'အဘိုးအို၊ သင်ဟာ သားလေးယောက် ကို အမွေခွဲပေးခဲ့တုန်းက သားအကြီးပဲဆိုပြီး ပိုပေးခဲ့တာရှိလို့လား။ ဒါကြောင့် နောက်နောင် ဒီအိမ်ပေါ်ကို ပြန်တက်ဖို့ စိတ်မကူးတော့ ပါနဲ့'လို့ အပြစ်ရှာပြောကာ နှင်ထုတ်သတဲ့။

အဲဒီလို သားကြီးနဲ့ချွေးမက နှင်ချလိုက်တာကို ကြုံရတော့ အဘိုးအိုခမျာ အင်မတန် စိတ်ဆင်းရဲသွားရှာတယ်။ သူ့ခမျာ စိတ်ထိ ခိုက်လွန်းပြီး သားကြီးအိမ်ကို နောက်တစ်ခါ ဘယ်တော့မှ လှည့် မကြည့်တော့ဘူးလို့တောင် ဆုံးဖြတ်ပြီး သားလတ်အိမ်ကို အားကိုး တကြီးနဲ့ ပြောင်းလာခဲ့ပြန်တယ်။

တကယ်တော့ သားလေးယောက်လုံးဟာ ဟို·အရင်တုန်းက ငွေကို အမွေရလိုတဲ့ ငွေမျက်နှာကြောင့်သာ ဖခင်အဘိုးအိုကို ပြုစု

http://www.dhammadownload.com



လုပ်ကျွေးခဲ့ကြတာပဲ။ ခုတော့ အဘိုးအိုထံမှာ မက်စရာ ငွေမရှိတော့တာကြောင့် ကိုယ့်ဖခင်အရင်းကိုတောင်မှ ဘယ်သားကမှ မသဒ္ဓါချင်တော့ပါဘူး။ ဒါကို ကြုံတင် မရိပ်မိရှာတဲ့ အဘိုးအိုဟာ သားလတ်အိမ်ကို အားကိုးတကြီး လာခဲ့ပြန်တာပေါ့။ ဒါပေမယ့် သူအားကိုးတဲ့ သားလတ်ကလည်း သားကြီးလိုဖြစ်နေတာနဲ့ ကြုံရတယ်။

အဲဒါကြောင့် အဘိုးအိုဟာ သားလတ်အိမ်မှာလည်း တစ်လလောက်နေပြီး နှင်ချခံရလို့ နောက်ဆုံးမျှော်လင့်ချက်တွေဖြစ်တဲ့ သားငယ်နှစ်ယောက်အိမ်ကို သွားပြန်တယ်။ သားငယ်နှစ်ယောက်လည်း ဒီပုတ်ထဲက ဒီပဲတွေချည်းပဲဆိုတော့ ဘာထူးလိမ့်မှာလဲ။ သူတို့မယားတွေနဲ့ တိုင်ပင်ပြီး ဖခင်အဘိုးအိုကို အိမ်ကနေနှင်ချလိုက်ပြန်တာပဲတဲ့။

ဒီလိုနဲ့ နောက်ဆုံးမှာတော့ ကိုယ့်သားတွေပဲဆိုပြီး ယုံစားမိလို့အမှားကြီးမှားခဲ့တဲ့ အဘိုးအိုမျောသားတွေနဲ့ဝေးမတွေဆီမှာနေရမဲ့စားရမဲ့နဲ့အထီးကျန်ဘဝရောက်ပြီး ခိုကိုးရာမဲ့ဖြစ်သွားခဲ့ရှာတယ်။

တကယ့်တော့ လောကဆိုတာမျိုးဟာ အပေါ်ယံကိုသာ ချစ်ခင်ကြင်နာတတ်ကြပြီး အနှစ်ကိုတော့ ပစ်ပယ်ဖယ်ခွာထားလေ့ ရှိတတ်ကြတာကိုး။

ဒါကြောင့်ပဲ မိဘနဲ့သားသမီး၊ ဇနီးနဲ့ခင်ပွန်း၊ မိတ်ဆွေနဲ့ သူငယ်ချင်းတွေကြားမှာ သစ္စာတရားနဲ့ မေတ္တာတရားဆိုတဲ့ အနှစ်ကို ပစ်ပြီး ငွေဆိုတဲ့ အပေါ်ယံအကာကိုပဲ ချစ်တတ်ခင်တတ်ကြတာပေါ့။

အဲဒီတော့ ကြာလာလေ လူကို မမြင်နိုင်တော့ဘဲ ငွေကိုပဲ မြင်လာတတ်ကြတယ်။ ငွေမမြင်ရင် မချစ်ခင်၊ မကြင်နာချင်တော့ဘဲ ငြိုငြင်လာတယ်။ ငွေမြင်မှ ချစ်ခင်ကြင်နာ တတ်ကြတယ်။ ဒါဟာ

http://www.dhammadownload.com



ပညာမဲ့သူလူတွေရဲ့ သဘောရိုးလမ်းဟောင်းကြီး တစ်ခုပါပဲ။

အဲဒါကြောင့် အဘိုးအိုဟာ နောက်ဆုံးမှာ ခိုကိုးရာမဲ့သူတို့ရဲ့ ထုံးစံအတိုင်း တောင်ဝှေးတစ်ချောင်းကို အားကိုးရင်း ခွက်လက်ဆွဲလို့ လမ်းတကာလှည့်လည်ပြီး တောင်းရမ်းစားသောက်ရရှာတယ်။

သနားစရာကောင်းတဲ့အဘိုးအိုခမျာ အသက်အရွယ်ကလည်း အိုမင်းမစွမ်းဆိုတော့ စိတ်ဆင်းရဲမှုဒဏ်ကြောင့် မရွှင်မလန်း ညှိုးနွမ်းပြီး အရင်ကထက်ပိုလို့ ပိန်ချုံးကျလာသတဲ့။

ပြီးတော့ ကြောင်အိုဆို ကွက်တွေက မလေးစားသလိုမျိုးပဲ။ အဘိုးအိုဟာ ပတ်ဝန်းကျင်ရဲ့ စော်ကားမော်ကား၊ နိုင့်ထက်စီးနင်း ပြုမူဆက်ဆံမှု မျိုးစုံကိုလည်း မကြာမကြာ ခံရရှာသတဲ့။ တစ်ခါတစ်ရံမှာတောင်းရမ်းစားသောက်လို့ အဆင်မပြေတာကြောင့် အငတ်ငတ် အပြတ်ပြတ်တောင် ကြုံရရှာသတဲ့။

တစ်နေ့မှာတော့ အဘိုးအိုက 'ငါဟာ၊ သူတောင်းစားမျိုး ရိုးလည်း မဟုတ်ဘူး။ ချမ်းသာသူအဖြစ်က သားတွေရဲ့ ဆိုးမိုက်မှုကြောင့်သာ အခုလိုအဖြစ်ဆိုးနဲ့ကြုံနေရတယ်။ ဒီအတိုင်းသာ ဆက်သွားရင်တော့ ငါအသေဆိုးနဲ့ သေရလိမ့်မယ်။ ပြီးတော့ ငါ့မှာ သားတွေရှိပေမယ့်လည်း မရှိသလိုပဲ။ ဒီအတိုင်းတော့ မဖြစ်သေးပါဘူး'လို့ စဉ်းစား အကြံထုတ်နေမိသတဲ့။

ဒီလိုနဲ့ မကြာခင်မှာပဲ အဘိုးအိုဟာ အခုလို အကြံတစ်ခု ကောက်ရလိုက်တယ်။ 'ဒီမြို့ပေါ်မှာနေတဲ့ ဂေါတမမြတ်စွာဘုရားဟာ အယုတ်၊အလတ်၊အမြတ်မရွေး လူတွေရဲ့ အကျိုးစီးပွားကို လမ်းညွှန် ဟောကြား ပေးလေ့ရှိတယ်လို့ ငါကြားဖူးတယ်။ ငါလည်း ဂေါတမ မြတ်စွာဘုရားထံ သွားပြီး ညွှန်ကြားချက်နဲ့ အကြံဉာဏ်ကို

http://www.dhammadownload.com



တောင်းယူရရင် ကောင်းမှာပဲ'ဆိုတဲ့ အကြံပေါ့။

အဲဒီအကြံကို ရချင်းပဲ အဘိုးအိုဟာ မြတ်စွာဘုရားထံ သွားပြီး အကြောင်းစုံကို ရင်ဖွင့်လျှောက်ကြားကာ အကြံဉာဏ်တောင်း ခံတယ်။ ဒီတော့ မြတ်စွာဘုရားက 'အဘိုးအို၊ သင်ရွတ်ဆို ဖို့အတွက် ကဗျာလေးတွေကို ငါ သင်ပေးလိုက်ပါ့မယ်။ ဒီကဗျာတွေကို လူထုစည်းဝေးပွဲရှိတဲ့အခါ သင့်သားတွေ ကြားလောက် အောင် အများရှေ့မှာရွတ်ဆိုပါ၊ သင်ဟာ ဆင်းရဲတွင်းမှလွတ်မြောက် လာပါလိမ့်မယ်'လို့ လမ်းညွှန်ပြီး ကဗျာလေး တွေကို သင်ပေးလိုက် သတဲ့။

အဲဒီခေတ်အခါတုန်းက လူတွေဟာ အချင်းချင်း ကတိဝတ် ပြုထားကြသတဲ့။ ဘယ်လိုကတိဝတ်လဲဆိုတော့ လူအချင်းချင်းအပေါ် မစာနာဘဲ ယုတ်မာရက်စက်စွာ သက်ဖျက်ညှင်းဆဲမှုမျိုးတွေ၊ သူတစ်ပါးပစ္စည်းကို အတင်းအဓမ္မ လုယက်မှုမျိုးတွေနဲ့ လူကြီး မိဘတွေအပေါ် မရိုမသေမလေးမစား ဆက်ဆံပြီး စော်ကားမော်ကား ပြုမူတာမျိုးတွေနဲ့ သားသမီးက မိဘကို မလုပ်ကျွေးဘဲ ပစ်ထားမှုမျိုး တွေရှိခဲ့ရင် အသိပေးပြောကြားဖို့ ကတိဝတ်ထား ကြသတဲ့။ အဲဒီလို ကတိဝတ်ကို ပြောကြားဖို့ရာ တစ်လတစ်ကြိမ်၊ လခွဲတစ်ကြိမ်လို အခါမျိုးတွေမှာ အမြဲတိုင်း လူထုစည်းဝေးပွဲ ပြုလုပ်လေ့ရှိကြသတဲ့။

ဒါကြောင့် အဘိုးအိုဟာ မြတ်စွာဘုရား ညွှန်ကြားတဲ့အတိုင်း လူထုစည်းဝေးပွဲရှိရာကို သွားပြီး သင်ယူလာတဲ့ ကဗျာတွေကို သားတွေကြားအောင် အသံကျယ်ကျယ်နဲ့ အခုလို ရွတ်ဆိုသတဲ့။

"အို.. လူအများတို့.

ငါမှာ သားလေးယောက်တောင် ရှိပါရဲ့။

http://www.dhammadownload.com



ငါဟာ တစ်ချိန်ကဆို သားတွေနဲ့ ပျော်ပြီး
သားတွေနဲ့ ကျော်စောခဲ့ရပေါ့။
သားတွေဟာ ငါ့အသက်။ ငါ့မျှော်လင့်ချက်တွေလေ။
အခုတော့ ငါ့မျှော်လင့်ချက်တွေကို
သားတွေကပဲ သတ်ပစ်ခဲ့ပါပေါ့လား။
ခွေးတွေဟာ ဝိုင်းအုံပြီး ဝက်အိုကြီးကို
ဟစ်အော်ထွက်ပြေးစေသလိုပဲ။
ဘီးလူးတွေဟာ သားအသွင်နဲ့
ငါ့ကို ဖခင်...ဖခင်လို့ အကြိမ်ကြိမ်ခေါ်ခဲ့ကြတယ်။
နောက်တော့ မယားတွေနဲ့ တိုင်ပင်ပြီး
ဖခင်ကို နှင်ထုတ်ခဲ့ကြလေရဲ့။
အိုလှူအပေါင်းတို့၊ ပစ္စည်းဥစ္စာလည်း ချမ်းသာ၊
သားတွေနဲ့လည်း ပြည့်စုံခဲ့တဲ့ ငါ..
ခုတော့ ခွက်လက်စွဲပြီး လမ်းမှာ
တောင်းရမ်းစားနေရတဲ့ လူ့ငမွဲ..ပေါ့။
အခု ငါ့မှာ တောင်ဝှေးတစ်ချောင်းပဲ ရှိတယ်။
ဒါပေမယ့် ငါ့ရဲ့ ဒီတောင်ဝှေးဟာ
ခွေးတွေ လာမဆွဲအောင်လည်း ဟန့်တားတယ်။
မှောင်မိုက်ထဲ ချော်မလဲအောင်လည်း ဖေးကူတယ်။
တကယ်လို့ ငါပြိုလဲသွားခဲ့ရင်တောင် ပြန်ထနိုင်အောင်
ငါ့ကို ဆွဲထူကူပေးတတ်တဲ့ ငါ့အဖေါ်ကောင်းလေ။
ဒါ့ကြောင့် ငါ့မှာ သားလေးယောက်ရှိတာထက်
ဒီတောင်ဝှေးတစ်ချောင်းရှိတာက
ပိုပြီး တန်ဖိုးရှိပါသေးတယ်''တဲ့။

http://www.dhammadownload.com



အဲဒီလို အဘိုးအိုရဲ့ ကဗျာလည်းဆုံးရော လူထုအစည်းအဝေးမှာ နားထောင်နေကြတဲ့ လူထုကြီးဟာ သာလေးယောက်ကို မရအရရှာပြီး ဝိုင်းဖမ်းဆီးလိုက်ကြသတဲ့။ ပြီးတဲ့အခါမှာ သားလေးယောက်ကို ဖခင်အဘိုးအိုရှေ့ ခေါ်ယူလာပြီး အဘိုးအိုစိတ်တိုင်းကျ သားတွေကို သူတို့ဆုံးမပေးပါရစေလို့ ခွင့်တောင်းကြသတဲ့။

ဒီအခါမှာတော့ လူထုရှေ့မှောက်မှာ သေရမှာကို ကြောက်ပြီး ထိတ်လန့်တုန်လှုပ်နေတဲ့ သားတွေဟာဖခင်ခြေရင်းမှာဝပ်စင်းကာအမျိုးမျိုးအဖုံဖုံရှိခိုးတောင်းပန်ကြတော့တယ်။ ဖခင်ဟာတစ်ခဏ အတွင်းမှာပဲ သားတွေအပေါ် စိတ်ဆိုးအမျက်ထွက်နေတဲ့ လူထုကြီးထံမေတ္တာရပ်ခံပြီး 'ငါ့သားတွေဟာ နောင်မှာ ငါ့ကိုပြုစုလုပ်ကျွေးပါလိမ့်မယ်။ သူတို့ကို မသတ်ကြပါနဲ့'လို့ တောင်းပန်ပြောဆိုပေးလိုက်သတဲ့။

ဒီအခါမှာ လူထုကြီးရဲ့ အခိုးထွက်နေတဲ့ ပေါက်ကွဲလုဆဲဆဲ ဒေါသမီးလျှံတွေဟာ အဘိုးအိုရဲ့ သားတွေအပေါ်ချစ်တဲ့ မေတ္တာရေစင်အောက်မှာပဲ တစ်ခဏအတွင်း ငြိမ်းပျောက်သွားခဲ့တယ်။

ဒါပေမယ့် လူထုကြီးကတော့ သိပ်ကျေနပ်ပုံ မရသေးဘူး။ သားတွေကို 'ဒီနေ့ကစပြီး မင်းတို့ဟာ ကိုယ့်ဖခင်ကိုပြုစုလုပ် ကျွေးပါ၊ မလုပ်ကျွေးတဲ့နေ့မှာ ငါတို့ လာပြီး သတ်ပစ်မယ်'လို့ သတိပေးပြောဆိုခဲ့ကြတယ်။

ဖခင်အဘိုးအိုလည်း အဲဒီနေ့ကစလို့ပဲ သားလေးယောက်ရယ် ချွေးမတွေ၊မြေးတွေရယ်နဲ့အတူ ပျော်ရွှင်ချမ်းမြေ့စွာ အသက်ထက်ဆုံး နေထိုင်သွားရသတဲ့ကွယ်။

တကယ်တော့ သက်ကြီးရွယ်အို အမိအဘ အဘိုးအဘွားတွေဟာ အိမ်းရင့်ရော်နေတဲ့ သြောင်ပင်အိုကြီးတွေ လိုပါပဲ။ သူတို့မှာ

http://www.dhammadownload.com



ချွေးသိပ်ပေးနိုင်တဲ့ အေးမြတဲ့ မေတ္တာအရိပ်လည်း ရှိတယ်။

အသက်ကြီးတဲ့ ဂုဏ်နဲ့ ရင့်ကျက်တဲ့ အတွေ့အကြုံတွေက လည်း သူတို့ကို အလှဆင်ထားသလိုပါပဲ။ သူတို့မှာ နောက်ဆုံး ဘဝနေဝင်ချိန်အထိတိုင် သူတို့ရဲ့ သားသမီး မြေးမြစ်တွေနဲ့အတူ ဆက်လက်ရှင်သန်လိုတဲ့ ဆန္ဒတွေလည်း အပြည့်ရှိနေကြတာပါပဲ။

ဟိုး‥အရင်တုန်းကဆို သူတို့တစ်တွေလည်း ကလေးတို့ အရွယ် လူမမယ်လေးတွေပဲပေါ့။ ခုတော့ သူတို့ခမျာ ဝင်လုနီးနေတဲ့ နေမင်းကြီးလိုပဲ တစနေ့ထက်တစ်နေ့ ပိုပိုပြီး အိုမင်းယွင်းယို လာကြ ရရှာတယ်လေ။

သူတို့ဟာ ကမ္ဘာလောကကြီးနဲ့ မခွဲခွာခင်စပ်ကြား အချိန် လေးတွေမှာ အေးရာအေးကြောင်းတရားနဲ့ သက်တောင့်သက်သာ ဘဝမှာနေပြီး သူတို့မျိုးဆက်တွေကို ပျော်ရွှင်ချမ်းမြေ့စွာ နှုတ်ဆက် လိုကြမှာ အမှန်ပါပဲ။

ဒါကြောင့် ကလေးတို့ရဲ့ ပတ်ဝန်းကျင်မှာ အဲဒီလို သက်ကြီး ရွယ်အို ဘိုးဘိုးဘွားဘွားတွေနဲ့ ဖေဖေ၊မေမေစတဲ့ လူကြီးသူမ ပုဂ္ဂိုလ်တွေနဲ့ တွေ့ကြုံရတဲ့အခါမျိုးတွေမှာ ကျိုးနွံရိုသေစွာ ဆက်ဆံပြီး ပျော်ရွှင်ချမ်းမြေ့မှုလေးတွေကို လက်ဆောင်ပေးနိုင်ကြပါစေကွယ်။

(ယဉ်ကျေးလိမ္မာဓမ္မရသကလေးဂျာနယ်၊ အတွဲ ၂ မတ်လ ၁၇၊၂၀၀၆။)

http://www.dhammadownload.com



http://www.dhammadownload.com

# ဘုရင်လေးရဲ့ စီရင်ထုံး

ဟိုး…တစ်ချိန်တုန်းက ဗာရာဏသီနိုင်ငံမှာ ဘုရားအလောင်း အာဒါသမုခမင်းသားလေးဟာ ဖခင်ဘုရင်ကြီး နတ်ရွာစံသွားပြီမို့ အရိုက်အရာဆက်ခံကာ တိုင်းပြည်အုပ်ချုပ် ဘုရင်လုပ်နေသတဲ့။

ဘုရင်လေးရဲ့ အသက်က ခုမှ ခုနစ်နှစ်အရွယ်ပဲ ရှိသေးတော့ အင်မတန်မှကို ငယ်ရွယ်လွန်းတာပေါ့။ ဒါပေမယ့် ဘုရင်လေးဟာ အရွယ်နှင့် မလိုက်အောင်ပဲ ဉာဏ်ရည် ထက်မြတ်တယ်။ အမြော်အမြင် လည်း ကြီးမားတယ်။

ပိုပြီး ထူးခြားတာကတော့ ဘုရင်လေးဟာ တရားစီရင်ရာမှာ အင်မတန် ဖြောင့်မှန်လွန်းသတဲ့။ ဒါကြောင့်လည်း နန်းတွင်းက နန်းရင်း ဝန်ကြီးတွေနဲ့ ပညာရှိအမတ်ကြီးတွေကပါ ဘုရင်လေးကို အထူး တန်းဖိုးထားပြီး ချစ်ခင်လေးစားကြရတယ်လေ။

အဲဒီလို အရွယ်နှင့်မမျှအောင် ထက်မြက်တဲ့ ဘုရင်လေးရှိ နေတာကြောင့်လည်း တိုင်းပြည်တွင်းမှာ သက်ကြီးရွယ်အို ပညာရှိ အမတ်ကြီးတွေဟာ မထင်ပေါ်မကျော်စောဘဲ ဂုဏ်သိန်မှေးမှိန် တိမ်မြုပ် နေကြရတယ်။ ဒီအထဲမှာ အမတ်ကြီးဂါမဏိလည်း တစ်ယောက် အပါအဝင်ပေါ့။

http://www.dhammadownload.com



အမတ်ကြီးဂါမဏိဟာ တစ်နေ့မှာ 'ဒီဘုရင်လေး လက်ထက်ရောက်မှ ငါ့ရဲ့ဂုဏ်သတင်းဟာ တိမ်မြုပ်သွားရတယ်။ ငါလို သက်ကြီးရွယ်အိုအမတ်ကြီးက ဒီဘုရင်ငယ်လေးလက်အောက်မှာ ခုလို တိမ်မြုပ်ဖုံးကွယ်ပြီး ခစားနေရတာဟာ မလျော်ကန်လှပါဘူး။ သိပ်ရှက်စရာကောင်းတယ်'လို့ စဉ်းစားမိသတဲ့။

အဲဒါကြောင့်ပဲမကြာခင်မှာအမတ်ကြီးဟာရာထူးကနုတ်ထွက်ပြီး အေးရာအေးကြောင်း လုပ်ကိုင်စားသောက်ဖို့ ဆုံးဖြတ်ကာ တောအရပ်ကို ပြန်သွားခဲ့တယ်။

ကျေးလက်တောရွာကို ပြန်ရောက်လာပေမယ့် အမတ်ကြီးဟာ အခြားအသက်မွေးဝမ်းကျောင်းအလုပ်ကို မစွမ်းနိုင်လို့ လယ်ယာလုပ်ကိုင်စားဖို့ ပြင်ဆင်တယ်။ ဒီလိုနဲ့ လယ်ထွန်ချိန်ရောက်တဲ့အခါမှာ အမတ်ကြီးမှာ နွားမရှိဖြစ်နေလို့ မိတ်ဆွေတစ်ဦးဆီ နွားတစ်ရှဉ်းငှားပြီး လယ်ထွန်ရရှာတယ်။

မိုးကုန်လို့ လယ်ပြီးသွားတဲ့အခါမှာတော့ အမတ်ကြီးဟာ အငှါးနွားနှစ်ကောင်ကို ပိုင်ရှင်မိတ်ဆွေထံ ကိုယ်တိုင် ပြန်လာပို့သတဲ့။ ဒီအခါမှာ အမတ်ကြီးဟာ နွားပိုင်ရှင်ရဲ့ အိမ်ခြံဝန်းထဲ ရောက်ရုံပဲ ရှိသေးတယ်။ ဝင်ချင်စိတ်စောနေတဲ့ နွားတွေဟာ အမတ်ကြီး လက်ကနေ အတင်းရုန်းပြီး ခြံထဲကို အပြေးဝင်သွားကြတယ်။

ဒီအချိန်မှာ နွားရှင်လင်မယားဟာ ထမင်းစားနေတုန်း နွားတွေခြံထဲဝင်သွားတာ လှမ်းမြင်လိုက်ပေမယ့် အိုးထဲမှာ ထမင်းလက်ကျန်မရှိတော့လို့ အားနာပြီး အမတ်ကြီးကို လှမ်းမခေါ်ဘဲ ဆက်စားနေကြတယ်။ အမတ်ကြီးလည်း အခြေအနေကို ရိပ်မိကာ အလိုက်သိစွာ နှုတ်ဆက်ပြီး ကိုယ့်အိမ်ကိုယ် ပြန်လာခဲ့တာပေါ့။

http://www.dhammadownload.com



တကယ်တော့ အမတ်ကြီးရဲ့ အလုပ်ကိစ္စက နွားတွေကို ပိုင်ရှင်ထံပြန်အပ်ဖို့ ဖြစ်ပေမယ့် အခြေအနေကြောင့် ပိုင်ရှင်လက်ထဲ အသေအချာမအပ်ခဲ့ဘဲ မိတ်ဆွေချင်းတွေပဲလေလို့ သဘောပိုက်ပြီး ထားရစ်ခဲ့တာပေါ့။

ဒါပေမယ့် အမတ်ကြီးခမျာ ကံဆိုးချင်လေတော့ အဲဒီညမှာပဲ သူခိုးတဲ့နွားတွေ အခိုးခံလိုက်ရတယ်။ နွားရှင်တွေဟာ အမတ်ကြီး နွားပြန်ပို့တာကို မြင်ခဲ့ပေမယ့် နွားအစား ပြန်လိုချင်တာကြောင့် မသိဟန်ဆောင်ပြီး နောက်တစ်နေ့မှာ အမတ်ကြီးဆီ နွားပြန်တောင်း ကြသတဲ့။

ဒီအခါမှာ အမတ်ကြီးဟာ ကိုယ်တိုင်က အစမကောင်းခဲ့တာကြောင့် ဘယ်လိုမှ ရှင်းပြလို့ မရတော့ဘူး။ နောက်ဆုံးမှာ နွားပိုင်ရှင်တွေက နွားပြန်ရဖို့အတွက် အမတ်ကြီးကို တရားစွဲမယ်ဆိုပြီး ဘုရင်မင်းမြတ်ထံ ခေါ်ဆောင်သွားကြတယ်လေ။

ဒီလိုနဲ့ အမတ်ကြီးဟာ တရားရင်ဆိုင်ဖို့ နွားရှင်နဲ့အတူ လိုက်လာခဲ့ရင်း လမ်းက ရွာတစ်ရွာမှာ အသိမိတ်ဆွေအိမ် ဝင်ခိုနားပါလေရော။ ဖြစ်ချင်တော့ မိတ်ဆွေအမျိုးသားက အိမ်မှာ မရှိဘဲ ကိုယ်လေးလက်ဝန်ဖြစ်နေတဲ့ မိတ်ဆွေရဲ့မယားပဲ ရှိတယ်။

မယားဖြစ်သူဟာ ဧည့်သည်တွေကို ထမင်းချက်ကျွေးဖို့ ကျီပေါ်မှာ ဆန်တက်ယူသတဲ့။ ဒီအခါမှာ ကျီပေါ်က လိမ့်ကျပြီး လွယ်ထားတဲ့ ကိုယ်ဝန်ပါ တစ်ခါတည်း ပျက်ကျသွားတယ်။ အိမ်ရှင်ယောက်ျား ပြန်ရောက်လာချိန်မှာတော့ အကြောင်းစုံသိပြီး အမတ်ကြီးကြောင့် မယားရဲ့ကိုယ်ဝန် ပျက်ကျရတာလို့ စွပ်စွဲပြီး အမတ်ကြီးကို တရားစွဲဖို့ ဘုရင်မင်းမြတ်ထံ ခေါ်ဆောင်ပြန်သတဲ့။

http://www.dhammadownload.com



ဒီလိုနဲ့ပဲ အမတ်ကြီးခမျာ မရည်ရွယ်ဘဲ ဖြစ်ပျက်ခဲ့တဲ့ ပြဿနာတွေကြောင့် တရားလိုနှစ်ဦး ခေါ်ဆောင်ရာနောက်ကို လိုက်ပါသွားခဲ့ရရှာတာပေါ့။

လမ်းခုလတ်မှာ မိတ်ဆွေ မြင်းထိန်းတစ်ယောက်နဲ့ တွေ့ပြန်ပါရောတဲ့။ မိတ်ဆွေမြင်းထိန်းဟာ မြင်းဇောင်းက ထွက်ပြေးလာတဲ့ မြင်းနောက်ကို အပြေးလိုက်နေတယ်။ ဒီအချိန်မှာ ရှေ့နားက အမတ်ကြီးကို တွေ့ပြီး သူ့မြင်းကို ခြောက်လှန့်ပေးဖို့ အကူညီ လှမ်းတောင်းသတဲ့။ အမတ်ကြီးလည်း မိတ်ဆွေကို ကူညီဖို့အတွက် အနီးမှာ အသင့်တွေ့ရတဲ့ အုတ်ခဲနဲ့ ပစ်ပေါက်ပြီး မြင်းကို ဟန့်တားလိုက်တယ်။

ဖြစ်ချင်ပြန်တော့ အမတ်ကြီးပစ်လိုက်တဲ့ အုတ်ခဲဟာ မြင်းခြေကို ထိမှန်ပြီး ခြေကျိုးသွားပြန်ပါရော။ ဟော. ဒီအခါမှာလည်း မိတ်ဆွေမြင်းထိန်းဟာ အမတ်ကြီးကြောင့် သူ့မြင်း ခြေကျိုးရတယ်ဆိုကာ အမတ်ကြီးကို တရားစွဲပြန်ပါလေရောတဲ့။

အဲဒါကြောင့် ကံဆိုးမသွားလေရာ မိုးလိုက်လို့ အရှာခံရရှာတဲ့ အမတ်ကြီးဟာ သူ့ဖြစ်အင်တွေကို တွေးရင်း အကြီးအကျယ် စိတ်ပျက်နေမိရှာတယ်။ 'ငါဟာ ကံအဆိုးဆုံး လူသားပါလား။ ငါ့လောက် ကံဆိုးသူ ဒီလောကမှာ ရှိမှာ မဟုတ်တော့ပါဘူး'လို့ မကျေမနပ် တွေးရင်း သူ့ကိုယ်သူ ခွင့်မလွှတ်နိုင် ဖြစ်နေရှာသတဲ့။

အဲဒီလို တစ်ယောက်တည်း ကြုံမှိုင်ရင်း အမတ်ကြီးက 'ငါ ဒီအတိုင်းသာ ရှေ့ဆက်သွားရင် ပိုပိုပြီး ကံဆိုးတာတွေနဲ့ချည်း ကြုံနေဦးမှာပဲ။ အေးရာအေးကြောင်း လုပ်စားကာမှ အပူအပေါင်းနဲ့ တိုးနေရတယ်။ သူတစ်ပါးနွားလည်း ငါမလျော်နိုင်။ ကိုယ်ဝန်လည်း မလျော်နိုင်။ မြင်းလည်း မလျော်နိုင်။ ဒီတော့ ငါ့ကိုယ်ငါ သတ်သေပြီး

http://www.dhammadownload.com



အဆုံးစီရင်လိုက်တာမှ အေးပါလိမ့်မယ်’လို့ စဉ်းစားမိပြန်သတဲ့။

စဉ်းစားပြီးတဲ့အခါမှာတော့ စိတ်အပျက်ကြီးနေရှာတဲ့ အမတ်ကြီးဟာ သူ့ကိုယ်သူအဆုံးစီရင်ဖို့ ဆုံးဖြတ်ကာ တရားလို သုံးဦးကို အပေါ်အပါးသွားဖို့ ခွင့်တောင်းရင်း တောင်းစောင်းတစ်ခုပေါ် တက်သွားတော့တယ်။ တောင်စောင်းတစ်နေရာ အရောက်မှာတော့ အမတ်ကြီးဟာ မျက်လုံးစုံမှိတ်ရင်း တောင်ကမ်းပါးအောက်ကို ခုန်ချလိုက်ပါလေရောတဲ့။

ဟော··ဖြစ်ချင်ပြန်တော့ သေလိုစိတ်နဲ့ ခုန်ချခဲ့တဲ့ အမတ်ကြီးဟာ တောင်အောက်မှာ ထရံယပ်နေတဲ့ သားအဖအပေါ်ကို တည့်တည့်ပဲ ပြုတ်ကျသွားတယ်။ ခုတ်ရာတစ်ခြား ရှာတာတစ်ခြား ဖြစ်ပြီး ခုန်ချတဲ့ အမတ်ကြီးက မသေဘဲ ထရံယက်နေတဲ့ အဖေလုပ်သူက နေရာမှာတွင် ပွဲချင်းပြီး သေဆုံးသွားရှာတယ်။

အဲဒီလို အသက် မရှင်လိုပေမယ့် သေမင်းကတောင်မှ သေခွင့် မပေးလေတော့ အပူသည်အမတ်ကြီးခမျာ သုံးပူပေါ်လေးပူဆင့်လို့ အပူတွေ ပိုပိုမြင့်ခဲ့ရရှာပြီပေါ့။ ထရံသည်သားဟာ ဒေါသဖြစ်ပြီး အမတ်ကြီးထံ အဖေအလျော် ပြန်တောင်းတယ်။ အမတ်ကြီးက မလျော်နိုင်တော့ တရားစွဲဖို့ ခေါ်ဆောင်ပြန်သတဲ့။

အဲဒါကြောင့်ပဲ ရှင်ဖို့လည်းမကောင်းသလို သေလို့လည်းမရ ဖြစ်နေရှာတဲ့ အမတ်ကြီးဟာ နောက်ဆုံးမှာတော့ စိတ်ဒုန်းဒုန်းချပြီး တရားလို လေးဦးနဲ့အတူ ဘုရင်လေးထံ အစစ်ဆေးခံဖို့ အခစားဝင်ခဲ့ရတော့သတဲ့။

အရင်ဆုံး နွားပိုင်ရှင်က အမတ်ကြီးကို တရားစွဲတယ်။ နွားစားပြန်ရလိုပါကြောင်း ဘုရင်လေးထံ လျှောက်တင်တယ်။ ဘုရင်လေးက အမတ်ကြီးနဲ့ နွားပိုင်ရှင်တွေကို တစ်လှည့်စီ စစ်မေးပြီး

http://www.dhammadownload.com



အဖြစ်မှန်ကို သိရတော့ နွားရှင်တွေကို 'သင်တို့ဟာ၊ နွားတွေ ခြံထဲ ပြန်ဝင်သွားတာကို မြင်လိုက်လား။ မမြင်ခဲ့ဘူးလား' လို့ မေးတယ်။

နွားစားလိုချင်နေတဲ့ နွားပိုင်ရှင်တွေဟာ 'ကျွန်တော်မျိုးတို့ မမြင်ခဲ့ပါ' လို့ လိမ်ညာဖြေဆိုကြတယ်။ ဒီအခါမှာ ဘုရင်လေးက 'သင်တို့၊ ငါ့ကို ဘာမှတ်နေသလဲ။ ဟုတ်မှန်ရာကိုသာ ပြောဆိုပါ။ ငါဟာ အမှုအရာကို ကြည့်တာနဲ့ အမှန်နဲ့အမှားကို ခွဲခြားဆုံးဖြတ်နိုင်တယ်ဆိုတာ သင်တို့ မသိကြဘူးလား။ မဟုတ်ရင် သင်တို့ကို ငါ့ခွင့်လွှတ်မှာ မဟုတ်ဘူး' လို့ တင်းမာတဲ့လေသံနဲ့ ထပ်ပြီး မိန့်တော်မူပြန်သတဲ့။

ဒီအခါမှာ နွားရှင်တွေဟာ ဘုရင်လေးကို အင်မတန် ကြောက်ရွံ့ပြီး 'ကျွန်တော်မျိုးတို့ မြင်လိုက်ပါတယ်' လို့ အမှန်အတိုင်း ဝန်ခံ လျှောက်တင်ကြရတယ်။ ဒီတော့ ဘုရင်လေးက ဒီအမှုမှာ အမတ်ကြီးက နွားကို ပိုင်ရှင်လက်ထဲ အသေအချာ ပြန်မအပ်တာမို့ တာဝန်ပေါ့ဆမှု အပြစ်ရှိတယ်။ ဒါကြောင့် နွားရှင်ကို နွားဖိုး ပေးလျော်စေ။ နွားရှင်တွေဟာ နွားတွေ ခြံထဲဝင်တာကို မြင်လျက်နဲ့ မမြင်ပါဘူးဆိုပြီး အမတ်ကြီးကို လိမ်ညာတရားစွဲမှု အပြစ်ရှိတယ်။ ဒါကြောင့် မြင်လျက်နဲ့ မမြင်လို့ လိမ်ညာတဲ့ နွားရှင်ရဲ့ မျက်လုံးတွေကို အမတ်ကြီးက ထုတ်ယူစေ' လို့ တရားစီရင်လိုက်သတဲ့။

ကိုယ်ဝန်သည်ရဲ့ ယောက်ျားကလည်း အမတ်ကြီးကို တရားစွဲ ဆိုပြီး သားစားပြန်ရလိုပါကြောင်း လျှောက်တင်တယ်။ ဘုရင်လေးက အဖြစ်မှန်ကို စစ်မေးအပြီးမှာ 'သင်ဟာ အမတ်ကြီး ကိုယ်ဝန်ပျက်အောင် လုပ်ကြောင်းကို သက်သေပြနိုင်လား' လို့မေးတယ်။

မပြနိုင်တဲ့အခါမှာ အမတ်ကြီးနဲ့ မျက်မြင်သက်သေတွေကို စစ်မေးပြီး 'ဒီအမှုမှာ အမတ်ကြီးက ကိုယ်ထိ လက်ရောက်လွန်ကျူးတာ

http://www.dhammadownload.com



မဟုတ်ပေမယ့် ကိုယ်ဝန်ပျက်ကျတာဟာ အမတ်ကြီးမှာ တာဝန် မကင်းဘူး။ ပြီးတော့ တရားလိုကလည်း အမတ်ကြီးထံက ကိုယ်ဝန် အစား ပြန်လိုချင်တယ်ဆိုတော့ အမတ်ကြီးက သားပျက်သူ အိမ်ရှင်မနဲ့ အတူ ပေါင်းသင်းနေထိုင်စေ။ သားတစ်ယောက်ရမှ မယားကို ပြန်ပေး စေ'လို့ စီရင်လိုက်သတဲ့။

တရားလို မြင်းထိန်းကလည်း အမတ်ကြီးဟာ သူ့မြင်း ခြေကျိုးအောင် ခဲနဲ့ တမင်ပစ်ပါတယ်လို့ လိမ်ညာပြီး တရားစွဲ ပြန်တာပေါ့။ ဘုရင်လေးက မျက်မြင်သက်သေတွေနဲ့ အဖြစ်မှန်ကို စုံစမ်းပြီး 'အမတ်ကြီး ပစ်တဲ့ အုတ်ခဲကြောင့် မြင်းခြေကျိုးရတာဟာ အမတ်ကြီးနဲ့ တာဝန်မကင်း။ ဒါကြောင့် အမတ်ကြီးက မြင်းဖိုးကို ပေးလျော်စေ။ မြင်းရှင်ဟာ အမတ်ကြီးကို လိမ်ညာ တရားစွဲတဲ့အတွက် မြင်းရှင်ရဲ့ လျှာကို အမတ်ကြီးက ဖြတ်ပစ်စေ'လို့ တရားစီရင်သတဲ့။

နောက်ဆုံးမှာ ထရံသည်သားက အမတ်ကြီးထံက အဖေ အစားရလိုကြောင်း ဘုရင်လေးဆီမှာ တရားစွဲ တောင်းဆိုပြန်သတဲ့။ ဘုရင်လေးက ဒီအမှုကိုလည်း အဖြစ်မှန် စုံစမ်းပြီး 'အဘိုးအို သေဆုံး ရခြင်းမှာ အမတ်ကြီးရဲ့ စေတနာမပါပေမယ့် အမတ်ကြီးမှာ တာဝန် မကင်းပါ။ ပြီးတော့ တရားလိုကလည်း အဖေစား ပြန်လိုချင်လေတော့ သေပြီးတဲ့ဖခင်ကတော့ ပြန်ရှင်မလာနိုင်ဘူး။ နှစ်ဦးနှစ်ဖက် အဆင်ပြေ နိုင်အောင် အမတ်ကြီးက တရားလိုရဲ့မိခင်နဲ့ ပေါင်းသင်းနေထိုင်ပြီး အဖေစားလုပ်စေ'လို့ စီရင်ဆုံးဖြတ်လိုက်သတဲ့။

အဲဒီလို ဘုရင်လေးရဲ့ စီရင်ထုံးလည်း ပြီးဆုံးသွားရော တရား လို လေးဦးဟာ အမတ်ကြီးကို ဝိုင်းပြီး ရှိခိုးတောင်းပန်ကြတော့တယ်။ သူတို့ရဲ့ မျက်စိတွေကို မဖေါက်ဖို့ရယ် မယားကို မယူဖို့ရယ် လျှာမဖြတ် ဖို့ရယ်အတွက် ပစ္စည်းလက်ဆောင်တွေ အလိုက်ပေးပြီး အမတ်ကြီးကို တောင်းပန်ကြသတဲ့။

http://www.dhammadownload.com



ဘုရင်လေးကလည်း ဖခင်ဘုရင်ကြီး လက်ထက်တုန်းက အမှုတော်ကို ကျေပွန်စွာ ထမ်းရွက်ပြီး ကျေးဇူးရှိခဲ့ဖူးတာကြောင့် အမတ်ကြီးကို တောကျေးရွာရဲ့ ရွာစားမင်းအဖြစ် ဆုချီးမြှင့်လိုက်တယ်။

ဒါကြောင့်ပဲ အရင်တုန်းက ကံမကောင်းလို့ အကြောင်းမလှခဲ့ပေမယ့်လို့ စိတ်ကောင်းရှိတဲ့ အမတ်ကြီးဟာ အခုအခါမှာတော့ တစ်လှည့်တစ်ဖန် ပြန်ပြီး ကံကောင်းခွင့်တွေ ကြုံလာခဲ့ရပြီလေ။

ဒါကြောင့် ဒီပုံပြင်လေးကို ဖတ်ပြီးတဲ့တော့ ကိုယ့်ဘဝမှာ ကံမကောင်းလို့ အကြောင်းမလှတဲ့ အခြေအနေဆိုးတွေနဲ့ ကြုံရတိုင်းမှာ အမတ်ကြီးလို စိတ်ပျက်အားငယ်စိတ်တွေ မဖြစ်စေဖို့ လိုတယ်။ အတက်နိုင်ဆုံး စိတ်ကောင်း,စေတနာကောင်းလေးတွေ မွေးမြူပြီး အရာရာကို ကျော်ဖြတ်နိုင်ရမယ်လေ။

ပြီးတော့လည်း အမတ်ကြီးဂါမဏိလို 'ငါ့ထက် ကံဆိုးသူ ဒီဇမ္ဗူမှာ ရှိပါဦးမလား' လို့ တွေးကာ စိတ်ညစ်နေမဲ့အစား ကိုယ့်ရဲ့ ကံမကောင်းခြင်းတွေကို ကံကောင်းခြင်းတွေနဲ့ အစားထိုး ပြောင်းလဲပစ်နိုင်ရမယ်။

တကယ်ဆိုရင် ကံကောင်းခြင်းနဲ့ ကံဆိုးခြင်းဆိုတာတွေဟာ ဘဝရဲ့ ခဏတာအချိန်တိုလေးအတွင်းမှာ လူတိုင်းအဖို့ မလွဲမသွေ ကြုံဆုံရစမြဲ မွေ့တာသဘောပဲလေ။

ဒါကြောင့် စိတ်နှလုံးကောင်းလေးတွေကို များများမွေးမြူပြီး ကိုယ့်ဘဝကို ကြီးပွားတိုးတက်အောင် အစဉ်အမြဲ ပြုစုပျိုးထောင်သွားနိုင်ကြပါစေကွယ်။

(ယဉ်ကျေးလိမ္မာမွေ့ရသကလေးဂျာနယ်၊ အတွဲ ၂၊ ဇွန်လ ၁၃ ရက်၊ ၂၀၀၆။)

http://www.dhammadownload.com



http://www.dhammadownload.com

# ကျေးသားဟောတဲ့လူ့တရား

ဟိုး…တစ်ချိန်တုန်းက ရာဇဂြိုဟ်ပြည်အနီး လက်ပံတော အုပ်ကြီးထဲမှာ ဘုရားအလောင်းဟာ ကျေးသားလေးဖြစ်နေသတဲ့။ ကျေးသားလေးမှာ ကျေးဖေဖေရယ် ကျေးမေမေရယ်နဲ့အတူ ကျေးသားသား မီးမီးလေးတွေရယ်ပါ အစုံအလင် ရှိသတဲ့။

အဲဒါကြောင့် ကျေးသားလေးဟာ နေ့စဉ်နေ့တိုင်း သက်ကြီးရွယ်အို ကျေးဖေဖေနဲ့ကျေးမေမေကို ပြုစုလုပ်ကျွေးရင်း သူ့ရဲ့ ကျေးသားသား မီးမီးလေးတွေကိုပါ အစာရှာကျွေးမွေး နေရတယ်လေ။ ဒါကြောင့်လည်း ကျေးသားလေးခမျာ တစ်နေ့တစ်နေ့မှာ သူနဲ့သူ့မိသားစုရဲ့ စားဝတ်နေရေးအတွက်ကို တပင်တပန်း ကြိုးစားရှာဖွေနေရတာပေါ့ကွယ်။

ကျေးသားလေးနေတဲ့ လက်ပံတောရဲ့မြောက်ဘက် တောင်ကုန်းကလေးတစ်ဝိုက်မှာတော့ ယာခင်းတွေဟာ အများကြီး။ ကျေးသားလေးနဲ့အတူ သူ့ကျေးသူငယ်ချင်းတွေဟာ အဲဒီတစ်ဝိုက်မှာရှိတဲ့ လယ်သူကြီးတစ်ဦးရဲ့ လယ်ကွက်ထဲမှာပဲ စားကျက်လုပ်ထားကြတယ်။

http://www.dhammadownload.com



သူတို့အုပ်စုဟာ အဲဒီလယ်ထဲက စပါးနှံတွေကို အမြဲလိုလို လာလာပြီး စားနေကျဆိုတော့ လယ်စောင့်ဦးကြီးကလည်း သူတို့အုပ်စုကို သိပြီးမြင်ပြီးသား။ ရင်းနှီးကျွမ်းဝင်ပြီးသားပေါ့။

ဒါပေမယ့် သဘောကောင်းလွန်းတဲ့ လယ်စောင့်ဦးကြီးက တစ်ခါတရံ ခြောက်ရုံလှန့်ရုံဆိုတာ အလွန်ဆုံးပဲတဲ့။ လယ်ထဲမှာ အစာလာစားတဲ့ ကျေးငှက်မျိုးစုံကို တစ်ခါမျှ သေလောက်အောင် ဒုက္ခ မပေးဖူးဘူးတဲ့။ ဒါကြောင့်မို့လည်း ကျေးသားလေးဟာ နေ့စဉ်လိုလိုမှာ အဲဒီလယ်ကွက်ထဲမှာပဲ လွယ်ကူစွာ အစာရှာဖွေလေ့ရှိတာပေါ့။

တစ်နေ့တော့ ကျေးသားလေးတို့အုပ်စုဟာ ခါတိုင်းလိုပဲ လယ်ခင်းထဲမှာ အစာ လာစားကြတယ်။ အစာစားပြီးတဲ့အခါမှာတော့ သူငယ်ချင်း ကျေးသားတွေအားလုံး ထပြန်သွားကြတယ်။ ကျေးသားလေးကတော့ မပြန်သေးဘဲ တစ်ကောင်တည်း နောက်မှာ ကျန်ရစ်ခဲ့တယ်။ သူအဖို့တော့ အဝစားပြီးပြီပေါ့။ ဒါပေမယ့် အိမ်မှာရှိတဲ့ ကျေးဖေဖေ,ကျေးမေမေနဲ့ ကျေးသားငယ်လေးတွေအတွက်က ကျန်နေသေးတာကိုး။

ဒါကြောင့် အိမ်ဖို့ စပါးနှံတွေကို နိုင်သလောက် ကိုက်ချီသယ်ယူ။ ပြီးမှ ထပြန်သွားတယ်။ အစာ စားပြီးစမို့ ဗိုက်ကလည်း နည်းနည်း လေးနေတယ်။ စပါးနှံတွေကို ကိုက်ချီယူရတာဟာ ထင်သလောက်ကို တယ်မလွယ်လှပါဘူး။ အဲဒီလို မနိုင့်တနိုင်နဲ့ ထပျံလိုက်တုန်းမှာပဲ လယ်စောင့်ဦးကြီး ရုတ်တရက် ရောက်လာပြီး ကျေးသားလေးကို လှမ်းတွေ့သွားတယ်။

နောက်တစ်နေ့မှာတော့ လယ်စောင့်ဦးကြီးဟာ စပါးနှံတွေကို ချီသယ်ယူသွားခဲ့တဲ့ ကျေးသားလေးကို မှတ်ထားပြီး ဘာအန္တရာယ်မှ မပြုပေမယ့်လို့ လယ်ပိုင်ရှင်ပုဏ္ဏားကြီးကိုတော့ ကျေးသားလေး

http://www.dhammadownload.com



အကြောင်းကို ဖောက်သယ်ချ ပြောပြလိုက်သတဲ့။ အဲဒီလို ကျေးသား လေးအကြောင်းကို ကြားသိရတော့ လယ်ရှင်ပုဏ္ဏားကြီးစိတ်ထဲမှာ စေတနာ ကွက်သွားပုံပဲ။ 'ဒီကျေးသားဟာ ငါ့လယ်ခင်းထဲမှာ စားလည်းစား၊ သယ်လည်း သယ်ယူသေးတယ်ဆိုတော့ အတော့်ကို လောဘကြီးတာပဲ။ လောဘကြီးတဲ့ကျေးသားကို အမိဖမ်းပြီးမှ ပညာပြရမယ်'လို့ စိတ်ထဲ ကြိတ်တွေးပြီး လယ်စောင့်ဦးကြီးကို အရှင်ဖမ်းခိုင်းဟော့သတဲ့။

ဒါကြောင့် လယ်စောင့်ဦးကြီးဟာ နောက်နေ့မှာ ကျေးသား လေးကို အရှင်ဖမ်းဖို့ လယ်ကွက်ထဲမှာ ကျော့ကွင်းထောင်ပါလေရော။ ကျေးငှက်တွေ အစာလာမစားခင် မနက်အစောကြီးကတည်းက အားလုံးပြင်ဆင်ပြီး ကွယ်ရာမှာ စောင့်ပုန်းနေလိုက်တယ်။ အချိန်ကျလို့ ကျေးသားတွေ အစာလာစားချိန်မှာ ကျော့ကွင်းကို ဖြုတ်ချပြီး ကျေးသားလေးကို အမိအရဖမ်းလိုက်ရုံပဲ။ အဲဒီလိုအတွေးနဲ့ လယ်စောင့် ဦးကြီးဟာ ကျေးသားတွေအလာကို စိတ်ရှည်ဖွဲကြီးစွာနဲ့ မျှော်စောင့် နေခဲ့တယ်လေ။

ဟော···မကြာပါဘူး။ သူမျှော်နေတဲ့ ကျေးအုပ်စု ရောက်လာ ကြပြီ။ သတိ,ဝီရိယနဲ့ အသာစောင့်ကြည့်နေတဲ့ လယ်စောင့်ကြီးဟာ အချို့ကျေးငှက်တွေ စားသောက်ပြီးလို့ အတောင်ကိုဖွင့်ကာ ထပျံကုန် တာကို တွေ့လိုက်ရတယ်။ ဒါပေမယ့် အဲဒီကျေးလေးကတော့ ထုံးစံအတိုင်း အဝစားပြီးလို့ အိမ်အတွက် ကိုက်ချီယူဖို့ ပြင်နေတုန်း။

ဒီအချိန်မှာပဲ အသင့်စောင့်ပုန်းနေတဲ့ လယ်စောင့်ကြီးဟာ ကျော့ကွင်းဖြုတ်ချပြီး ကျေးသားလေးကို အမိအရ ဖမ်းဆီးလိုက်တယ်။ လယ်စောင့်ကြီးဟာ ပိုက်ကွန်ထဲက အခြားကျေးသားတွေကိုတော့ ပျံလွှတ်ပြီး အဲဒီကျေးသားလေးတစ်ကောင်ကိုပဲ ရွေးကာ လယ်ရှင်

http://www.dhammadownload.com



ပုဏ္ဏားကြီးဆီ ခေါ်ဆောင်သွားခဲ့တယ်လေ။

အိမ်ကို ရောက်တဲ့အခါမှာ လယ်ရှင်ပုဏ္ဏားကြီးက ကျေးသားလေးကို အခုလို မေးမြန်းစစ်ဆေးပါလေရော။

'ဟဲ့…ကျေးလေး၊ မင်းဟာ ကျေးအားလုံးထဲမှာ လောဘအကြီးဆုံးလေးပေါ့ ဟုတ်လား။ ကဲ…ဆိုစမ်းပါဦး၊ မင်းဟာ တိရစ္ဆာန်သာ ဖြစ်တယ်။ ငါ့လယ်ခင်းက စပါးနှံတွေကို စားလည်းစားပြီး အိမ်ဖို့ပါ ယူဆောင်သွားသေးတယ်ဆို။ အဲဒါ ဘာသဘောလဲ ကျေးလေးရဲ့'

လယ်ရှင်ပုဏ္ဏားကြီးရဲ့ အမေးစကားကို ကျေးလေးက လူ့ဘာသာစကားနဲ့ အခုလို ပြန်ဖြေဆိုလိုက်တယ်။

'အိုကျေးဇူးရှင်ကြီး၊ ကျွန်တော်ဟာ ကျေးဇူးရှင်ကြီးထင်သလို လောဘကြီးလွန်းလို့ရယ် မဟုတ်ရပါဘူး။ တကယ်တော့ ကျွန်တော်ဟာ လူတွေလိုပဲ နေ့စဉ် တာဝန်သုံးမျိုးကို ထမ်းဆောင်နေရလို့ပါ'

ကျေးသားလေးရဲ့ အဖြေစကားကို ကြားရတော့ လယ်ရှင်ပုဏ္ဏားကြီးက 'အိုကျေးလေး၊ မင်းထမ်းဆောင်နေရတဲ့ တာဝန်သုံးမျိုးဆိုတာက ဘာတွေလဲကွယ့်၊ ပြောပြစမ်းပါဦး' လို့ ထပ်မေးပြန်တယ်။

'ဒီလိုပါအံ့ရှင်၊ ပထမတာဝန်က ကြွေးသစ်ချရတဲ့တာဝန်ပါ။ ဒုတိယက ကြွေးဟောင်းဆပ်ရတာပါ။ တတိယတာဝန်ကတော့ ရွှေအိုးမြှုပ်ရတာ ဖြစ်ပါတယ်။ ဒီတာဝန်သုံးမျိုးဟာ ကျွန်တော်ရဲ့ နေ့စဉ်ထမ်းဆောင်နေရတဲ့ တာဝန်တွေပဲ ဖြစ်ပါတယ်'

ကျေးသားလေးရဲ့ စကားကို နားရှိလို့သာ ကြားလိုက်ရပေမယ့် အဓိပ္ပါယ်အပြည့်အစုံကိုတော့ လယ်ရှင်ပုဏ္ဏားကြီး မသိနားမလည်နိုင်ပါဘူး။ ဒါကြောင့် 'နေပါဦးကျေးလေးရယ်။ မင်းပြော လိုက်တဲ့ တာဝန်သုံးမျိုးဆိုတာတော့ သိရပါပြီ။ အဲဒါ ဘယ်လိုမျိုး တာဝန်

http://www.dhammadownload.com



တွေလဲဆိုတာကိုလည်း ငါနားလည်အောင် ထပ်ရှင်းပြစမ်းပါဦး’

ကျေးသားလေးက “ဒီလိုပါ၊ ကျေးဇူးရှင်ကြီးရဲ့။ ကြွေးသစ်ချတယ်ဆိုတာက ကျွန်တော့်မှာ ကျေးသားသားမီးမီးလေးတွေ ရှိနေပါတယ်။ သူတို့ကို မွေးပြီး ပြီးရောလို့ ပစ်မထားဘဲ မိဘဝတ်တရားနဲ့အညီ ကျွေးမွေးစောင့်ရှောက်ရပါတယ်။ ဒါဟာ ကျွန်တော့်အတွက် ကြွေးသစ်ချတာ ဖြစ်ပါတယ်။

ပြီးတော့ တစ်ချိန်တုန်းက မွေးပြီးကျွေးခဲ့တဲ့ ကျွန်တော့်ရဲ့ သက်ကြားအို ဖေဖေ၊မေမေတွေ ရှိနေပါသေးတယ်။ အဲဒီဖေဖေမေမေတွေကိုလည်း ပစ်မထားဘဲ သားသမီးဝတ်နဲ့အညီ ရှာဖွေကျွေးမွေးရပါတယ်။ ဒါကို ကြွေးဟောင်းဆပ်တယ်လို့ ကျွန်တော်ဆိုတာပါ။

နောက်ပြီး ရွှေအိုးမြှုပ်တယ်ဆိုတာက အလှူခံလာတဲ့ အခြားကျေးအိုကြီးတွေကို တွေ့တဲ့အခါမျိုးတွေမှာ ကပ်စေးနှဲမနေဘဲ စွမ်းနိုင်သမျှ လှူရတန်းရတာကို ဆိုပါတယ်အရှင်”

အဲဒီလို ကျေးသားလေးရှင်းပြတဲ့ နေ့စဉ်တာဝန်သုံးခုကို ကြားသိလိုက်ရတဲ့အခါ လယ်ရှင်ပုဏ္ဏားကြီးဟာ အင်မတန်ကျေနပ်အားရဖြစ်ကာ ဝမ်းသာပျော်ရွှင်သွားတယ်။ သူ့အနေနဲ့ တစ်ကြိမ်တစ်ခါမျှ မကြားစဖူး စကားထူးလည်းဖြစ်သလို ဒီတာဝန်တွေဟာ လူသားတိုင်း လိုက်နာကျင့်သုံးစရာ တန်ဖိုးဖြတ်မရတဲ့ တာဝန်တွေပဲလို့လည်း သူနားလည်သဘောပေါက်လိုက်မိတာကိုး။

ပြီးတော့ ဒီကျေးသားလေးဟာ ငါ့ကို လူသားတစ်ယောက်အနေနဲ့ မဖြစ်မနေ ကျေပွန်စွာ ထမ်းရွက်သင့်တဲ့ လူ့တာဝန်အရေးသုံးပါးကို ဟောကြားဆုံးမပေးသူပဲလို့လည်း အင်မတန် ကြည်ညိုလေးစားသွားသတဲ့။

http://www.dhammadownload.com



အဲဒါကြောင့်ပဲ လယ်ရှင်ပုဏ္ဏားကြီးဟာ ကျေးသားလေးကို အထူး ကျေးဇူးတင်မဆုံး ဖြစ်သွားတယ်။ ပြီးတော့ လူ့တာဝန်ဝတ္တရား သုံးပါးကို ဟောကြားပေးတဲ့ ကျေးသားလေးကို ကျေးဇူးတုံ့ဆပ်တဲ့ အနေနဲ့ 'ဒီနေ့ကစပြီး ကျေးသားလေးနဲ့ အပေါင်းအဖေါ်ကျေးသားတွေ အားလုံးဟာ ငါ့ယာခင်းတွေထဲမှာ အတားအဆီးမဲ့ အလိုရှိတိုင်း လာရောက် စားသုံးကြပါစေ' လို့ ဘေးမဲ့အခွင့်ထူးကိုလည်း ပေးလှူ လိုက်တော့သတဲ့။

တကယ်တော့ ကျေးသားလေးဟာ လူတွေနဲ့မခြား တာဝန် ဝတ္တရား သုံးပါးကို နေ့စဉ် ထမ်းဆောင်ခဲ့တဲ့အတွက်ကြောင့်သာ ခုလို အသက်မသေတဲ့အပြင် ဆွေမျိုးတွေရဲ့ ကောင်းကျိုးကိုပါ ရွက်ဆောင် သယ်ပိုးနိုင်ခဲ့တာပေါ့ကွယ်။

ကဲ…ကလေးတို့ရဲ့ ဘဝထဲမှာလည်း ကျေးသားလေးနဲ့ နိုင်းယှဉ်ပြီး တိုင်းတာချိန်ထိုးကြည့်ရအောင်လေ။ ကျေးသားလေးလိုပဲ ကလေးတို့မှာလည်း ဖေဖေမေမေဆိုတဲ့ မိဘတွေ ရှိနေကြတာပဲ။

ဒီမိဘတွေကနေ မွေးလည်းမွေးပြီး ကျွေးလည်းကျွေးလာခဲ့ လို့သာ အခုလို လူသားတစ်ယောက်ရယ်လို့ ရှင်သန်ထမြောက်လာ နိုင်ခဲ့တာပေါ့။ မဟုတ်ရင် လူ့ဘဝကိုလည်း ရောက်မလာနိုင်ပါဘူး။ ရှင်သန်ထမြောက်ပြီး အသက်ရှင်ရပ်တည် နေနိုင်ဖို့ဆိုတာလည်း မလွယ်လှပါဘူး။

ပြီးတော့ ဖေဖေမေမေတွေက ကလေးတို့ကို သူတစ်ပါး ထက်ပိုလို့ တော်အောင်၊ တတ်အောင် ထက်မြက်ထူးချွန်ပြီး လိမ္မာယဉ်ကျေးတဲ့ အမွန်အမြတ်လေးတွေ ဖြစ်လာနိုင်အောင်လို့လည်း စေတနာ၊ မေတ္တာအပြည့်နဲ့ ပြုစုပျိုးထောင်ပေးခဲ့ကြတာမဟုတ်လား။

http://www.dhammadownload.com



တကယ်တော့ ဒါတွေအားလုံးဟာ ဖေဖေမေမေတွေက ကလေးတို့အပေါ်မှာ ကျေပွန်နေရမယ့် လူ့ဝတ်တရားတွေပဲလေ။ ဖေဖေ မေမေတွေက သားသမီးတွေအပေါ်မှာ 'ကြွေးသစ်'တွေ ပေးချ နေကြတာပေါ့။

အဲ…နောင်တစ်ချိန် ကလေးတို့ အရွယ်ရောက်ပြီး လူလား မြောက်တဲ့အခါမှာတော့ ဖေဖေမေမေတွေလည်း အိုမင်းမစွမ်း ဖြစ်လာ ကြရော။ ဒီအခါမှာတော့ ကလေးတို့က တစ်လှည့်တစ်ဖန် ပြန်လို့ မိဘကို ရှိသေစွာ ပြုစုလုပ်ကျွေးရင်း ငယ်ငယ်တုန်းက အကြွေး တွေကို ပြန်ပြီး ပေးချေကြရမယ်လေ။ ဒါကတော့ သားသမီးတိုင်း မငြီးမငြင် ပြုကျင့်ရမယ့် 'ကြွေးဟောင်းဆပ်' လူ့ဝတ်တရားပါပဲ။

ပြီးတော့ ကလေးတို့ရဲ့ ပတ်ဝန်းကျင်မှာ တစ်နေ့တစ်နေ့ တွေ့ကြုံနေကျ အလှူခံပုဂ္ဂိုလ်တွေဟာ အမျိုးမျိုးအဖုံဖုံ စုံလို့ပါပဲ။ အဲဒီအလှူခံပုဂ္ဂိုလ်တွေကိုလည်း စွမ်းနိုင်သမျှ မတွန့်တိုဘဲ စေတနာ, သဒ္ဓါ ဖြူဖြူဖွေးဖွေးလေးနဲ့ ပေးလှူနိုင်ရတယ်။

ဒါကတော့ နောင်ဘဝအဆက်ဆက်မှာ ဆင်းရဲမွဲတေမှု ဘေးက လွတ်ဝေးနိုင်အောင်လို့ ရင်းနှီးမြှုပ်နှံမှု တစ်ခုပဲ။ အဲဒါကိုတော့ 'ရွှေအိုးမြှုပ်'တယ်လို့ ဆိုတယ်။

ကဲ··ကလေးတို့ရဲ့ ဘဝထဲမှာ ကိုယ်တိုင်ကိုယ်ကျ ရင်ဆိုင်ကြုံ တွေ့ရချိန်မှာ အဲဒီလို 'တာဝန်ဝတ္တရားသုံးပါး'ကို ကျေပွန်အောင် ထမ်းဆောင်ရွက်နိုင်ခဲ့မယ် ဆိုရင်တော့ ကလေးတို့လည်း ကျေးသား လေးကို ယှဉ်နိုင်ပြီပေါ့ကွယ်။

(ယဉ်ကျေးလိမ္မာမွေ့ရာကလေးဂျာနယ်၊ အတွဲ ၂ လ (၅) ရက်၊ ၂၀၀၆။)

http://www.dhammadownload.com



http://www.dhammadownload.com

# စွမ်းအားကြီးတဲ့ သားလေးပါး

ဗာရာဏသီပြည်မှာ သေကာရီဘုရင်ကြီး အုပ်ချုပ် မင်းလုပ်နေချိန်ပေါ့။ ဘုရင်မင်းမြတ်မှာ အရင်းနှီးဆုံး ငယ်သူငယ်ချင်း ပုရောဟိတ်တစ်ဦး ရှိတယ်။ ထူးခြားစွာပဲ သူတို့နှစ်ယောက်လုံးမှာ အမွေဆက်ခံမယ့် သားသမီးရတနာ တစ်ယောက်မျှ မထွန်းကားကြဘူးတဲ့။ ဒီတော့ ဘုရင်ကြီးဟာ ထီးမွေနန်းလျာ ဆက်ခံဖို့ သားရရေးကိုပဲ နေ့နေ့ညညတွေးရင်း စိတ်ပျက်အားငယ်နေရရှာတယ်လေ။

တစ်နေ့မှာတော့ ဘုရင်ကြီးနဲ့ ပုရောဟိတ်တို့ဟာ တိုင်ပင်ဆွေးနွေးကြရင်း ဘုရင်ကြီးက 'သူငယ်ချင်း ငါတို့နှစ်ယောက်မှာ တစ်ယောက်ယောက်က အရင်ဆုံး သားရလာခဲ့ရင် နှစ်ယောက်စလုံးရဲ့သားအဖြစ် သတ်မှတ်ကြမယ်' လို့ ပြောလိုက်တယ်။ ပုရောဟိတ်လည်း ဘုရင်မင်းမြတ်စကားကို နှစ်သက်သဘောကျပြီး နှစ်ဦးသဘောတူ ကတိဝတ်ပြုကြသတဲ့။

ဒီလိုနဲ့ နှစ်အနည်းငယ်ကြာလာတဲ့ တစ်နေ့မှာတော့ ပုရောဟိတ်ဟာ မြို့ပြင် တံခါးအနီးမှာ လမ်းလျှောက်လာနေတဲ့ သူဆင်းရဲမတစ်ယောက်ကို အမှတ်ထင်ထင် လှမ်းတွေ့လိုက်ရတယ်။

http://www.dhammadownload.com



သူဆင်းမရဲမဟာ အဝတ်အစား စုတ်စုတ်ပြတ်ပြတ်နဲ့ တစ်ကိုယ်လုံး ကြုံလှီနွမ်းလျနေပေမယ့် သူ့မှာ သားခုနှစ်ယောက်တောင် ပါသတဲ့။

သားငယ်လေးကိုတော့ ရင်ခွင်မှာ ထွေးပိုက်ပြီး အခြားသား တွေကတော့ ပုခုံးပေါ်နဲ့ ဘေးနှစ်ဖက်၊ ရှေ့နောက်ဝဲယာတွေမှာ အပြုံလိုက် ပါလာတယ်။ ဒီမြင်ကွင်းကို တွေ့ရတော့ ပုရောဟိတ်ဟာ တအံ့တသြ ဖြစ်သွားတယ်။

'ဒီသူငယ်မဟာ လူသာဆင်းရဲပေမယ့် သားသမီးတော့ ချမ်းသာသူပဲ'လို့ တွေးရင်း သူဆင်းရဲမအနီးကို ရောက်သွားတယ်။

ပုရောဟိတ်ဟာ ဆင်းရဲသူမနဲ့ သားခုယောက်ကို အထူး အဆန်းသဖွယ် ကြည့်ရင်း 'အို…မိန်းကလေး၊ သင့်ကို မြင်ရတာ မင်္ဂလာရှိလိုက်တာကွယ်'လို့ နှုတ်ဆက်စကား ဆိုလိုက်တယ်။

သူဆင်းရဲမလည်း ပုရောဟိတ်ကြီး ဘာကို ဆိုလိုတာလဲ ဆိုတာကို အတိအကျ နားမလည်နိုင် ဖြစ်သွားတယ်။ ဒါကြောင့် 'အရှင်ပုရောဟိတ်ကြီး၊ ဘာကြောင့် ကျွန်တော်မကို တွေ့တာနဲ့ မင်္ဂလာရှိလိုက်တာလို့ ပြောရတာလဲ'လို့ ပြန်မေးလိုက်တယ်။

ပုရောဟိတ်က 'ဩော်..မင်းမှာ သားခုနစ်ယောက်တောင် ရှိနေတာကို တွေ့ရလို့ပါကွယ်။ ဒါနဲ့ ဒီသားတွေအားလုံးဟာ မင်းရဲ့ သားတွေချည်းပဲလား'

'ဟုတ်ပါတယ်၊ ပုရောဟိတ်ကြီး၊ အားလုံးဟာ ကျွန်မရဲ့သား တွေ ဖြစ်ပါတယ်'

'ဒါနဲ့ သားတွေရဲ့ အဖေရော မတွေ့ပါလား၊ သူတို့အဖေက ဘယ်သူလဲကွယ့်'

ပုရောဟိတ်ကြီးရဲ့ အဲဒီလို အမေးစကားကို ကြားတော့ သူဆင်းရဲမဟာ ရုတ်တရက် ဘယ်လို ပြန်ဖြေရမှန်းမသိ ဖြစ်သွားတယ်။

http://www.dhammadownload.com



သားတွေရဲ့အဖေဟာ ဘယ်သူဘယ်ဝါရယ်လို့ သူမကိုယ်တိုင်က အတိအကျ လက်ညှိုးထိုးပြဖို့ သိပ်အခက်တွေ့သွားပုံပဲ။ ဒါကြောင့် ပုရောဟိတ်ကြီးကို ချက်ချင်း ပြန်မဖြေနိုင်ဘဲ တွေဝေစဉ်းစားပြီး ခဏကြာမှ 'ပုရောဟိတ်ကြီးရယ်၊ ကျွန်မသားတွေရဲ့ အဖေကဟောဟို မြို့ပြင်က ညောင်ပင်ကြီးပါပဲရှင်'လို့ ဖြေလိုက်တယ်။

သူဆင်းရဲမထံက အဖြေစကားကို ကြားလိုက်ရတယ်ဆိုရင်ပဲ ပုရောဟိတ်ကြီးဟာ ခပ်လှမ်းလှမ်းက ညောင်ပင်ကြီးဆီကို လှမ်းမျှော်ငေးမော ကြည့်ရှုလိုက်တယ်။ ခဏကြာတော့ 'ဒီညောင်ပင် မှာနေတဲ့ ရုက္ခစိုးနတ်မင်းဟာ တော်တော့်ကို မတရားတာပဲ။ ကျေးဇူးမရှိတဲ့ ဒီဆင်းရဲသူမကိုတော့ သားခုနစ်ယောက်တောင် ပေးပြီး ကျေးဇူးကြီးမားတဲ့ ငါတို့ဘုရင်မင်းမြတ်ကိုတော့ သားတစ်ယောက်တောင် မပေးဘူး'လို့ မကျေမနပ်တွေးရင်း လှည့်ပြန်သွားခဲ့သတဲ့။

တကယ်တော့ သူဆင်းရဲမဟာ သားတွေရဲ့အဖေကို ပြောပြဖို့ ခက်နေလို့သာ ထိုးမိထိုးရာ ထိုးပြလိုက်တာပေါ့။ ပုရောဟိတ်ကြီးက သားလိုချင်ဇော လွှမ်းမိုးနေတော့ အမှန်ကို မတွေးနိုင် ဖြစ်သွားတယ်။ ဒါကြောင့် သူဆင်းရဲမ ပြောစကားကို အတည်မှတ်ပြီး ညောင်ပင်မှာ စောင့်ရှောက်နေတဲ့ ရုက္ခစိုးနတ်ဟာ သူဆင်းရဲမကို မျက်နှာလိုက်ပြီး သားဆုတွေချည်း ပေးနေခဲ့တာပဲလို့ တလွဲမှတ်ကာ ရုက္ခစိုးနတ်ကို အငြိုးဖွဲ့သွားတာလေ။

ဒါကြောင့် နောက်တစ်နေ့မှာပဲ ပုရောဟိတ်ကြီးဟာ မြို့ပြင်က ညောင်ပင်ကြီးအောက် ရောက်လာခဲ့တယ်။ နီးရာ ညောင်ကိုင်းတစ်ခုကို ဆွဲကိုင်လှုပ်ရင်း 'အို..ညောင်ပင်စောင့်နတ်မင်း၊ ငါတို့မင်းကြီးဟာ သင့်ကို တစ်နှစ်တစ်ကြိမ် ငွေတစ်ထောင်အကုန်ခံပြီး ပူဇော်ပသတယ်။

http://www.dhammadownload.com



ဒါတောင်မှ သင်က ငါတို့မင်းကြီးကို သားတစ်ယောက်မျှ မပေးဘူး။ သူဆင်းရဲမကိုတော့ သားခုနစ်ယောက်တောင် ပေးတယ်။ ဒီနေ့ကစပြီး ခုနစ်ရက်မြောက်အထိ မင်းကြီးကို သားတစ်ယောက်မျှမပေးရင် သင့်ညောင်ပင် အမြစ်ပျက်ပြီမှတ်' လို့ ကြိမ်းဝါးပြောဆိုခဲ့သတဲ့။

အဲဒီနေ့စကလို့ပဲ ပုရောဟိတ်ဟာ နေ့စဉ်နေ့တိုင်း ညောင်ပင်အောက်ကို သွားပြီး ပြောဆိုကြိမ်းဝါးနေတာ ခြောက်ရက်ပြည့်သွားတယ်။ အဲဒီနေ့မှာ 'နောက်ဆုံး သတိပေးတဲ့အနေနဲ့ အရင်နေ့တွေက ထက်ပိုပြီး တင်းတင်းမာမာ ပြောဆိုကြိမ်းဝါးခဲ့တယ်။

ဒီအခါမှာတော့ ရုက္ခစိုးနတ်မင်းလည်း သူ့နေရာဗိမာန် ပျက်စီးတော့မယ့်အရေးကြောင့် မနေသာတော့ပါဘူး။ 'ဒီပုရောဟိတ်ဟာ ဆင်းရဲသူမစကားကို အမှန်ထင်မှတ်ပြီး မမြော်မြင် မစဉ်းစားဘဲ ငါ့ညောင်ပင်ကို တကယ်ဖျက်ဆီးပစ်တော့မှာပဲ' လို့ တွေးပြီး အင်မတန်စိုးရိမ်ချောက်ချားသွားတယ်။

နောက်ဆုံးတော့ ကြံရာမရဖြစ်ပြီး နတ်မင်းကြီးလေးပါးထံ အကူညီတောင်ခံဖို့အတွက် အလျင်အမြန်သွားသတဲ့။

နတ်မင်းကြီးတွေကလည်း သူ့အခက်အခဲကို မကူညီနိုင်ကြလို့ နတ်စစ်သူကြီး ရှစ်ယောက်ထံ သွားပြန်တယ်။ နတ်စစ်သူကြီးတွေက သူတို့လည်း မကူညီနိုင်ကြောင်းပြောပြီး သိကြားမင်းထံသွားဖို့ လမ်းညွှန်လိုက်တယ်။

ဒီလို့နဲ့ ရုက္ခစိုးနတ်ခမျာ သိကြားမင်းထံ အမောတကော ရောက်လာကာ အသနားခံ တောင်းပန်ပြောဆိုပြန်တယ်။ ဒီအခါမှာ သိကြားမင်းက တာဝတိံသာနတ်ပြည်မှာ ရှိတဲ့ ဘုန်းကံရှင် နတ်သားလေးဦးထံ သွားပြီး လူ့ပြည်က ဗေသုကာရီဘုရင်ကြီးရဲ့ မိဖုရားကြီးဝမ်းမှာ လူအဖြစ် သန္ဓေယူကြဖို့ တောင်းပန်ပြောဆိုပေးသတဲ့။

http://www.dhammadownload.com



နတ်သားလေးတွေဟာ သိကြားမင်းရဲ့ တောင်းပန်ပြောဆိုမှုကို အလွယ်နဲ့ လက်မခံကြပါဘူး။ 'အရှင်နတ်မင်း၊ ကျွန်တော်တို့ဟာ လူပြည်မှာ လူဖြစ်ဖို့ကိုတော့ လက်ခံပါတယ်။ ဒါပေမယ့် ဘုရင့်နန်းတော်ထဲမှာတော့ လူမဖြစ်လိုပါ။ ပုရောဟိတ်အိမ်မှာ လူဖြစ်ပြီး ငယ်ရွယ်စဉ်မှာပဲ တောထွက်ရဟန်းပြုခွင့် ရမယ်ဆိုရင်တော့ လူ့ပြည်ကို ကျွန်တော်တို့ သွားပါ့မယ်'လို့ ငြင်းဆိုမှုနဲ့ လက်ခံမှုကို အသိပေး ပြောကြားသတဲ့။

သိကြားမင်းလည်း နတ်သားတွေထံက သဘောတူ လက်ခံချက်ကို ရပြီး ရက္ခစိုးနတ်ကို နည်းလမ်းညွှန်ကာ လူ့ပြည့်ပြန်လွှတ်လိုက်တယ်။ ခုနစ်ရက်မြောက်နေ့မှာတော့ ပုရောဟိတ်ကြီးဟာ နောက်ပါအခြံအရံတွေနဲ့အတူ မြို့ပြင် ညောင်ပင်ကြီးအောက် ရောက်လာပါရော။ ညောင်ပင်ကို ဖျက်ဆီးပစ်ဖို့ ပေါက်ဆိန်,ဓားစတဲ့ လက်နက်တွေလည်း သူတို့မှာ အစုံအလင် ပါလာကြတယ်။

နေ့တိုင်းလိုပဲ ညောင်ကိုင်းကို လှုပ်ရမ်းပြီး အော်ပြောလိုက်တဲ့အခါမှာ ရက္ခစိုးနတ်မင်းဟာ ကိုယ်ထင်ပြပြီး 'အို… ပုရောဟိတ်ကြီး၊ သင့်ကို သားလေးယောက်တိတိ ပေးမယ်'လို့ ပြောဆိုလိုက်သတဲ့။

ပုရောဟိတ်က 'အရှင်နတ်မင်း၊ ငါက သားမလိုပါ၊ ငါတို့ဘုရင်မင်းမြတ်ကိုသာ ပေးပါ'လို့ ပြန်ပြောတယ်။ ရက္ခစိုးနတ်က 'ပုရောဟိတ်၊ ဘုရင်ကို ငါမပေးနိုင်၊ သင့်ကိုသာ ငါပေးနိုင်တယ်။ ဒီသားတွေကို သင်ယူချင်ယူ မယူချင်နေပါ။ ပြီတော့ ဒီသားတွေဟာ သင်အိမ်မှာ ကြာရှည်နေကြမှာ မဟုတ်ဘူး။ ငယ်စဉ်ကတည်းက သားလေးယောက်စလုံး တောထွက်ရဟန်းပြုကြလိမ့်မယ်'လို့ ရှင်းလင်းပြောပြသတဲ့။

http://www.dhammadownload.com



နတ်မင်းရဲ့ စကားအဆုံးမှာတော့ ပုရောဟိတ်လည်း တွေဝေမနေတော့ဘဲ 'အရှင်နတ်မင်း၊ ဒီလိုဆိုရင်လည်း သင်နတ်မင်းက ပေးမှာသာ ပေးပါ။ တောထွက်တာ မထွက်တာကတော့ ငါ့တာဝန်ပဲ ဖြစ်ပါတယ်'လို့ သဘောတူလက်ခံလိုက်တယ်။

ဒီနောက်ပိုင်းမှာတော့ မြို့ပြင် ညောင်ပင်ကြီးအောက်မှာ ရုက္ခစိုးနတ်မင်းအတွက် ပူဇော်ပသမှုတွေဟာ တစ်နေ့တစ်ခြား ပိုပိုထူးများလာခဲ့ပါတော့တယ်။

သိပ်မကြာခင်မှာပဲ ပုရောဟိတ်ကြီးရဲ့ ဇနီးမှာ ကိုယ်ဝန်ရပြီး သားတော်လေးတစ်ပါး ဖွားမြင်လာတယ်။ ပုရောဟိတ်ကြီးလည်း နတ်မင်းစကားကို မှတ်သားပြီး သားတော်လေး ရဟန်းမပြုနိုင်အောင် ဆင်ထိန်းဆီမှာ အပ်နှံထားလိုက်တယ်။

ဆင်းထိန်းက ကျွေးမွေးစောင့်ရှောက်ထားလို့ ဒီသားတော်လေးကို 'ဆင်ထိန်းရဲ့သား'လို့ ခေါ်ဝေါ်ကြတယ်။ နောက်မကြာခင်ပဲ အခြား သားတော်လေးသုံးပါးလည်း ရှေ့ဆင့်နောက်ဆင့် မွေးဖွားလာကြပြန်တယ်။ ဒုတိယသားတော်လေးကို မြင်းထိန်းဆီမှာ အပ်နှံပြီး မြင်းထိန်းက မွေးကျွေးထားရတာမို့ 'မြင်းထိန်းရဲ့သား'လို့ ခေါ်ကြတယ်။

တတိယသားတော်လေးက 'နွားထိန်းရဲ့သား' ဖြစ်ပြီး အငယ်ဆုံး စတုတ္ထသားတော်လေးကိုတော့ 'ဆိတ်ထိန်းရဲ့သား'လို့ မှည့်ခေါ်ကြသတဲ့။

အဲဒီလိုနဲ့ပဲ သားတော်ကြီးဟာ တစ်ဆယ့်ခြောက်နှစ်အရွယ် ရောက်လာခဲ့တယ်။ ဒီအချိန်မှာ ဖခင်ပုရောဟိတ်ကြီးနဲ့ ဘုရင်ကြီးတို့ဟာ သားတော်ကြီးကို ထီးနန်းလွှဲအပ်ဖို့အရေး ကြိတ်ပြီး တိုင်ပင်နေကြတယ်။ ဒါပေမယ့် ထီးနန်း မလွှဲအပ်ခင်မှာ 'သားတော်ကြီးဟာ

http://www.dhammadownload.com



ရသေ့၊ ရဟန်းတွေကို တွေ့မြင်ခဲ့လို့ရှိရင် ဘယ်လို ဖြစ်သွားမလဲ။ နတ်မင်းပြောသလို တကယ်ပဲ ထီးနန်းစွန့်ကာ တောထွက် ရသေ့ရဟန်း ပြုသွားမှာလား။ မပြုဘဲ နေမှာလား’ ဆိုတာကို ဝေခွဲမရဘဲ သိချင်စိတ်တွေ အင်မတန် ပြင်းပြလာကြသတဲ့။

နောက်ဆုံးမှာတော့ သူတို့ရဲ့ သိလိုစိတ်ကို မတားဆီးနိုင်တော့ဘဲ အဖြေရအောင် အရင်ဆုံး စမ်းသပ်ကြည့်ဖို့ နှစ်ယောက်သား သဘောတူလိုက်ကြတယ်။ ဒါကြောင့်ပဲ ဘုရင်ကြီးနဲ့ ပုရောဟိတ်တို့ဟာ ကိုယ်တိုင် ရသေ့၊ ရဟန်းအသွင်ကို အတုအယောင်ဆောင် ပြုပြီး သားတော်ကြီးဆီ ရောက်လာကြပါရော။

သားတော်ကြီးက သူတို့ကို အတုတွေမှန်း လုံးဝ မသိဘူး။ နေရာထိုင်ခင်းတွေ ပေးလို့။ တရိုတသေ ခရီးကြိုဆိုပြီး ဦးချကန်တော့ လိုက်တာပေါ့။ ပြီးတဲ့အခါမှာ ပုရောဟိတ်နဲ့ ဘုရင်ကြီးတို့ဟာ သားတော်ကြီးကို အကြောင်းစုံပြောပြပြီး ဒီနေ့ပဲ ထီးနန်းလွှဲအပ်တော့မယ့်အကြောင်း ပြောသတဲ့။

ဒီမှာတွင် သားတော်ကြီးက ‘အို.. ခမည်းတော်နဲ့ အရှင်မင်းကြီးတို့ သားတော်ဟာ ထီးနန်းကို လုံးဝလက်မခံလိုပါဘူး။ ဒီနေ့ပဲ သားတော်ကို ရဟန်းပြုခွင့်ပေးပါ’လို့ ပြန်လည်တောင်းဆိုသတဲ့။

အဲဒီတော့မှ ပုရောဟိတ်နဲ့ ဘုရင်ကြီးတို့ဟာ သားတော်ကြီးကို နည်းမျိုးစုံနဲ့ ဖျောင်းဖျပြောဆိုကာ ရဟန်းမပြုဖို့နဲ့ ထီးနန်းကို လက်ခံဖို့ အတင်းအကြပ် နားချတိုက်တွန်းကြတော့တယ်။

ဒါပေမယ့် သားတော်ကြီးကတော့ ‘ထီးနန်းနဲ့အတူ လောက စည်းစိမ်ချမ်းသာတွေအားလုံးရဲ့ အပြစ်ကို ဟောပြပြီး ထီးနန်းကို လုံးဝ ငြင်းဆန်လိုက်တယ်။ ပြီးတော့ ဘုရင်ကြီးနဲ့ ပုရောဟိတ်ကြီးတို့ တားနေတဲ့ကြားကပဲ အခြံအရံအလုပ်အကျွေးတွေကို ခေါ်ယူကာ

http://www.dhammadownload.com



တောထွက်ပြီး ရဟန်းပြုသွားတော့သတဲ့။

ပုရောဟိတ်ကြီးနဲ့ ဘုရင်ကြီးတို့ဟာ အဲဒီနည်းအတိုင်းပဲ အရွယ်ရောက်လာကြတဲ့ သားလတ်ရယ် သားငယ်ရယ်နဲ့ သားထွေးတို့ ဆီရယ်ကို တစ်လှည့်စီသွားပြီး ထီးနန်းလွှဲအပ်ဖို့ ကြိုးစားကြပြန်တာပေါ့။

သူတို့ ဘယ်လိုပဲ ကြိုးစားပေမယ့်လို့ နောက်ဆုံးမှာတော့ သားတော်သုံးဦးစလုံးကလည်း သားတော်ကြီးလိုပဲ ထီးနန်းစည်းစိမ်ကို ပစ်ပစ်ခါခါ ငြင်းပယ်ခဲ့ပြီး အခြံအရံတွေနဲ့အတူ ရဟန်းပြုသွားကြပြန်တာပဲလေ။

အဲဒီလို သားတော်လေးပါးလုံး တောထွက်ရဟန်းပြုသွားကြပြီး မကြာခင်မှာပဲ ဖခင်ပုရောဟိတ်ကြီးလည်း အမြင်မှန်ရလာခဲ့တယ်။ သူပိုင်တဲ့ စည်းစိမ်းချမ်းသာတွေကို မယားထံလွှဲအပ်ပြီး သားတော်တွေနောက်လိုက်ကာ တောထွက်ရဟန်းပြုသွားတယ်။ နောက်မကြာခင်မှာ ပုရောဟိတ်ကြီးရဲ့မယားလည်း အမြင်မှန်ရပြီး တောထွက်ကာ ရဟန်းမပြုသွားပြန်တယ်။

အဲဒီလိုနည်းနဲ့ ကိုယ်စီကိုယ်စီ အမြင်မှန်တွေရပြီး ဧသုကာရီဘုရင်ကြီးနဲ့ မိဖုရားကြီးရယ်။ ပြီးတော့ မှူးကြီးမတ်ရာ သေနာပတိကြီးတွေရယ်။ သူတို့ရဲ့ ဇနီးမယားတွေနဲ့ သားသမီးတွေရယ်။ ပြီးတော့ တိုင်းပြည်ထဲက ရှိရှိသမျှ ပြည်သူလူထုတွေဟာ တစ်ယောက်မကျန် တစ်တိုင်းပြည်လုံး အတူလိုက်ကာ တောထွက်ရဟန်းပြုသွားကြသတဲ့။

အဲဒါကြောင့် ဘုရင့်နန်းတော်ကြီးအပါအဝင် လူတွေပိုင်တဲ့ ပစ္စည်းဥစ္စာ၊ ရတနာရွှေငွေတွေ၊ တိုက်တာ,အိုးအိမ်တွေ၊ ဥယျာဉ်, ခြံမြေတွေ၊ လယ်ယာ,ကျွဲနွား, ဆင်မြင်းစတာတွေ အားလုံးဟာ ပိုင်ရှင်မဲ့ပြီး အမှိုက်တွေသဖွယ် အသုံးမဝင် ဖြစ်ကျန်ရစ်သတဲ့။

အဲဒီလို ဗာရာဏသီတစ်ပြည်လုံးက လူတွေအားလုံး

http://www.dhammadownload.com



တောထွက်ပြီး ရသေ့ရဟန်းပြုကုန်ကြပြီဆိုတဲ့ သတင်းဟာ အိမ်နီးချင်းနိုင်ငံအနှံ့ကိုပါ တစ်ခဏချင်း ပြန့်နှံ့သွားတယ်။

ဒီအခါမှာ မဟာမိတ်ဖြစ်ကြတဲ့ အိမ်နီးချင်းနိုင်ငံ ခုနစ်နိုင်ငံက လူတွေအားလုံးဟာ ... ည်း သေကာရီဘုရင်ကြီးနဲ့ တိုင်းသူပြည်သားတွေ အတိုင်း အတုလိုက်ပြီး ရသေ့ရဟန်းတွေချည်း ပြုကုန်ကြသတဲ့။

အဲဒီလို စွမ်းအားကြီးမားလှတဲ့ သားတော်လေးပါးရဲ့ ကျေးဇူးတရားကြောင့်ပဲ ခုနစ်ပြည်ထောင်သားတွေဟာ ရသေ့ရဟန်းဘဝနဲ့ တရားကျင့်ကြလို့ သေလွန်တဲ့အခါမှာ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဆိုတဲ့ အပါယ်လေးဘုံက လွတ်ပြီး နတ်ပြည်၊ဗြဟ္မာပြည်တွေကိုချည်း ရောက်ကုန်ကြသတဲ့ကွယ်။

(ယဉ်ကျေးလိမ္မာမွေ့ရာဟာလေးကျွန်ုပ်၊ အတွဲ ၂ လ ရက်၊ ၂၀၀၆။)

http://www.dhammadownload.com



http://www.dhammadownload.com

# ယုန်သူတော်ကောင်း

ဟိုး‥လွန်ခဲ့တဲ့ တစ်ချိန်တုန်းကပေါ့။ ဟိမဝန္တာတောကြီး ထဲမှာ ဘုရားအလောင်းဟာ ယုန်ကလေးဖြစ်နေသတဲ့။ ယုန်ကလေးမှာ မျောက်ကလေးရယ် မြေခွေးရယ် ဖျံရယ်ဆိုတဲ့ သူငယ်ချင်း သုံးဖော် ရှိတယ်။ သူတို့လေးဦးထဲမှာ ယုန်ကလေးက အမြော်အမြင် အရှိဆုံးဆို တော့ သူငယ်ချင်းအားလုံးက ယုန်ကလေးကိုပဲ ဆရာလိုတစ်မျိုး မိဘလိုတစ်ဖုံနဲ့ မှီခိုအားကိုး နေကြရတယ်လေ။

သူတို့ သူငယ်ချင်း လေးဖော်ဟာ နေဝင်ရီတရော ညနေခင်း ဆည်းဆာချိန်ရောက်တိုင်း တောအုပ်ကြီးရဲ့ တစ်နေရာမှာ တွေ့ကြုံ ဆုံစည်းလေ့ရှိကြတယ်။ အဲဒီလို တွေ့ဆုံတဲ့အခါတိုင်းမှာလည်း ယုန် ကလေးက 'ငါတို့ အားလုံးဟာ မကောင်းမှုတွေကို အတက်နိုင်ဆုံး ရှောင်ကြစို့။ ပြီးတော့ ကောင်းရာကောင်းမှုတွေကိုလည်း အတက်နိုင်ဆုံး ပြုကြစို့'လို့ အဲဒီလို အဆုံးအမတရားတွေကို သူနဲ့သူငယ်ချင်းတွေ အတွက် အမြဲပြောဆို ဆုံးမပေးလေ့ရှိတယ်။

ဒီတော့ စိတ်တူကိုယ်တူဖြစ်ကြတဲ့ ကျန်သူငယ် ချင်းတွေ ကလည်း ယုန်ကလေး ပြောဆိုဆုံးမသလိုပဲ လိုက်နာကျင့် သုံးရင်း

http://www.dhammadownload.com



အားလုံး ပျော်ရွှင်ကြည်နူးစွာ နေထိုင်ကြတယ်လေ။

အဲဒီနေ့က လပြည့်အကြို အဖိတ်နေ့တစ်နေ့ရဲ့ ညနေခင်း ဆည်းဆာချိန်ပေါ့။ မနက်ဖန်ဆို လပြည့်တော့မှာမို့ မိုးပေါ်က စန္ဒာလမင်းကြီးလည်း ပြည့်တင်းဝိုင်းစက်လုနီး ဖြစ်နေပြီ။

တောတစ်ခွင် တောင်တစ်ပြင်လုံးမှာလည်း လပြည့်အကြိုရဲ့ လင်းရောင်ခြည်တွေဟာ ဖြာဝင်းလင်းလက်လို့။ အဲဒီနေ့ကလည်း နေ့တိုင်းလိုပဲ သူငယ်ချင်း လေးယောက်သား ဆုံမိကြတာပေါ့။

ဒီအခါမှာ ယုန်ကလေးက အမှတ်မထင် မိုးကောင်းကင်ပေါ်ကို လှမ်းမော်ကြည့်လိုက်ရင်း 'သူငယ်ချင်းတို့ရေ၊ နက်ဖန်ဆို လပြည့်နေ့ပဲ။ လပြည့်နေ့ဆိုတာ သူတော်ကောင်းတွေ ဥပုသ်သီလ စောင့်သုံးကြတဲ့နေ့ပေါ့။ ဒါကြောင့် ငါလည်း နက်ဖန်မှာ ဥပုသ်စောင့်မယ်။ မင်းတို့အားလုံးလည်း ဥပုသ်စောင့်ကြပါ။

ပြီတော့ အလှူခံပုဂ္ဂိုလ်တွေ အမှတ်မထင် ရောက်လာခဲ့လို့ရှိရင်လည်း ကိုယ်စားမယ့်အစာထဲက မရှိရှိတာကို မဖြစ်မနေ ပေးလှူလိုက်ကြပါ။ ဘာကြောင့်လဲဆိုတော့ ဥပုသ်စောင့်ပြီး ပေးလှူရတဲ့ အလှူဟာ အလွန်မွန်မြတ်လို့ပဲ'လို့ သူငယ်ချင်းတွေကို ပြောဆိုညွှန်ကြားသတဲ့။

ဒီအခါမှာ မျောက်,မြေခွေး,ဖျံဆိုတဲ့ သူငယ်ချင်းသုံးဖော်ဟာ ယုန်ကလေးပြောစကားကို မှတ်သားပြီး 'ကောင်းပြီ၊ နက်ဖန်မှာ ငါတို့အားလုံး ဥပုသ်သီလစောင့်ကြတာပေါ့'လို့ ဝန်ခံကတိပြုကြတယ်။

ဒီလိုနဲ့ လပြည့်နေ့ရဲ့ မနက်ခင်း စောစောအချိန်မှာပဲ သူတို့သူငယ်ချင်း လေးယောက်ဟာ ကိုယ့်နေရာမှာ ကိုယ်နေရင်း ကိုယ့်စိတ်နဲ့ အဓိဋ္ဌာန်ပြီး ဥပုသ်သီလကို စောင့်သုံးကြတယ်။ ပြီးတဲ့အခါမှ ထုံးစံအတိုင်း ကိုယ်စီကိုယ်စီ အစာရှာထွက်ကြတာပေါ့။

http://www.dhammadownload.com



အဲဒီလို အစာရှာထွက်ရင်း ဖျံဟာ ဂင်္ဂါမြစ် ကမ်းခြေဘက်ကို ရောက်လာခဲ့တယ်။ ဒီနေ့ဟာ ဥပုသ်စောင့်ထားတာမို့ သူ့အသက် သတ်ပြီး အစာရှာလို့ မဖြစ်ဘူးလေ။ ဒီတော့ ဖျံဟာ ဥပုသ်သီလ မပျက်အောင်လို့ ငါးသေဖားသေလေးများ အဆင်သင့် တွေ့လေရော့ မလားဆိုတဲ့ မျှော်လင့်ချက်နဲ့ လိုက်လံရှာဖွေနေတာ။

အဲဒီလို ရှာနေရင်းမှာပဲ ကံကောင်းထောက်မစွာ သဲဖုံးနေတဲ့ ငါးကြင်း ၇-ကောင်ကို တွေ့လိုက်ရတယ်။ ဒီငါးကြင်းတွေက တံငါ သည်တွေ ရှာဖွေပြီး ဝှက်ထားခဲ့တဲ့ ငါးတွေပေါ့။ အနီးမှာ ပိုင်ရှင်တွေ ရှိမလားလို့ ဖျံက သုံးကြိမ်တိုင်တိုင် ဟစ်အော် စုံစမ်းလိုက်တယ်။ ပိုင်ရှင်ရှိမယ့် အရိပ်အယောင်ကို မတွေ့ရတဲ့အခါမှ ငါးကြင်းတွေကို သိတ်က ကိုက်ချီယူပြီး ပြန်လာသတဲ့။

မြေခွေးလည်း အဲဒီလို အစာရှာရင်း တဲပျက်တစ်ခုထဲမှာ ဖွတ်ကင်နဲ့ နို့ဓမ်းကို ရခဲ့တယ်။ မျောက်ကတော့ တောအုပ်ထဲကနေ သရက်သီးမှည့် တစ်ခိုင် ရလာပြန်တယ်။ အဲဒီလိုနဲ့ သူတို့တစ်တွေဟာ အစာရှာပြီးတဲ့အခါမှာ 'အလှူခံရောက်လာရင် လှူရမယ်။ မလာတဲ့ အဆုံးမှ ငါတို့စားမယ်' လို့ အလှူခံလာမယ့်အရေးကို တွေးမျှော်ရင်း စောင့်ဆိုင်းနေကြလေရဲ့။

ဒီအချိန်မှာ ယုန်ကလေးကတော့ တစ်ကောင်တည်း တွေးပြီး 'ငါဟာ သူများတွေလို အသားငါးစားတာ မဟုတ်ဘူး။ ငါစားတဲ့ အစာက မြက်သစ်ရွက်တွေဆိုတော့ ရှာဖို့လည်းမခက်သလို အချိန်တန်လို့ စားဖို့အတွက်လည်း အလွယ်ကလေး။

ဒါပေမယ့် တကယ်လို့များ အလှူခံပုဂ္ဂိုလ် တစ်စုံတစ် ယောက် ရောက်လာခဲ့ရင် ငါစားတဲ့မြက်တွေကို လှူလို့တော့ ဘာအသုံး တည့်မှာလဲ။ ဒီတော့ ငါ့မှာ အခြားလှူစရာကလည်း ဘာမျှ မရှိပါ

http://www.dhammadownload.com



လား’လို့ စဉ်းစားရင်း အကြံထုတ်နေမိတယ်။ မကြာခင်မှာပဲ ယုန်ကလေးဟာ အကြံရပြီး ‘ဘာပဲဖြစ်ဖြစ်ဟာ။ အလှူခံသာ ရောက်လာစမ်းပါစေ။ ငါစားတဲ့မြက်ကိုတော့ မလှူဘူး။ ငါ့အသား ကိုပဲ မီးကင်ရှိပြီး ပေးလှူလိုက်မယ်’လို့ ဆုံးဖြတ်ချက်တစ်ခုကို ခိုင်ခိုင် မာမာ ချမှတ်လိုက်သတဲ့။

အဲဒီလို ယုန်ကလေးရဲ့ ခိုင်မာတဲ့ သီလအဓိဋ္ဌာန်စွမ်းအား ကြောင့် တာဝတိံသာနတ်ပြည်က သိကြားမင်းရဲ့ ကျောက်ဖျာဟာ ပူခြစ်လာသတဲ့။ သိကြားမင်းလည်း ဆင်ခြင်ကြည့်ပြီး အကြောင်းစုံ သိရတော့ ယုန်ကလေးရဲ့ သီလကို စမ်းသပ်ဖို့ဆိုပြီး ဟိမဝန္တာတောအုပ် ထဲကို ဆင်းလာသတဲ့။

သိကြားမင်းဟာ ပုဏ္ဏားအိုအသွင် ဖန်ဆင်းပြီး အရင်ဆုံး ဖျံဆီကို အလှူခံသွားတယ်။ ဖျံက လုံးဝ မတွန့်ဆုတ်ဘဲ ရှာဖွေလို့ရခဲ့တဲ့ ငါးကြင်းတွေကို အကုန်ပေးလှူလိုက်တယ်။ ပုဏ္ဏားအိုက ‘အသင်ဖျံ၊ အခု အချိန်စောပါသေးတယ်။ စားချိန်ရောက်မှ ငါပြန်လာခဲ့မယ်’လို့ ပြောခဲ့ပြီး မယူဘဲ ထားရစ်ခဲ့သတဲ့။

ပြီးတော့ မြေခွေးနဲ့မျောက်ဆီ သွားပြီး အလှူခံပြန်တယ်။ သူတို့ကလည်း ဖျံလိုပါပဲ။ လုံးဝကို တွန့်တိုမှု မရှိကြဘူး။ နည်းနည်း လေးမှ တွေဝေမနေကြဘဲ အလှူခံပုဏ္ဏားကို အားလုံး လှူလိုက်ကြ တာပဲ။ ပုဏ္ဏားအိုလည်း ဖျံကို ပြောတဲ့အတိုင်း ပြောခဲ့ပြီး မယူဘဲ ထားရစ်ခဲ့ပြန်သတဲ့။

နောက်ဆုံးမှာတော့ ပုဏ္ဏားအိုဟာ ယုန်ကလေးဆီ အလှူခံ သွားတယ်။ ယုန်ကလေးကလည်း အခိုင်အမာ ဆုံးဖြတ်ပြီးသားမို့ အလှူအတွက် တွန့်ဆုတ်နေဖို့ဆိုတာ ဝေလာဝေး။ ပုဏ္ဏားအိုကို ဝမ်းပန်း တသာနဲ့ ခရီးဦး ကြိုဆိုပြီး ဧည့်ဝတ်တောင် ပြုလိုက်သေးတယ်။

http://www.dhammadownload.com



ပြီးတဲ့အခါမှာ 'အရှင်ပုဏ္ဏားး၊ သင်လာတဲ့အတွက် ငါဟာ အင်မတန် ပျော်ရွှင်ဝမ်းသာရပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီနေ့မှာ တစ်ခါမျှ မလှူဖူးတဲ့ အလှူကို ငါလှူရတော့မှာဖြစ်လို့ပဲ' လို့ ပြောလိုက်သတဲ့။

ပြီးတော့ 'အရှင်ပုဏ္ဏားး၊ ငါ့မှာ အခြားလှူစရာဆိုလို့ ဘာမှ မရှိပါဘူး။ ငါ့မှာရှိတဲ့ အသက်ကို စွန့်ပြီး ငါ့ခန္ဓာကိုယ်ကို ပေးလှူပါရစေ။ သင်ဟာ သူ့အသက်ကိုတော့ သက်ပုံမရဘူး။ ဒီတော့ ငါ့ကို မီးမွှေးပေးပါ။ ငါဘာသာ မီးထဲခုန်ချပြီး အသားကျက်တဲ့အခါမှာ ငါ့အသားကို စားပြီး သင်ဥပုသ်စောင့်သုံးပါ' လို့ ပြောသတဲ့။

ပုဏ္ဏားအိုလည်း ယုန်ကလေးပြောတဲ့အတိုင်း မီးမွှေးပြီးတဲ့ အခါမှာ ယုန်ကလေးက ကိုယ်အမွေးကြားက ပိုးမွှားလေးတွေ မသေရ အောင်လို့ သုံးကြိမ်တိတိ ခါထုတ်ပစ်တယ်။ ပြီးတော့ မကြောက်ရွံ့ မတွန့်ဆုတ်ဘဲ ရဲဝံ့စွာ မီးဖိုထဲ ခုန်ချလိုက်သတဲ့။

အဲဒီလို ကိုယ့်အသက်ကို မငဲ့မကွက် ရက်ရက်ရောရော စွန့်လွှတ်ပြီး အလှူခံအတွက် ပေးလှူခဲ့ပေမယ့်လည်း ယုန်ကလေးဟာ ထူးဆန်းစွာ အသက်မသေဘဲ ဖြစ်နေသတဲ့။ ဘာပြုလို့လဲဆိုတော့ အလျှံရဲနေတဲ့ မီးတောက်မီးခဲတွေဟာ သီလအဓိဋ္ဌာန် ပြင်းထန်လွန်းတဲ့ သူတော်ကောင်း ယုန်ကလေးကို မလောင်ကျွမ်းနိုင်ဘဲကိုး။

မီးပုံထဲ ခုန်ဆင်းခဲ့ပေမယ့် ယုန်ကလေးရဲ့ အမွေးတစ်မျှင်ကိုမျှ မယိုင်လဲစေနိုင်ဘူး။ အင်မတန် ချမ်းအေးမြတဲ့ ဆီးနှင်းခဲတွေထဲ ပြုတ်ကျ လိုက်သလိုမျိုးပဲ ဖြစ်သွားသတဲ့။

အဲဒီလို ဖြစ်ရပ်ဆန်းမျိုးကို ကိုယ်တွေ့ကြုံရတော့ ယုန်ကလေး ခမျာ သူ့ကိုယ်သူ နားမလည်နိုင်ရှာ ဖြစ်နေတာပေါ့။ အလှူခံ ပုဏ္ဏားအိုကို မီးမလောင်ရတဲ့ အကြောင်းရင်းကို မေးမြန်းလိုက်တယ်။

ပုဏ္ဏားအိုဟာ သူ့ရဲ့ မူလသိကြားမင်းရဲ့ ရုပ်သွင်ကို

http://www.dhammadownload.com



ကိုယ်ထင်ပြပြီး အခုလို အလှူခံလာတာဟာ ယုန်ကလေးရဲ့ ပြင်းထန်တဲ့ သီလအဓိဋ္ဌာန်နဲ့ စေတနာစွမ်းအားကို စမ်းသပ်ချင်လို့ ဖြစ်ကြောင်း ရှင်းလင်းပြောပြလိုက်တယ်။

ဒီအခါမှာ ယုန်ကလေးက 'အို-အရှင်သိကြားနတ်မင်း၊ သင်သာ မဟုတ်ပါဘူး။ ဒီလောကတစ်ခွင်မှာ ရှိရှိသမျှ လူတွေအားလုံး ငါ့ထံ လာပြီး စုံစမ်းဦးတော့။ ငါရဲ့ စေတနာတွန့်ဆုတ်မှုကို လုံးဝ တွေ့မြင်ရမှာ မဟုတ်ပါဘူး' လို့ ရဲရဲတောက်စကား ပြောဆိုပြီး ကြွေးကြော်လိုက်သတဲ့။

ဒီအခါမှာ သိကြားမင်းက ယုန်ကလေးရဲ့ ဖြူစင်မြင့်မြတ်တဲ့ စေတနာတရားနဲ့ သီလအစွမ်းကို ကမ္ဘာကြေသော်လည်း ဥဒါန်း မကြေဘဲ တွင်ကျန်ရစ်စေဖို့ အခုလို စီမံလိုက်သတဲ့။

နတ်တန်ခိုးနဲ့ မြင်းမိုရ်တောင်ထွတ်က တောင်ဆီတွေကို ညှစ်ယူတယ်။ ပြီးတော့ တောင်ဆီကို မှင်ဆေး သဖွယ်ပြုလို့ မိုးကောင်းကင်က လမိမာန်ရဲ့ မျက်နှာကျက်မှာ ယုန်ရုပ် အမှတ်တံဆိပ် ခပ်နှိပ်ရေးထိုးပြီး လမိမာန်ပန်းချီကားချပ်ကို လှလှပပ ရေးဆွဲလိုက်သတဲ့ကွယ်။

ကလေးတို့ရေ...ကလေးတို့ရွတ်ဆိုနေကြတဲ့-

'ရွှေလမှာ.. ယုန်ဝပ်လို့၊ ဆန်ဖွတ်သည့် အဘိုးအို..' ဆိုတဲ့ ကဗျာလေးဟာ ဒီပုံပြင်လေးက ဆင်းသက်လာခဲ့တာပေါ့ကွယ်။

တကယ်တော့ ယုန်ကလေးဟာ တိရစ္ဆာန်ဖြစ်ပေမယ့်လည်း သူတော်ကောင်းတစ်ယောက် ဖြစ်တာမို့ ကမ္ဘာတည်သရွေ့ ပျောက်ကွယ်ပျက်သုဉ်းမသွားဘဲ လမိမာန်ထက်က ပန်းချီကားချက်မှာ အခုလို ခပ်နှိပ်ကမ္ပည်းတင် ခံခဲ့ရတာပဲ ဖြစ်သတဲ့ကွယ်။

(ယဉ်ကျေးလိမ္မာဓမ္မရသကလေးဂျာနယ်၊ အတွဲ ၂ မတ်လ ၁၇ ရက်၊ ၂၀၀၆။)

http://www.dhammadownload.com



http://www.dhammadownload.com

# မိဘကိုလုပ်ကျွေးသော ဆင်းရဲသားလေး

ဟိုးတစ်ချိန်တုန်းက ဗာရာဏသီမြို့မှာ မောင်သုတနုဆိုတဲ့ ဆင်းရဲသားလေးတစ်ယောက် ရှိသတဲ့။ သူဟာ မိဘကို အလွန်ရိုသေသူဖြစ်တာကြောင့် အရွယ်ရောက်ပေမယ့် အိမ်ထောင်မပြုဘဲ အမေအိုကို ပြုစုလုပ်ကျွေးနေတယ်။

နေ့အခါတွေမှာ သူတစ်ပါးအိမ်က ကြုံရာအလုပ်မျိုးစုံကို အခစားလုပ်ပြီး ညရောက်ပြန်တော့ မငြိုမငြင်ဘဲ အမေအိုကို ပြုစုရှာပြန်တယ်။ တကယ်တော့ ဆင်းရဲသားလေးဟာ လူသာဆင်းရဲပေမယ့် မိဘကျေးဇူးကိုတော့ အင်မတန် သိတတ်သူတစ်ဦး ဖြစ်နေတာကိုး။

တစ်နေ့မှာတော့ ဗာရာဏသီဘုရင်ကြီးဟာ တောကစားထွက်ရင်း ရွှေသမင်တစ်ကောင်ကို တွေ့ရတဲ့အခါ အမတ်တွေနဲ့အတူ ဝိုင်းဖမ်းကြတယ်။ နောက်ဆုံးတော့ ရွှေသမင်ဟာ ဘုရင်ကြီးဘေးကနေ ထွက်ပြေးသွားတယ်။ ဒီအခါမှာ အမတ်တွေက သူတို့ဘုရင်ကြီး မခံချင်စိတ်ဖြစ်အောင်ဆိုပြီး 'ရွှေသမင် ဘယ်ကထွက်၊ မင်းကြီးတာကထွက်' လို့ ဝိုင်းပြီး စကြနောက်ကြသတဲ့။

http://www.dhammadownload.com



ဘုရင်ကြီးလည်း တကယ်ပဲ မခံချစ်စိတ်ဖြစ်ပြီး ရွှေသမင်ကို မရအရ လိုက်ဖမ်းတဲ့အခါ ရွှေသမင်ကို အသေဖမ်းမိခဲ့တယ်။ ဒါပေမယ့် ဘုရင်ကြီးဟာ သူ့နောက်လိုက်အမတ်တွေနဲ့ လူစုကွဲသွားတာကြောင့် သမင်သေကို ထမ်းပြန်လာရင်း ညောင်ပင်တစ်ပင် အောက်မှာ ဝင်ခိုနားမိပါရော။

တစ်ခဏတွင်းမှာပဲ မောမောပန်းပန်းနဲ့ ဘုရင်ကြီး အိပ်ပျော်သွားတယ်။ နိုးလာချိန်မှာတော့ အဲဒီညောင်ပင်မှာ အပိုင်စားရထားတဲ့ ဘီလူးကြီးရဲ့ ဖမ်းဆီးထားခြင်းကို ခံလိုက်ရတယ်။ ဘုရင်ကြီးလည်း သူ့ဖြစ်အင်ကို သိရပြီး အင်မတန် စိုးရိမ်ကြောက်ရွံ့သွားတာပေါ့။ ဒါကြောင့် 'အို-ဘီလူးကြီး၊ ငါ့ကို မသတ်ပါနဲ့။ ငါဟာ ဗာရာဏသီ ဘုရင်ဖြစ်ပါတယ်'လို့ ဘီလူးကြီးကို တောင်းပန်ပြောဆိုတော့သတဲ့။

ဘီလူးကြီးက 'သင်ဟာ ငါ့အရိပ်မှာ ခိုမိလို့ ဘုရင်ဖြစ်လည်း ငါ့အစာပဲ'လို့ သွားဖြဲ ရယ်မောပြီး ပြန်ပြောတာပေါ့။ ဘုရင်ကြီးဟာ သေဘေးကို ကြောက်ရွံ့မိတာကြောင့် 'အို-ဘီလူးကြီး၊ သင် အသေအချာ စဉ်းစားပါဦး။ တကယ်လို့ ဒီနေ့ ငါ့ကို သတ်စားခဲ့ရင် တစ်နေ့စာပဲ သင် စားရမယ်။ ဒီနေ့ သမင်သားကို စားပြီး ငါ့ကို ပြန်လွှတ်ခဲ့ရင်တော့ သင့်အတွက် ထမင်းတစ်နပ်နဲ့ လူတစ်ယောက်ကို နေ့စဉ် ငါလွှတ်ပေးပါမယ်'လို့ ထပ်ပြောပြန်သတဲ့။

ဒီအခါမှာ ဘီလူးကြီးက မပင်မပန်းဘဲ နေ့စဉ် ထမင်းတစ်နပ်နဲ့ လူတစ်ယောက် စားရမယ့်အရေးကို နှစ်သက်သဘောကျပြီး ဘုရင်ကြီးနဲ့ အပေးအယူ သဘောတူလိုက်တယ်။ ဘုရင်ကြီးလည်း နန်းတော်ထဲ ပြန်ရောက်ချင်း ဒီကိစ္စကို ဖြေရှင်းဖို့အတွက် ပညာရှိအမတ်တွေနဲ့ အလျှင်အမြန် တိုင်ပင်သတဲ့။ အားလုံးရဲ့ သဘောဆန္ဒနဲ့ အညီ အရင်ဆုံး အချုပ်ထောင်ထဲက ရာဇဝတ်သားတွေကို တစ်နေ့တစ်

http://www.dhammadownload.com



ယောက်ကျ ဘီလူးကြီးထံ ပို့လွှတ်ဖို့ ဆုံးဖြတ်လိုက်ကြတယ်။

အဲဒီလိုနဲ့ နေ့တွေရက်တွေ ကြာလွန်လာတဲ့အခါမှာတော့ ထောင်တွင်းက အကျဉ်းသားအားလုံးဟာ တစ်ယောက်မကျန် ကုန်သွားခဲ့တယ်။ ဒီသီတင်းစကားကို ကြားရတဲ့အခါ ထောင်ပြင်ကလူတွေဟာ ထောင်ထဲရောက်ရင် ဘီလူးစာ ကျွေးခံရမှာကို ကြောက်ပြီး ပြစ်မှုဒုစရိုက်တွေကို မကျူးလွန်ဝံ့ကြတာမို့ ထောင်ဗလာ ဖြစ်လာခဲ့သတဲ့။

ဒီမှာတွင် ဘီလူးစာကျွေးစရာ မရှိတော့တာကြောင့် ဘုရင်ကြီးနဲ့ ပညာရှိအမတ်တွေဟာ စည်းဝေးတိုင်ပင်ကြရပြန်သတဲ့။ ဒီတစ်မှာတော့ "ဘီလူးထံ ထမင်းပို့ပေးနိုင်သူကို ငွေအသပြာတစ်ထောင် ပေးမည်"လို့ တိုင်းပြည်ထဲမှာ စည်လည်ကြော်ငြာစေလိုက်တယ်။ ဒီသတင်းကို ကြားရတော့ ဆင်းရဲသားလေး မောင်သုတနုဟာ တစ်ယောက်တည်း ကြံတွေးစဉ်းစားသတဲ့။

"ငါဟာ သူတစ်ပါးထံမှာ တစ်သက်လုံး အခစားလုပ်လာခဲ့တာ ငွေတစ်ထောင် မပြောနဲ့။ တစ်ရာတောင် မရစဖူး။ ငါ့အမေလည်း ဆင်းရဲပင်ပန်းစွာ နေထိုင်ရရှာတယ်။ ဒီငွေတစ်ထောင်ကို ယူပြီး ဘီလူးထံ ငါသွားမယ်။ တကယ်လို့ ငါသေခဲ့ရင် ငါ့အမေ ချမ်းသာစွာ နေနိုင်မယ်။ ကံကောင်းလို့ ဘီလူးကို ဆုံးမနိုင်ပြီး ငါမသေခဲ့ရင်တော့ ငါ့အမေနဲ့အတူ ပျော်ရွှင်ချမ်းသာစွာ နေရနိုင်မယ်"လို့ တွေးမိသတဲ့။

ပြီးတဲ့အခါမှာတော့ ဆင်းရဲသားလေးဟာ အမေ့အတွက် စွန့်စားဖို့ ဆုံးဖြတ်ပြီး မင်းမှုထမ်းတွေဆီက ငွေတစ်ထောင်ထုပ်ကို ယူလိုက်တယ်။ ငွေကို သူ့အမေထံ ပေးပို့အပ်နှံခိုင်းလိုက်ပြီး သူကိုယ်တိုင်ကတော့ ဘီလူးကို ဆုံးမနှိမ်နင်းဖို့ ဘုရင်ကြီးထံသွားသတဲ့။

"အရှင်မင်းကြီး၊ ကျွန်တော်မျိုး ဘီလူးရန်ကို နှိမ်နင်းဆုံးမပေးပါမည်။ ကျွန်တော်မျိုးအတွက် သန်လျက်ရယ်၊ ရွှေဖိနပ်ရယ်၊

http://www.dhammadownload.com



ထီးဖြူတစ်လက်ရယ်နဲ့ ရွှေလင်ပန်းနဲ့ ထမင်းကို ဆောင်နှင်းပေးလိုက်ပါ''လို့ တောင်းဆို လျှောက်တင်လိုက်သတဲ့။

ဘုရင်ကြီးဟာ ကြောက်ရွံ့ခြင်းကင်းပြီး ရဲရင့်တည်ကြည်စွာ ပြောဆိုနေတဲ့ မောင်သုတနုရဲ့ ရဲစွမ်းသတ္တိကို ယုံကြည်အားကိုးပြီး တောင်းဆိုသမျှ အားလုံးကို တစ်ပါတည်း ဆောင်နှင်းပေးလိုက်တယ်။

ဆင်းရဲသားလေးဟာ ဘုရင်ကြီးပေးလိုက်တဲ့ လိုအပ်တဲ့ ပစ္စည်းတွေကို ယူပြီး ဘီလူးကြီးနေထိုင်ရာအရပ်ကို ထမင်းအပို့သွားသတဲ့။ သစ်ပင်နားကို ရောက်လာတော့ ပါလာတဲ့ ရွှေဖိနပ်ကို ချစီးလိုက်တယ်။ ထီးဖြူကိုလည်း ဖွင့်ဆောင်းပြီး သန်လျက်ကို ဆွဲကိုင်လိုက်တယ်။ သစ်ပင်အောက်ကို အလျင်စလို မသွားသေးဘဲ သစ်ပင်ရိပ်စွန်းမှာပဲ ရပ်ပြီး ဘီလူးကြီးကို လှမ်းခေါ်ကာ ရွှေလင်ပန်းထဲက ထမင်းကို ပေးလိုက်တယ်။

ဒီအချိန်မှာ ဘီလူးကြီးဟာ ထမင်းလာပို့သူ ဆင်းရဲသားလေးကို တွေ့ပြီး အတော့်ကို အံ့အားသင့်နေတယ်။ 'ဒီလူငယ်ဟာ နေ့တိုင်းလာနေကျ လူတွေနဲ့ မတူဘူး။ အင်မတန် ရဲဝံ့ တည်ကြည်ပြီး ထူးဆန်းလှတယ်။ ပညာရှိယောကျာ်းတစ်ယောက်ပဲ ဖြစ်လိမ့်မယ်'လို့ တွေးသတဲ့။ ပြီးတဲ့အခါမှာ 'အမောင်လုလင်၊ ငါ့အတွက် ထမင်းကို ယူပြီး သစ်ပင်အောက်ကို ဝင်လာခဲ့ပါ။ ထမင်းလည်း ငါ့အတွက် ဖြစ်သလို သင်လည်း ငါ့အစာပဲ မဟုတ်လား'လို့ လှမ်းပြောသတဲ့။

ဒီအခါမှာ မောင်သုတနုက 'အို..ဘီလူး၊ သင်ဟာ အကြောင်းနည်းနည်းနဲ့ အကျိုးများစွာကို စွန့်ဖို့ ကြံရွယ်သူပဲ။ လူတွေဟာ သေရမှာကို ကြောက်ပြီး သင့်ထံ ထမင်းပို့ဝံ့သူတောင် မရှိတော့ဘူး။ ငါက အရသာနဲ့ပြည့်စုံတဲ့ ထမင်းကို သင့်ထံ လာပို့ပေးတယ်။ ဒီနိုင်ငံမှာ ငါနဲ့တူတဲ့ ပညာရှိသူ မရှိ။ သင်ဟာ အကာယ်လို့

http://www.dhammadownload.com



ငါ့ကို သတ်စားခဲ့အံ့။ ဒီဘီလူးဟာ သုတနုကိုတောင် သတ်စားဝံ့တယ်ဆိုကာ နောက်နောင်မှာ ထမင်းပို့ဝံ့သူ တစ်ယောက်မှ မရှိနိုင်တော့။ အဲဒီအခါကိုရောက်ရင် သင်အတွက် ထမင်းကိုတောင် ရတော့မှာ မဟုတ်ဘူး။

ငါတို့ဘုရင်မင်းမြတ်ဟာ သင့်သစ်ပင်ရိပ်အောက်မှာ မဟုတ်တဲ့အတွက် ငါ့တို့ဘုရင်ကိုလည်း သင်ဖမ်းဆီးနိုင်မှာ မဟုတ်။ ပြီးတော့ ငါ့ကိုလည်း သင်စားပိုင်ခွင့် မရှိ။ အကြောင်းက ငါဟာ သင့်အရိပ်ကို မခို။ သင့်မြေကို မနင်းထားလို့ပဲ။

. သင်ဟာ အကယ်လို့ ဒီထမင်းကို စားပြီး ငါ့ကို လွှတ်ခဲ့အံ့။ ငါဟာ မင်းကြီးကို ပြောပြီး နေ့စဉ် သင့်ထံ ထမင်းအပို့ လွှတ်စေအံ့။ တကယ်လို့ သင်ဟာ ငါနဲ့ စစ်ထိုးလိုအံ့။ ငါဟာ သင့်ကို သန်လျက်နဲ့ ပိုင်းဖြတ်ဖို့ အသင့်စီစဉ်လာခဲ့တာကြောင့် သင့်ကို ငါလုံးဝမကြောက်'လို့ တည်ကြည်ရဲဝံ့စွာ ပြန်ပြောသတဲ့။

အဲဒီလို မောင်သုတနုရဲ့ ပြောဆိုညွှန်ပြမှု စကားကို ကြားရတဲ့ အခါမှာတော့ အသိတရားမမဲ့တဲ့ ဘီလူးကြီးဟာ ငေးမှိုင်တွေဝေပြီး စဉ်းစားသွားတယ်။ 'ဒီလူငယ်ဟာ နည်းလမ်းကျစွာ ပြောဆိုတာပဲ။ ပြီးတော့ ငါ့အကျိုးအတွက်လည်း ဟုတ်တယ်'လို့ တွေးပြီး 'အမောင်လုလင်၊ သင်ဟာ ပညာရှိသူ ပီသပါပေတယ်။ သင်ပြောတိုင်းသာ ငါလိုက်နာပါမယ်။ သင်ချမ်းသာစွာ အိမ်ပြန်ပါလေတော့'လို့ ခွင့်ပြု ပြောဆိုလိုက်တော့သတဲ့။

ဒီအခါမှာတော့ မောင်သုတနုက ငါ့အကျိုးအတွက်တော့ အောင်မြင်ပြီ။ ဒါပေမယ့် ဒီလို အသိတရားရှိတဲ့ ဘီလူးကြီးကို ဒီအတိုင်း ထားခဲ့လို့တော့ မသင့်တော်ဘူး။ သူ့အကျိုးအတွက်ကိုလည်း ငါဆောင်ကျဉ်းပေးမှ သင့်တော်မယ်'လို့ တွေးပြီး 'အသင်ဘီလူး၊ သင်ဟာ'

http://www.dhammadownload.com



ရှေးဘဝတွေက အကုသိုလ်ကံကြောင့်သာ အခုလို ရုန့်ရင်းကြမ်းတမ်းတဲ့ လူ့အသွေးအသားကို စားနေရတယ်။ ဒီနေ့မှစပြီး သူ့အသက် မသက်ဘဲ သူ့အသားစားခြင်းမှ ရှောင်ကြဉ်ပါတော့လော့’လို့ တရားဟောဆုံးမ လိုက်တယ်။

ပြီးဆုံးတဲ့အခါမှာ ဘီလူးကြီးကို ငါးပါးသီလတည်စေပြီး ထီးဖြူနဲ့ သန်လျက်ကို ထမ်းစေကာ တိုင်းပြည်ကို ခေါ်ဆောင် သွားတယ်။ ဘုရင်ကြီးလည်း မှူးကြီးမတ်ရာ သေနာပတိတွေ၊ တိုင်းသူ ပြည်သားတွေနဲ့အတူ ဘီလူးကို ဆုံးမခေါ်ဆောင်လာနိုင်ခဲ့တဲ့ ဆင်းရဲ သားလေးမောင်သုတနုကို မြို့တော်အဝင်မှာ စောင့်မျှော်လို့ ခရီးဦး ကြိုဆိုကြတယ်။

အဲဒီနေ့ကစပြီး ဘုရင်ကြီးက ဘီလူးကြီးကို မြို့တံခါးဝမှာ နေရာပေးပြီး ထမင်းပွဲ ကျွေးမွေးထားလိုက်တယ်။ မိဘကို လုပ်ကျွေးတဲ့ ဆင်းရဲသားလေး မောင်သုတနုကိုတော့ တိုင်းပြည်ရဲ့ စစ်သူကြီးရာထူးကို ချီးမြှင့်လိုက်သတဲ့။

အဲဒီလို မိဘကျေးဇူးကို ဦးထိပ်ထားပြီး မိဘလုပ်ကျွေး ခဲ့တဲ့အတွက်ကြောင့် ဆင်းရဲသားလေး မောင်သုတနုဟာ ကြမ်းတမ်းတဲ့ ဘီလူးကြီးနဲ့ တွေ့ပေမယ့် အသက်မသေတဲ့အပြင် တိုင်းပြည်ရဲ့စစ်သူကြီး ရာထူးကိုတောင် ထိုက်ထိုက်တန်တန် ရရှိခဲ့တာပေါ့ကွယ်။

(ယဉ်ကျေးလိမ္မာမွေ့ရာကလေးဂျာနယ်၊ အတွဲ ၂ အမှတ် ၂၀ ရက်၊ ၂၀၀၆။)

http://www.dhammadownload.com



http://www.dhammadownload.com

# ဆင်ကြီးအလိမ္မာ

တစ်ချိန်တုန်းက သီရိမန္တမြို့တော်မှာ တောလိုက် ဆင်ဖမ်း ဝါသနာပါတဲ့ ဘုရင်ကြီးတစ်ပါး ရှိသတဲ့။ ဘုရင်ကြီးဟာ တောလိုက် မုဆိုးတွေထံက တောထဲမှာ ဆင်အကြောင်း သတင်းစကားကြားရတဲ့ အခါတိုင်းမှာ မှူးမတ်အခြံအရံတွေနဲ့ အဲဒီအရပ်ကို ဆင်းဖမ်းထွက်ြ ကလေ့ရှိတယ်။

ဖမ်းလို့ရလာတဲ့ ဆင်တွေကိုတော့ ဘုရင်ကြီးက ဒီအတိုင်း ထားတာ မဟုတ်ဘူး။ ကျွမ်းကျင်လိမ္မာတဲ့ ဆင်ဆရာတွေဆီ အပ်နှံပြီး လိမ္မာယဉ်ကျေးတဲ့ဆင် ဖြစ်အောင် သင်ကြားဆုံးမခိုင်းတယ်။ ပြီးမှ အဲဒီဆင်လိမ္မာတွေနဲ့ နန်းတော်ထဲမှာ ဆက်ကပွဲမျိုးစုံ စီစဉ်ပြီး ကြည့်ရှု ပျော်ပါးလေ့ရှိသတဲ့။

တကယ်တော့ အဲဒီဘုရင်ကြီးဟာ ဆင်လိမ္မာတွေကို သူတစ် ပါးတွေနဲ့မတူအောင် အင်မတန်ကိုမှ ချစ်တတ်သတဲ့။ ဒါကြောင့်ပဲ မှူးကြီးမတ်ရာသေနာပတိတွေနဲ့ တိုင်းသူပြည်သားတွေက သူတို့ဘုရင် ကြီးကို 'ဆင်ချစ်သောဘုရင်ကြီး' လို့ အမည်ပေးထားကြတယ်လေ။

http://www.dhammadownload.com



တစ်နေ့သော အခါမှာတော့ တောလိုက်မုဆိုးတစ်ယောက်က တောထဲမှာ အလွန်ချော အလွန်လှတဲ့ ဆင်ကြီးတစ်ကောင် တွေ့ခဲ့ကြောင်း ဘုရင်ကြီးကို လျှောက်တင်လိုက်တယ်။

ဆင်ကြီးက ကိုယ်ခန္ဓာလည်း ကြီးပြီး အရောင်အဆင်း ကလည်း ရွှေဝါရောင် ရှိသတဲ့။ ပြီးတော့ ဆင်ကြီးမှာ ရှည်လျားတဲ့ နှာတံနဲ့ တစ်တောင်ကျော်လောက် ငေါထွက်နေတဲ့ ငွေဘော်ရောင် အစွယ်ကြီးနှစ်ချောင်းကလည်း လှမှလှတဲ့။

အဲဒီလို ရှားပါးတဲ့ ဆင်ကြီးသတင်းစကား ကြားသိရချင်းပဲ ဆင်ချစ်တဲ့ ဘုရင်ကြီးဟာ မုဆိုးကို လမ်းပြခေါ်ပြီး မှူးကြီးမတ်ကြီး တွေနဲ့အတူ ဆင်ဖမ်းထွက်ကြွတော်မူတော့တာပေါ့။

အဲဒီဆင်ကြီးကို ဖမ်းပြီးတဲ့အခါမှာတော့ ဘုရင်ကြီးဟာ အတိုင်းထက်အလွန် နှစ်သက်သဘောကျပြီး အတော်ဆုံး ဆင်ဆရာထံ အပ်နှံကာ အမြန်ဆုံး လိမ္မာယဉ်ကျေးအောင် သင်ကြားဆုံးမခိုင်းလိုက် တယ်။ ဆင်ကြီးဟာ ဆင်ဆရာရဲ့ အစွမ်းကုန် သင်ကြားပေးမှုကြောင့် တစ်ပတ်အတွင်းမှာပဲ လူ့စကားကို သိနားလည်တဲ့ ဆင်လိမ္မာကြီး ဖြစ်လာခဲ့တာပေါ့။

ဒီအခါမှာ ချောမောလှပပြီး လိမ္မာယဉ်ကျေးတဲ့ ဆင်ကြီးကို ပိုင်ဆိုင်ရတာကြောင့် ဘုရင်ကြီးဟာ အင်မတန် နှစ်ထောင်းအားရ ဖြစ်နေတော့တယ်။

ဒီလိုနဲ့ တစ်ခုသော တန်ဆောင်မုန်းလပြည့်ရဲ့ နက္ခတ်ပွဲတော် နေ့ကို ရောက်လာခဲ့တယ်။ အဲဒီနေ့မှာ ဆင်ချစ်တဲ့ ဘုရင်ကြီးဟာ ထုံးစံအတိုင်း သူ့ရဲ့ ဆင်အလိမ္မာကြီးကို အဖိုးတန် ရတနာမျိုးစုံ ဆင်ပေးပြီး တစ်မြို့လုံးအနှံ့ လှည့်ပတ်စီးပြီး နောက်ပါအခြံအရံတွေနဲ့

http://www.dhammadownload.com



အတူ နက္ခတ်ပွဲသဘင်ကို ရှုစားတော်မူသတဲ့။

လပြည့်နေ့ရဲ့ အကြိုဖြစ်တဲ့ မ်နေ့က ညမှာပေါ့။

ညဥ့်နက်သန်းခေါင်းယံအချိန်ဆိုတော့ တစ်မြို့လုံးက လူတွေဟာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေကြတယ်။ ဒီအချိန်မှာ တောထဲက ဆင်းရိုင်းတစ်အုပ်ဟာ မြို့လယ်က ဘုရင့်ဥယျာဉ်တော်ထဲ ဝင်ပြီး မွှေနှောက်ဖျက်ဆီးသွားတယ်။ ဥယျာဉ်တော်ထဲမှာ ပြုလုပ် ဆင်ယင်ထားတဲ့ အလှအပတွေနဲ့ နေရာထိုင်ခင်းတွေသာမကဘဲ သစ်ပင်ကြီးငယ်တွေ အတော်များများဟာ ရစရာမရှိအောင်ပဲ တစ်စစီ ကြေမွပျက်စီးကုန်တယ်။

ဒီသတင်းကို မနက်မိုးလင်းချိန်မှာ ဥယျာဉ်စောင့်က ဘုရင် ကြီးထံ လျှောက်တင်လိုက်တယ်။ ဒါကြောင့် ဘုရင်ကြီးဟာ မြို့လုံး အနှံ့လှည့်ပတ် ရှုစားပြီးချိန်မှာ နန်းတော်ထဲ ပြန်မဝင်သေးဘဲ ဥယျာဉ်ထဲဝင်ပြီး ကြည့်ရှုတော်မူပြန်တယ်။

အဲဒီလို ဥယျာဉ်တော်ထဲ လှည့်လည်ကြည့်ရှုနေတုန်းမှာပဲ ဘုရင်ကြီးရဲ့ ဆင်ကြီးအလိမ္မာဟာ ရုတ်တရက် အမှန်ယစ်ပြီး ဖောက်ပြန် လာသတဲ့။ ဥယျာဉ်တစ်ခုလုံး ပွဲတင်ထက်အောင် ကျယ်လောင်စူးဝါးစွာ အော်ဟစ်မြည်တမ်းနေတော့တယ်။

ခဏအကြာမှာ ဆင်ပေါ်က ဆင်ဦးစီးနဲ့အတူ ဘုရင်ကြီးကိုပါ ဖွတ်အတင်း ခါရမ်းချတယ်။ ဆင်ဦးစီးဟာ ဆင်ပေါ်ကနေ လွင့်စင်ကျ သွားပေမယ့် ဘုရင်ကြီးကတော့ သတိနဲ့ တွယ်ကပ်နေလို့ အောက်ကို ပြုတ်ကျမသွားဘူး။

ဒီတော့ ဘုရင်ကြီးဟာ ဆင်ဦးစီးနေရာထိုင်ပြီး ဆင်ကြီးကို ချွန်းနဲ့ ထိန်းချုပ်ဖို့ ကြိုးစားပြန်တယ်။ ဒါပေမယ့် ဘယ်လိုမှ ထိန်း

http://www.dhammadownload.com



မရဘူး။ နောက်ဆုံးမှာ အော်မြည်ရုန်းကန်ရင်း ဥယျာဉ်တော်ထဲက တစ်ဟုန်ထိုး ထွက်ပြေးသွားတဲ့ ဆင်ကြီးနောက်ကို ဘုရင်ကြီးပါ လိုက်ပါသွားတော့တယ်။

တောနက်ထဲအရောက်မှာ ဘုရင်ကြီးက 'ဒီအတိုင်းသာ ငါလိုက်ပါသွားနေရင် တောထဲက ဆင်းရိုင်းတွေနဲ့ တွေ့တဲ့အခါ ငါသေရလိမ့်မယ်' လို့ စဉ်းစားမိပြီး ရေသဖန်းပင်ရဲ့ အကိုင်းကို ဆွဲခို ချန်နေရစ်သတဲ့။ မကြာခင်မှာ နောက်ကလိုက်လာတဲ့ မင်းချင်း ယောကျ်ားတွေတွေမိလာလို့ ဘုရင်ကြီး ဘေးမသီရမခဘဲ နန်းတော်ထဲ ပြန်ရောက်သွားတယ်။

တကယ်တော့ မနေ့ညတုန်းက ဥယျာဉ်တော်ထဲလာပြီး သောင်းကြမ်းသွားတဲ့ ဆင်ရိုင်းအုပ်စုထဲမှာ ဆင်အလိမ္မာကြီးရဲ့ ချစ်သူ ဆင်ပျိုမလေးတွေလည်း ပါလာတာကိုး။

သူတို့ရဲ့ ကိုယ်သင်းရနံ့တွေဟာ ဘုရင့်ဥယျာဉ်တော်ထဲမှာ ကျန်ရစ်ခဲ့တာမို့ ဘာသာဘာဝတူဖြစ်တဲ့ ဆင်ကြီးအလိမ္မာက အသေအချာကို မှတ်မိနေတာပေါ့။ ဒီတော့ ဆင်ကြီးဟာ သူ့ချစ်သူ ဆင်ပျိုမလေးတွေရဲ့ ကိုယ်သင်းရနံ့ကို ထိတွေ့ရပြီး တဒင်္ဂအတွင်းမှာပဲ ရာဂစိတ်မွှန်လို့ အမုန်ယစ်လာတာ ဖြစ်သတဲ့။

အဲဒီလို အမုန်ယိုနေတဲ့ ဆင်လိမ္မာကြီးရဲ့ အသိစိတ်ထဲမှာ ဆင်ပျိုမလေးတွေကလွှဲပြီး ဘာဆိုဘာမျှကို မသိနိုင်တော့လောက် အောင် အရူးအမူး ဖြစ်သွားတယ်။ ဒါကြောင့် ဆင်ကြီးဟာ သူ့သခင် ဘုရင်ကြီးအပါအဝင် မျက်မှောက်အရာအားလုံးကို မေ့ပစ်ပြီး ဆင်ပျိုမ လေးတွေရှိရာ တောနက်ထဲကိုပဲ မရောက်အရောက် သွားခဲ့တော့တာ ဖြစ်သတဲ့။

http://www.dhammadownload.com



ဘုရင်ကြီးက ဆင်ကြီးရဲ့ ရိုင်စိုင်းလှတဲ့ အပြုအမူကြောင့် အမျက်တော်အလွန်ရှပြီး ဆင်လိမ္မာကြီးကို သင်ကြားဆုံးမပေးတဲ့ ဆင်ဆရာကို ချက်ချင်းဆင့်ခေါ်လိုက်တယ်။

'အမောင်ဆင်ဆရာ၊သင်ဟာ ငါ့ကို လုပ်ကြံတာမဟုတ်လား။ ငါကတော့ ဆင်ကြီး လိမ္မာယဉ်ကျေးလှပြီဆိုပြီး တက်စီးတာ။ ခုတော့ ကံကောင်းလို့ ငါမသေတာ။ သင့်အပြစ်ကို သင်ဝန်ခံသလား။ ဘာပြန် ပြောဦးမှာလဲ' လို့ မေးလိုက်သတဲ့။

ဒီအခါမှာ ဆင်ကြီးရဲ့ ဖြစ်ကြောင်းစုံကို မြော်မြင်ဆင်ခြင်ပြီး သိရှိထားတဲ့ ဆင်ဆရာက 'အရှင်မင်းကြီး၊ ဘာမျှ စိုးရိမ်တော်မမူပါနဲ့။ ဒီဆင်ကြီးဟာ တကယ်ပဲ သူမတူအောင် လိမ္မာယဉ်ကျေးနေပါပြီ။ တောထဲမှာ ဆင်ပျိုမလေးတွေနဲ့ ပျော်ပါးပြီး အမုန်ယစ်ပြေတဲ့အခါ ဒီနေရာကိုပဲ မုချပြန်ရောက်လာပါလိမ့်မယ်။ အရှင်မင်းကြီး စောင့်မျှော် နေတော်မူပါ'လို့ ပြန်လျှောက်တင်လိုက်တယ်။

ဘုရင်ကြီးလည်း ဆင်ဆရာရဲ့စကားကြောင့် စိတ်သက်သာပြီး 'ဆင်ဆရာ၊ တကယ်လို့ သင်ပြောသလိုသာ မှန်ခဲ့ရင် သင့်ကို ဆုတော် လာဘ်တော် ချီးမြှင့်မယ်။ မမှန်ရင်တော့ အပြစ်ဒဏ် ခံရပြီမှတ်'လို့ မိန့်တော်မူပြီး ဆင်ဆရာကို ဖမ်းချုပ်ထားလိုက်တယ်။

နောက်သုံးလေးရက်လောက်ကြာတော့ ဆင်ဆရာပြောတဲ့ အတိုင်းပဲ ဆင်ကြီးဟာ ဘုရင့်နန်းထဲက ဆင်တင်းကုပ်ထဲကို ဆိုက်ဆိုက် မြိုက်မြိုက် ပြန်ရောက်လာတယ်။

ဒီသတင်းကို ကြားချင်း ဘုရင်ကြီးဟာ ဆင်ဆရာကို ခေါ်ပြီး ရောက်လာတယ်။ ဆင်ကြီးအနားကို ကပ်သွားပြီး 'အမောင် ဆင် ဆရာ၊ သင်ပြောတာ သိပ်မှန်တယ်။ အခုတော့လည်း ဆင်ကြီးဟာ

http://www.dhammadownload.com



အရင်လို ပြန်လိမ္မာနေတာပဲ။ ဒါနဲ့ ဟိုနေ့တုန်းကတော့ ဘယ်လိုပဲ ချွန်းနဲ့အုပ်ပြီး ထိန်းချုပ်ပေမယ့် ရိုင်းစိုင်းကြမ်းတမ်းလိုက်တာ လွန်ပါရော။ အဲဒါ ဘာကြောင့်ဖြစ်ရတာလဲ ဆင်ဆရာ'လို့ မေးတော်မူလိုက်သတဲ့။

ဆင်ဆရာက 'အရှင်မင်းကြီး၊ ရာဂဆိုတဲ့ တပ်မက်မှုတဏှာဟာ ပကာတိချွန်းထက် ပိုပြီး ထက်မြက်လှပါတယ်။ ပကာတိမီးထက်လည်း ပိုပြီး ပူလောင်ပါတယ်။ အဆိပ်ထက်လည်း ပိုပြင်းပါတယ်။

ဒါကြောင့် အရှင်မင်းကြီးဟာ ရာဂအဆိပ်တက်နေတဲ့ ဆင်ကြီးကို ချွန်းနဲ့ ဘယ်လိုမှ ထိန်းချုပ်လို့မရတာ ဖြစ်ပါတယ် အရှင်မင်းကြီး' လို့ ပြန်လျှောက်တင်လိုက်တယ်။

ပြီးတော့ ဆင်ဆရာက 'အရှင်မင်းကြီး ရှုစားတော်မူပါ' လို့ဆိုကာ မီးရဲနေတဲ့ သံချောင်းကိုယူကာ ဆင်လိမ္မာကြီးကို အမှတ်ပြုအမခိုင်းလိုက်တယ်။ လိမ္မာလွန်းတဲ့ ဆင်ကြီးဟာ ရဲရဲနီနေတဲ့ သံချောင်းကို နှာမောင်းနဲ့ မ,ယူရှာသတဲ့။ အလွန်ပူပေမယ့် ဆင်ဆရာကို ကြောက်တာမို့ ပြန်မချပံ့ရှာဘူး။

အဲဒီလို ထူးဆန်းလောက်အောင် အင်မတန်လိမ္မာလွန်းလှတဲ့ ဆင်ကြီးကို သနားကြင်နာတော်မူကာ ဘုရင်ကြီးက အတင်းပြန်ချခိုင်းလိုက်ရတယ်။

ပြီးတဲ့အခါမှာတော့ ဆင်အချစ်တော်ဘုရင်ကြီးဟာ ဆင်ကြီးအလိမ္မာကို ကြည့်ရင်း 'သြော်··တဏှာဆိုတဲ့ ဒီရာဂဟာ တယ်လည်းကြောက်စရာ ကောင်းလှပါလား။ သတ္တဝါအားလုံးကို အပါယ်ငရဲမှာ နစ်မြှုပ်ပစ်နေတာဟာ သူပါပဲလား။

သူ့ကြောင့်ပဲ ကိုယ်တိုင်ကိုလည်း သစ္စာမဲ့။ ချစ်သူခင်သူ၊

http://www.dhammadownload.com



မိတ်ဆွေတွေ၊ ဆရာသမားတွေကိုလည်း သစ္စာမဲ့ကြတာပဲ။ သူ့ကြောင့်ပဲ ကိုယ့်ကိုလည်း သတ်ကြ။ မိဘ၊ ညီအစ်ကိုမောင်နှမတွေ ဆွေမျိုးတွေကို လည်း သတ်ရဲကြတာပဲ။

ပြီးတော့ ဒီရာဂဆိုတဲ့ တဏှာဟာ ကုသိုလ်တရားကို ဖျောက်ပြီး သုဂတိလမ်းတွေကိုလည်း ပိတ်ပင်ပစ်နိုင်ပါလား'လို့ တစိမ့် စိမ့်တွေးရင်း ဘုရင်ကြီးနှလုံးသားထဲမှာ ထိတ်လန့်တုန်လှုပ်မှု သံဝေဂ တရားတွေ တစ်ဖွားဖွား ဖြစ်ပေါ်ခံစားလာသတဲ့။

အပြီးမှာတော့ ဘုရင်ကြီးဟာ ဆင်ကြီးကို အကြောင်းပြုပြီး အဲဒီလိုဖြစ်ပေါ်လာတဲ့ သံဝေဂကြောင့် အဲဒီနေ့မှာပဲ ထီးနန်းစည်းစိမ် အားလုံးကို စွန့်ကာ တောထွက်ရဟန်းပြုသွားခဲ့တယ်။

ကလေးတို့တစ်တွေလည်း အဲဒီလို အလွန်လိမ္မာယဉ်ကျေးလှ တဲ့ ဆင်ကြီးအလိမ္မာရဲ့ မယဉ်ကျေးဖွယ် အပြုအမူမျိုးကို သတိမူပြီး ကိုယ့်ဘဝကို အပေါ်ယံမှာ လိမ္မာယဉ်ကျေးနေတာထက် ပိုလို့ အတွင်း သန္တာန်မှာပါ အမှန်တကယ် ယဉ်ကျေးလိမ္မာသူတစ်ဦးဖြစ်အောင် အတတ်နိုင်ဆုံး ကြိုးစားနိုင်ကြပါစေကွယ်။

(ယဉ်ကျေးလိမ္မာမွေ့ရာကလေးဂျာနယ်၊ အတွဲ ၂ ရှုလိုင်လ ၁၈ ရက်၊ ၂၀၀၆။)

http://www.dhammadownload.com



http://www.dhammadownload.com

# ဆုတောင်းမှားတဲ့နဂါးမင်း

တစ်ချိန်တုန်းက ဟံသာဝတီပြည်မှာ ပစ္စည်းဥစ္စာရော၊ စေတနာ,သဒ္ဓါတရားပါ ပြည့်စုံကြွယ်ဝတဲ့ သူဌေးသား သူငယ်ချင်း နှစ်ယောက် ရှိသတဲ့။ သူတို့ဟာ အရွယ်ရောက်ချိန်ကတည်းက ကိုယ့်အိမ်ရှေ့မှာ အလှူမဏ္ဍာပ်တွေ ဆောက်ပြီး ခိုကိုးရာမဲ့သူတွေနဲ့ အလှူခံပုဂ္ဂိုလ်တွေကို နေ့စဉ်အမြဲ အလှူပေးနေကြတယ်။

အဲဒီလို သူငယ်ချင်းနှစ်ယောက်ဟာ စေတနာ,သဒ္ဓါ ဖြူစင်စွာ အလှူပေးတာချင်း တူပေမယ့် အလှူပေးပုံနည်းလမ်းကတော့ မတူဘဲ တစ်ယောက်တစ်မျိုးစီ ကွဲပြားနေသတဲ့။

တစ်ယောက်က လာသမျှအလှူခံတွေကို 'ဘာလိုပါသလဲ'လို့ မေးပြီး အလှူခံလိုအပ်တဲ့ အရာဝတ္ထုတွေကို ရွေးပြီးမှ လှူတယ်။ ဒါကြောင့် သူ့ကို 'လိုတရအလှူရှင်'လို့ ခေါ်ကြတယ်။

နောက်တစ်ယောက်က အဲဒီလို မဟုတ်ဘူး။ အလှူခံ ရောက်လာသူတွေရဲ့ အိတ်တွေ,ခွက်တွေထဲကို အပြည့်ထည့်ပြီးမှ ပေးလှူလေ့ရှိတယ်။ သူ့ကိုတော့ 'အပြည့်ထည့်အလှူရှင်'လို့ ခေါ်ကြသတဲ့။

http://www.dhammadownload.com



ဒီလိုနဲ့ တစ်နေ့မှာတော့ သူတို့ သူငယ်ချင်းနှစ်ယောက်ဟာ အတူတိုင်ပင်ပြီး မြို့ပြင်ဘက်ကို လမ်းလျှောက်ထွက်လာကြတယ်။ တစ်နေရာ အရောက်မှာတော့ ဟိမဝန္တာက ရသေ့နှစ်ပါးဟာ ကောင်း ကင်ခရီးနဲ့ ဈာန်ယာဉ်စီးပြီး မြို့ပြင်မှာ ဆင်းသက်လာတာကို ဖူးတွေ့ ကြရတယ်။

ဒီအခါမှာ သူငယ်ချင်းနှစ်ယောက်ဟာ စိတ်တူကိုယ်တူပဲ ရသေ့နှစ်ပါးထံ ချဉ်းကပ် ဖူးမြော်ပြီး သူတို့အိမ်ကို ရသေ့တစ်ပါးစီ ပင့်ဆောင်သွားကြလေရဲ့။ အိမ်ရောက်တဲ့အခါမှာ မိမိတို့ပင့်ဆောင်ခဲ့တဲ့ ရသေ့ကို ဆွမ်းကပ်လှူပြီး နောက်နေ့တွေမှာပါ နေ့စဉ်အမြဲ ဆွမ်း အလှူခံကြွဖို့ ပင့်ဖိတ်လိုက်ကြတယ်။

ဒီလိုနဲ့ သူတို့နှစ်ယောက်ဟာ နေ့စဉ် ဆရာရသေ့တစ်ပါးစီကို ဆွမ်းကပ်လှူရင်း ပြီးတဲ့အခါတိုင်းမှာလည်း ဆရာရသေ့တွေဆီက တရားစကားကို နေ့တိုင်းပဲ နာကြားခွင့် ရနေကြတော့တာပေါ့။

ဆရာရသေ့တွေဟာ ဆွမ်းစားပြီးလို့ အနုမောဒနာတရား ဟောပြီးတိုင်းမှာ တစ်ပါးက နဂါးပြည်က နဂါးမင်းဗိမာန်ကို ကြွပြီး အနားယူလေ့ရှိတယ်။ တစ်ပါးကတော့ နတ်ပြည်သွားပြီး သိကြားမင်းရဲ့ ကုက္ကိုပင်အောက်မှာ အနားယူလေ့ ရှိသတဲ့။

အဲဒီလိုနေလာရင်း ကြာလာတဲ့တော့ နဂါးပြည်မှာ အနားယူ လေ့ရှိတဲ့ ဆရာရသေ့က သူ့ဒကာကို တရားဟောတဲ့အခါမှာ နဂါးမင်း စည်းစိမ်ချမ်းသာရဲ့ ကြီးကျယ်မွန်မြတ်ပုံတွေချည်း ဟောကြားသတဲ့။

နတ်ပြည်သွားပြီး နားနေလေ့ရှိတဲ့ ဆရာရသေ့ကလည်း အဲဒီလိုပါပဲ။ သူ့ဒကာကို သိကြားမင်းစည်းစိမ်ချမ်းသာရဲ့ ကြီးကျယ် မွန်မြတ်ပုံတွေချည်း ဟောကြားနေတယ်လေ။

http://www.dhammadownload.com



အဲဒီလို နာကြားရဖန်များလာလေ အလှူ့ရှင် သူငယ်ချင်း နှစ်ယောက်ဟာ အလှူဒါနပြုပြီးတိုင်းမှာ သူတို့စိတ်အာရုံတွေဟာ နေ့စဉ် ကြားနာနေရမြဲ ဖြစ်တဲ့ နဂါးမင်းစည်းစိမ်နဲ့ သိကြားမင်း စည်းစိမ်တွေအပေါ် စိတ်ညွှတ်လာကြလေ ဖြစ်လာသတဲ့။ ဒါကြောင့် အလှူပြုပြီးတိုင်းမှာ သူတို့စိတ်ညွှတ်တဲ့ နဂါးမင်းစည်းစိမ်နဲ့ သိကြားမင်း စည်းစိမ်တွေကို ရလိုပါကြောင်း ဆုတောင်းမှု ပြုကြတော့တာပေါ့။

ဒီလိုနဲ့ သူငယ်ချင်းနှစ်ယောက်ဟာ အသက်အရွယ်တွေကြီးလို့ သေလွန်ကြတဲ့အခါ သူတို့ရဲ့ စိတ်အာရုံထဲ ညွှတ်တိမ်းပြီး ယိမ်းနေခဲ့တဲ့ ဆုတောင်းဆန္ဒအတိုင်း တစ်ယောက်က နဂါးပြည်မှာ နဂါးမင်း ဖြစ်လို့၊ တစ်ယောက်ကတော့ နတ်ပြည်မှာ သိကြားမင်း ဖြစ်သတဲ့။

ဒီတော့ သိကြားမင်းဖြစ်လာတဲ့ သူငယ်ချင်းသူဌေးဟာ နတ်ပြည်မှာ နတ်သမီးပေါင်း ထောင်သောင်းမက ခြံရံဝန်းခပြီး နတ်စည်းစိမ်ချမ်းသာကို အပြည့်အဝ စံစားနေရတယ်။

ဒါပေမယ့် နဂါးမင်းဖြစ်နေတဲ့ သူငယ်ချင်း သူဌေးခမျာတော့ သူ့ဖြစ်အင်ကို တွေးမိတိုင်း ဘဝင်မကျ စိတ်မရွှင်လန်းနိုင် ဖြစ်နေရ ရှာတယ်။ ဟုတ်တာပေါ့။ နဂါးဘဝဆိုတာက နတ်တန်ခိုး ရှိပြီး စည်းစိမ်ချမ်းသာတွေကို ရရှိခံစားရနိုင်ပေမယ့်လို့ ဘာသာဘာဝကိုက ရင်နဲ့ သွားလာနေရတဲ့ တွားသွားသတ္တဝါ တိရစ္ဆာန်တစ်ကောင်သာ ဖြစ်နေတာကိုး။

ဒါကြောင့် နဂါးမင်းဟာ သူ့ကိုယ်သူကြည့်ပြီး မကြာမကြာ 'ငါတော့ ဆရာပေါင်း မှားခဲ့လို့ ခုလို ဖြစ်ကြုံနေရတာပဲ' ဆိုတဲ့ အတွေးနဲ့ ယူကြုံမရ ဝမ်းနည်းတသသဖြစ်ကာ နောင်တရနေခဲ့တယ်။

တစ်နေ့သော ဥပုသ်နေ့မှာ နဂါးမင်းတွေဟာ နတ်ပြည်ကို

http://www.dhammadownload.com



သွားပြီး သိကြားမင်းထံ အခစားဝင်ကြရတယ်။ ဒီအခါမှာ သိကြားမင်းက သူငယ်ချင်းဖြစ်ခဲ့သူ နဂါးမင်းကို မှတ်မိပြီး 'ဟေ့သူငယ်ချင်း၊ မင်းနဂါးပြည်မှာ ဖြစ်နေတာလား' လို့ လှမ်းနှုတ်ဆက်မေးလိုက်တယ်။

ဒီတော့မှ နဂါးမင်းလည်း သိကြားမင်းကို အရင်ဘဝက သူငယ်ချင်းမှန်း သိရပြီး ဝမ်းနည်းပက်လက်ဖြစ်ကာ ရှိုက်ကြီးတငင် ငိုယိုမြည်းတမ်းရှာတော့တယ်။ ပြီးတဲ့အခါ 'အရှင်သိကြားမင်းရယ်၊ အကျွန်ုပ်ဟာ ရင်နဲ့ တွားသွားရတဲ့ နဂါးမင်း ဖြစ်နေရပါတယ်။ အရှင့်မှာတော့ ဆရာကောင်းနဲ့ ပေါင်းပြီး ဆုတောင်းမှန်ခဲ့လို့ ဝမ်းမြောက်စရာ ဘဝကောင်းကို ရခဲ့ပါတယ်' လို့ ငိုယိုပြီး ပြောရှာသတဲ့။

သိကြားမင်းက သူငယ်ချင်းဖြစ်သူ နဂါးမင်းကို နှစ်သိမ့်ရင်း 'သူငယ်ချင်းရယ်၊ ခုမှတော့ ဝမ်းနည်းမနေပါနဲ့တော့။ ဖြစ်ပြီးမှတော့ သည်းခံလိုက်ပါတော့။ အခု လောကမှာ ပဒုမုတ္တရ မြတ်စွာဘုရား ထင်ရှား ပွင့်နေပြီပဲ။ ဘုရားရှင်ထံမှာ ကုသိုလ်ပြုပြီး နတ်ပြည်ရောက် အောင်သာ အားထုတ်ပါ။ ငါစောင့်မျှော်နေမယ်' လို့ အားပေးစကား ပြောဆိုလိုက်တယ်။

ဒီအခါမှာ နဂါးမင်းဟာ သိကြားမင်းပေးတဲ့ အကြံအတိုင်း သူ့ရဲ့နောင်တ တရားကို ကုစားဖို့ရာ မြတ်စွာဘုရားထံ အမြဲမပြတ် ကိုးကွယ်ဆည်းကပ်တယ်။ ပြီးတော့ အလှူပေးခြင်း၊ သီလဆောက် တည်ခြင်းစတဲ့ ကုသိုလ်တရားတွေကို အစွမ်းကုန် ကြိုးစားအား ထုတ်နေတော့တယ်လေ။

တစ်နေ့မှာ နဂါးမင်းဟာ မြတ်စွာဘုရားအမှူးရှိတဲ့ သံဃာတော် အရှင်မြတ်တွေကို မိမိနေရာ နဂါးဗိမာန်ကို ပင့်ဖိတ်ပြီး ခုနစ်ရက် ခုနစ်လီ အလှူကြီး ပေးလှူပူဇော်တယ်။ အဲဒီပူဇော်ပွဲမှာ မြတ်စွာ ဘုရားရဲ့ ရင်သွေးတော် ဥပရေဝတကိုရင်လေးလည်း ပါတာပေါ့။

http://www.dhammadownload.com



ကိုရင်လေးရဲ့ တည်ကြည်ငြိမ်သက်တဲ့ ကြည်ညိုဖွယ်အသွင်ကို ဖူးမြင်လိုက်ရတယ်ဆိုရင်ပဲ ကိုရင်လေးအပေါ် ကြည်ညိုစိတ်လွှမ်းကဲသွားတဲ့ နဂါးမင်းဟာ တစ်ခါတည်းနဲ့ မူလရည်ရွယ်စိတ်ထား ပြောင်းသွားခဲ့တယ်။ နောင်ဘဝမှာ နတ်ပြည်သွားပြီး သိကြားမင်း စည်းစိမ်ချမ်းသာကို မြိန်ရည်ယှက်ရည် ခံစားလိုတဲ့ဆန္ဒဟာ အခုတော့ သူ့ရင်ထဲကနေ ချက်ချင်းပဲ တွားသွားထွက်ခွာသွားခဲ့ပြီလေ။

ဒါကြောင့် ပူဇော်ပွဲအပြီး မြတ်စွာဘုရားရဲ့ တရားဆုံးတော့ နဂါးမင်းဟာ လက်အုပ်ချီမိုးပြီး 'အရှင်မြတ်ဘုရား၊ တပည့်တော်သည် ယနေ့ ပြုရတဲ့ ကုသိုလ်ကြောင့် နောင်ဘုရားရှင်သာသနာမှာ ဒီကိုရင်ငယ်လေးလိုပဲ ဘုရားရှင်ရဲ့ ရင်သွေးတော်အစစ် ဖြစ်ရပါလို၏'လို့ တောင်းဆု ဆိုလိုက်တယ်။

မြတ်စွာဘုရားရှင်က နဂါးမင်းရဲ့ ဖြူစင်တဲ့ စေတနာနဲ့ ထက်သန်တဲ့ ဆုတောင်းဆန္ဒရဲ့ အကျိုးပေးကို ဆင်ခြင်ကြည့်တော်မူပြီး 'သင်ဟာ နောင်ဘုရားရှင်လက်ထက်မှာ သားတော်ရာဟုလာဆိုတဲ့ ကိုရင်ငယ် ဖြစ်လာပါလိမ့်မယ်'လို့ ဗျာဒိတ်စကား မိန့်ကြားတော်မူလိုက်သတဲ့။

နဂါးမင်းဟာ နောက်တစ်နေ့ သိကြားမင်းနဲ့ တွေ့တဲ့အခါမှာ သိကြားမင်းက 'ဘယ်နှယ်လဲ သူငယ်ချင်းရဲ့၊ မြတ်စွာဘုရားထံမှာ နတ်ပြည်ရောက်ဖို့ ဆုတောင်းခဲ့ပြီလား'လို့ မေးလိုက်တယ်။

နဂါးမင်းက သူတောင်းဆိုခဲ့တဲ့ ဆုမြတ်အကြောင်းကို ပြောပြပြီး 'အဆွေရယ်၊ သင်လည်း ဘုရားရှင်ထံမှာ ဆုမြတ်တစ်ခုလောက် တောင်းဆိုလိုက်စမ်းပါ။ ဒါမှ ငါတို့သူငယ်ချင်း နှစ်ယောက်သံသရာမှာ ထပ်ဆုံတွေ့ကြရအောင်ပေါ့'လို့ တိုက်တွန်းပြောကြားလိုက်သတဲ့။

http://www.dhammadownload.com



ဒီအခါမှာ သိကြားမင်းလည်း သူငယ်ချင်း နဂါးမင်းပေးတဲ့ အကြံအတိုင်း မြတ်စွာဘုရားထံမှာ ကုသိုလ်ကောင်းမှုပြုပြီး ထူးချွန်တဲ့ ရဟန်းတစ်ပါး ဖြစ်ရပါလိုကြောင်း တောင်းဆု ဆိုလိုက်သတဲ့။

အဲဒီလိုနဲ့ပဲ သူတို့ သူငယ်ချင်းနှစ်ယောက်ဟာ အဲဒီဘဝကနေ သေလွန်ပြီး အခုပွင့်တော်မူခဲ့တဲ့ ဂေါတမဘုရားရှင်ရဲ့ သာသနာမှာ နဂါးမင်းက ဘုရားရှင်ရဲ့ ရင်သွေးတော်စစ် သားတော် ရာဟုလာမထေရ် ဖြစ်လာပြီး သိကြားမင်းကတော့ အရှင်ရဋ္ဌပါလဆိုတဲ့ ရဟန်းမြတ် ဖြစ်လာခဲ့ကြတယ်လေ။

ဟိုးတစ်ချိန်တုန်းက သံသရာတစ်ကွေ့မှာ ဆရာအပေါင်း မှားပြီး ဆုတောင်းမမှန်လို့ နောင်တကြီးစွာ ရခဲ့ရှာတဲ့ နဂါးမင်းဟာ အခုတော့ မြတ်စွာဘုရားရှင်ဆိုတဲ့ ဆရာကောင်းနဲ့ ပေါင်းရပြီး ဆုတောင်း မှန်ခဲ့တာမို့ ဘဝသံသရာဇာတ် ကင်းပြတ်ငြိမ်းသွားရပြီပေါ့။

ဒါကြောင့်မို့ အဖိုးတန်လွန်းလှတဲ့ လူ့ဘဝကို ရလာတုန်း အခိုက်မှာ ဆရာပေါင်း မှန်ဖို့အတွက်ရယ်နဲ့ ဆုတောင်း မမှားဖို့အတွက် ရယ်ကို အထူးသတိပြု ဆင်ခြင်နိုင်ကြဖို့ လိုတာပေါ့ကွယ်။

(ယဉ်ကျေးလိမ္မာဓမ္မရသကလေးကျွာနယ်၊ အတွဲ ၂၊ ဇူလိုင်လ ၁၈ ရက်၊ ၂၀၀၆။)

http://www.dhammadownload.com



http://www.dhammadownload.com

# နတ်မြင်းဖြူရှင် (၂)

နတ်မြင်းဖြူကြီးကို ပိုင်ဆိုင်ထားတဲ့ မြင်းဖြူရှင်နတ်ကြီးဟာ တူဖြစ်တဲ့ရာဇဝတ်သားကို ခါတိုင်းလိုပဲ ညစဉ်ညတိုင်း လာလာပြီး ဆုတောင်းပေးနေတာပေါ့။

တစ်နေ့သောအခါမှာတော့ ဝေသာလီပြည့်ရှင် ဘုရင်ကြီးဟာ မြို့တော်လှည့်ပြီး ကြည့်ရှုတော်မူတယ်။ တစ်နေ့ရာအရောက်မှာ ဘုရင်ကြီးဟာ အိမ်တစ်အိမ်က ထွက်ကြည့်နေတဲ့ မိန်းမလှလေးတစ် ယောက်ကို အမှတ်မထင် လှမ်းတွေ့လိုက်ရပြီး အဲဒီမိန်းမလှလေးကို ချစ်ခင်စွဲလန်းသွားသတဲ့။

မိန်းကလေးဟာ ဘယ်လောက်တောင် ချောမောလှပသလဲ တော့ မဆိုနိုင်ဘူး။ ဘုရင်ကြီးကတော့ မြင်မြင်ချင်းပဲ မိန်းကလေးရဲ့ အလှအာရုံတောမှာ နစ်မျောစွဲလန်းပြီး ချစ်ကြိုက်သွားတယ်။

နန်းတော်ထဲ ပြန်ရောက်တယ်ဆိုရင်ပဲ ဘုရင်ကြီးက မင်းချင်း တစ်ယောက်ကို စေလွှတ်ပြီး မိန်းမလှလေးအကြောင်းကို စုံစမ်းခိုင်း လိုက်တယ်။ မင်းချင်းယောက်ျားက အဲဒီမိန်းမလှလေးဟာ ပိုင်ရှင် လင်ယောက်ျားရှိသူ အိမ်ရှင်မဖြစ်ကြောင်းကို အမှန်အတိုင်း ပြန် လျှောက်တင်လိုက်တယ်။

http://www.dhammadownload.com



အဲဒီလို လျှောက်တင်ပေမယ့်လည်း မိန်းမလှလေးရဲ့ အလှ အာရုံတောမှာ နစ်မျောစွဲလန်းသွားခဲ့တဲ့ ဘုရင်ကြီးကတော့ ပိုင်ရှင် လင်ရှိမိန်းမလှလေးကို လုံးဝအလွှတ်မပေးချင်တော့ဘူး။ မရရအောင် အကြံထုတ်ပြီး သိမ်းပိုက်ယူဖို့ ဆုံးဖြတ်လိုက်တော့တယ်။

နောက်တစ်နေ့မှာပဲ ဘုရင်ကြီးဟာ မိန်းမလှလေးရဲ့ လင် ယောက်ျားကို အကြံနဲ့ နန်းတွင်းခေါ်ပြီး အမှုတော်ထမ်းရွက်ခိုင်းတယ်။ လုလင်ယောက်ျားဟာ တကယ်လို့များ အမှုထမ်းရင်း တစ်စုံတစ်ရာ ချွတ်ချော်တိမ်းပါးခဲ့ရင် စွဲချက်တင်ပြီး အဆုံးစီရင်မယ်။ ပြီးမှ သူ့မယား မိန်းမလှလေးကို နန်းတော်ထဲ ခေါ်ယူသိမ်းပိုက်ပြီး မိဖုရားမြှောက်မယ်လို့ ဘုရင်ကြီးက ကြံစည်ထားတာကိုး။

ဒါပေမယ့် အကင်းပါးတဲ့ လုင်လင်ဟာ ဘုရင်ကြီးရဲ့အကြံကို မကြာခင် ရိပ်မိသွားတယ်။ ဒီတော့ ဘုရင်ကြီးရဲ့အကွက်ထဲ မဝင်မိအောင် အတက်နိုင်ဆုံး အမှားအယွင်းမရှိစေဘဲ သတိနဲ့ အမှုတော်ကို ထမ်းရွက်ရှာတယ်။

အဲဒါကြောင့် အချိန်တွေသာ ကြာလာခဲ့ပေမယ့် လုလင် ယောက်ျားမှာ ဘာအမှားအယွင်းမှ ဖြစ်ပေါ်မလာခဲ့ဘူး။ ဘုရင်ကြီး ခမျာမှာတော့ သူ့အကြံအစည် အထမမြောက်တော့ ကြာလာလေ စိတ်မရှည်နိုင်လေ ဖြစ်လာတာပေါ့။ ဒါကြောင့် နောက်တစ်မျိုး ပြောင်းပြီး အကြံထုတ်ပြန်တယ်။

လုလင်ယောက်ျားကို ခေါ်ပြီး 'အမောင်ယောက်ျား၊ ဒီမြို့နဲ့ မိုင် ၃၀ ဝေးကွာတဲ့အရပ်မှာ ထူးဆန်းတဲ့ ရေကန်ကြီးတစ်ကန် ရှိတယ်။ မနက်ဖန် နံနက်စောစော အဲဒီရေကန်ကြီးဆီ သွားပြီး ရေကန်ထဲက မြေနီခဲနဲ့ ကြာပန်းကို အရယူဆောင်လာခဲ့ပါ။ တကယ်လို့ နေမဝင်ခင် ပြန်မရောက်ရင်တော့ နောက်တစ်နေ့မှာ

http://www.dhammadownload.com



အမောင်ရဲ့ ဦးခေါင်းမြေခပြီသာမှတ်ပါ'လို့ ဘုရင့်အာဏာနဲ့ စေခိုင်းလိုက်သတဲ့။

လုလင်ခမျာမှာ ဘုရင့်အမိန့်မို့ ငြင်းဆန်နိုင်စွမ်းမရှိဘဲ စိတ်ပျက်အားငယ်စွာ တွေဝေငေးမှိုင်သွားတယ်။ ဒါပေမယ့်လည်း သူဘာများတတ်နိုင်မှာမို့လဲ။ ဘုရင်ကြီးက သူ့မယားလိုချင်လို့ သူ့လင်ကို အသေသတ်ဖို့ ကြိုးစားနေတာကို ကြိုသိနေတော့ စိတ်ပျက်ရုံကလွဲပြီး သူဘာအကြံမှ မထုတ်နိုင်ရှာပါဘူး။ ဒီတော့ သူ့ကိုယ်သူ 'ဒီတစ်ခါတော့ ဒီသေဘေးကနေ ငါလွတ်နိုင်မှာ မဟုတ်ပါဘူး' လို့လည်း အားငယ်စိတ်ပျက်နေရှာတယ်။

ဒီလိုနဲ့ နောက်နေ့ မနက်စောစောမှာတော့ လုလင်ဟာ သူ့မယားကို မှာစရာရှိတာမှာပြီး အစားရိက္ခာအပြည့် ယူဆောင်ကာ ခရီးထွက်လာခဲ့တယ်။

တကယ်တော့ သူသွားမယ့် ရေကန်ကြီးမှာ ကြောက်မက်ဖွယ်ကောင်းပြီး ထူးဆန်းတဲ့ အစောင့်ဘီလူးကြီးတစ်ကောင် ရှိနေတယ်။ ဘီလူးကြီးအန္တရာယ်ကို ကြောက်ရွံ့လို့ အဲဒီရေကန်နားကို ဘယ်သူမှ မကပ်ရဲ၊ မသွားရဲကြဘူး။ ဒီတော့ သူ့အဖို့ ရေကန်ထဲက မြေနီခဲနဲ့ ကြာပန်းကို ယူဆောင်လာနိုင်ဖို့ဆိုတာ ဘယ်လွယ်နိုင်မှာလဲ။

ဒါကို လုလင်ခမျာကတော့ ဘာမှ မသိရှာပါဘူး။ ကြိုတင်စုံစမ်းပြီး သိရှိနေတဲ့ ဘုရင်ကြီးကတော့ 'ဒီတစ်ခါတော့ ငါ့အကြံအောင်မြင်ပြီး မိန်းမလှလေးကို သိမ်းပိုက်နိုင်လိမ့်မယ်'လို့ တွေးရင်း ပျော်ရွှင်ကျေနပ်နေတယ်။

လုလင်ဟာ သေဘေးကို ကြောက်ပြီး အမောတကော ခရီးပြင်းနှင်လာခဲ့ရင်း မွန်းတည့်လုနီးအချိန်မှာ ရေကန်ကြီးဆီရောက်လာတယ်။ ခဏအမောဖြေပြီး ပါလာတဲ့ထမင်းထုပ်ကို ဖြေကာ

http://www.dhammadownload.com



အရင်ဆုံး ဝမ်းဗိုက်ကို အစာဖြည့်လိုက်တယ်။ စားသောက်မှုကိစ္စ ပြီးသွားတဲ့အခါ ကျန်နေသေးတဲ့ ထမင်းဟင်းတွေအားလုံးကို ရေကန် ထဲ ကျဲသွန်ချပြီး 'ဒီရေကန်ထဲမှာ နေကြတဲ့ ငါး,လိပ်စတဲ့ သတ္တဝါ အားလုံး စားသုံးနိုင်ကြပါစေ'လို့ ပြောဆိုကာ အစာကျွေးလိုက်တယ်။

ပြီးတော့ လုလင်က 'ရှုပတ်ဝန်းကျင်၌ ရှိကြသော ကုန်းနေ၊ ရေနေ သတ္တဝါအပေါင်းတို့အား ကျွန်ုပ်၏ ကောင်းမှုအစုကို အမျှ, အမျှ,အမျှ ပေးဝေပါ၏'လို့ သုံးကြိမ်တိုင်တိုင် ဟစ်အော်ပြီး ကုသိုလ်မျှ ဝေလိုက်သတဲ့။

အဲဒီလို လုင်လင်ရဲ့ အပြုအမူအားလုံးကို အစအဆုံး မြင်တွေ့ နေသူကတော့ ရေကန်စောင့်ဘီလူးကြီးပေါ့။ ဘီလူးကြီးက 'ဒီလူ ငယ်ဟာ အတော်စိတ်ထားနူးညံ့သိမ်မွေ့သူပဲ'လို့ မှတ်ချက်ပြုပြီး လုလင်ကို စိတ်ထဲမှာ ခင်မင်စိတ်ဖြစ်သွားတယ်။

ပြီးတော့ ထပ်မံစုံစမ်းလိုတဲ့အတွက် လူ့အသွင်ဖန်ဆင်းပြီး လုလင်အနားကို ရောက်လာတယ်။ 'အမောင်ခရီးသွား ယောကျ်ား၊ သင်ဟာ ဒီနေရာကို ဘာအကြောင်းကိစ္စနဲ့ ရောက်လာတာလဲ'လို့ မေးလိုက်တယ်။

လုလင်ဟာ သူ့ဖြစ်စဉ်အားလုံးကို ရင်ဖွင့်ပြောကြားလိုက် တယ်။ ဒီအခါမှာတော့ အကြင်နာနှလုံးသားရှိတဲ့ ဘီလူးကြီးဟာ အားကိုးရာမဲ့ ဖြစ်နေရှာတဲ့ လုလင်ကို သနားကရုဏာသက်သွားသတဲ့။

ဒါကြောင့် လုလင်ကို 'သူဟာ ရေကန်စောင့် ဘီလူးဖြစ် ကြောင်း၊ ပြီးတော့ လုလင်ကို ဒုက္ခမပေးတဲ့အပြင် လိုရာမှန်သမျှကို အလွယ်တကူ ယူဆောင်သွားခွင့်ပြုကြောင်း'အားပေးပြောဆိုပြီး ဘာအန္တရာယ်မှမပြုဘဲ လွှတ်လိုက်သတဲ့။

ဒီတော့ လုလင်ဟာ ဘီလူးရန်က လွတ်ပြီး လုပ်ငန်းကိစ္စ

http://www.dhammadownload.com



လည်း အောင်မြင်သွားပြီမို့ အားရဝမ်းသာနဲ့ ဘီလူးကြီးကို နှုတ်ဆက်ကာ မြို့ကို အပူတပြင်း ပြန်လာတော့သတဲ့။

သူပြန်ရောက်ချိန်မှာ နီတာရဲနေတဲ့ နေမင်းကြီးဟာ မိုးကုတ်စက်ဝိုင်းအတွင်းကို အလျှင်စလို ပြေးမဝင်သေးဘူး။ အကြင်နာတရားပြည့်ဝစွာနဲ့ သူ့အလာကို စောင့်မျှော်နေသလိုပဲ။

နေမင်းကြီးကို လှမ်းကြို့မြင်တွေ့လိုက်ရတော့ သူ့အရမ်းကို ဝမ်းသာပျော်ရွှင်သွားတာပေါ့။ ဒါပေမယ့် သူ့ခများ အလာကောင်းပေမယ့် အခါနှောင်းသွားလေရဲ့။ သူဝမ်းသာပျော်ရွှင်လို့ မဆုံးသေးခင်ပဲ သူလှမ်းမြင်လိုက်ရတဲ့ မြင်ကွင်းက နေမဝင်ခင် ကြိုတင်ပြီး မြို့အဝင်တံခါးကြီး ပိတ်ဆီးထားပြီး ဖြစ်နေတာကိုး။

လုလင်က 'ဪ··ဒါတွေအားလုံးဟာ ကြိုတင်စီစဉ်ထားတဲ့ ဘုရင်ကြီးရဲ့အကြံပေကိုး။ ငါ ဘယ်လိုလုပ်ရပါ့မလဲ' လို့ ကြံတွေးရင်း ကံအားလျော်စွာ မြို့ပြင် လူသတ်ကုန်းမှာ တံကျင်လျှိုခံနေရတဲ့ ရာဇဝတ်သားတစ်ယောက်ကို လှမ်းတွေ့လိုက်ရတယ်။

လုလင်ဟာ ဘာမှ ထွေထွေထူးထူး စဉ်းစားမနေဘဲ ရာဇဝတ်သားဆီ အပြေးသွားတယ်။ အနားရောက်တဲ့အခါ သူ့ဖြစ်အင်အစုံအလင်ကို ပြောပြရင်း နက်ဖန်မှာ သူ့ကို ဘုရင်ကြီး ရှေ့မှောက်မှာ သက်သေပြုပေးဖို့ အကူအညီတောင်းခံတာပေါ့။

ရာဇဝတ်သားက 'မိတ်ဆွေ၊ ကျွန်တော်ဟာ သင့်ကို ကူညီချင်ပေမယ့် ကိုယ့်ကိုတောင် မကယ်နိုင်တဲ့ ရာဇဝတ်သားပါ။ သက်သေပြုပေးနိုင်ဖို့ မလွယ်ပါဘူး။ ဒါပေမယ့် သင့်ကိုကူညီနိုင်သူတစ်ဦးကိုတော့ ညွှန်ပြပေးနိုင်ပါတယ်' လို့ ပြန်ပြောလိုက်တယ်။

ပြီးတဲ့အခါ ရာဇဝတ်သားက သူ့ထံကို ညစဉ်ညတိုင်း လာလာပြီး အားပေးစကားပြောနေတဲ့ မြင်းဖြူရှင်နတ်ကြီးအကြောင်းကို

http://www.dhammadownload.com



ဖေါက်သည်ချပြောပြလိုက်သတဲ့။

အဲဒါကြောင့် လုလင်ယောကျ်ားဟာ နောက်ဆုံးမှာတော့ ရာဇဝတ်သားနဲ့အတူ ညဥ့်သန်းခေါင်ယံအချိန်မှာ ပေါ်လာမယ့် မြင်းဖြူရှင်နတ်ကြီးကိုပဲ စိတ်ရှည်ရှည်နဲ့ မျှော်စောင့်နေရသတဲ့။

ဒီလိုနဲ့ သန်းခေါင်းယံအချိန်မှာ နတ်မြင်းဖြူကြီးကို ဟန်ပါပါ စီးလာနေတဲ့ နတ်ကြီးကို ကိုယ်ထင်ရှား တွေ့ကြရတယ်။ ဒါပေမယ့် ထုံးစံအတိုင်း မြင်းဖြူရှင်နတ်ကြီးရဲ့ တစ်ကိုယ်လုံးမှာတော့ အဝတ်မပါ ဗလာကိုယ်ချည်း။ လုလင်ဟာ နတ်ကြီးကို အကြောင်းစုံ ရှင်းပြပြီး အကူညီတောင်းတဲ့အခါမှာ နတ်ကြီးကလည်း သက်သေပြုကူညီပေးဖို့ သဘောတူလက်ခံသတဲ့။

မနက်မိုးလင်းချိန်ရောက်တော့ လုလင်ကို လူသတ်ကုန်းမှာ မင်းပြစ်မင်းဒဏ်စီရင်ဖို့ ဘုရင်ကြီးနဲ့ မင်းချင်းယောကျ်ားတွေ ရောက်လာကြတယ်။ လုလင်က 'အရှင်မင်းကြီး၊ ကျွန်တော်မျိုးဟာ မနေ့က နေမဝင်ချိန်မှာ မြို့ကို အရောက်လာနိုင်ခဲ့ပါတယ်။ မြို့တံခါး ပိတ်ထားတာကြောင့် အရှင်မင်းကြီးထံ အခစားမဝင်နိုင်ကြောင်းပါ' လို့ အမှန်အတိုင်း လျှောက်တင်လိုက်တယ်။

ဘုရင်ကြီးက 'အမောင်လုလင်၊ နေမဝင်ခင် ရောက်ကြောင်း သင့်မှာ သက်သေပြစရာ ရှိလို့လား' လို့ မေးတော်မူတဲ့အခါမှာ လုလင်က 'ရှိပါတယ်အရှင်မင်းကြီး၊ လူသတ်ကုန်းမှာ တံကျင်လျှိုခံထားရတဲ့ ရာဇဝတ်သားထံ ညစဥ်လာနေတဲ့ မြင်းဖြူရှင်နတ်ကြီးက ကျွန်တော့်ရဲ့သက်သေပါ' လို့ ပြန်လျှောက်တင်လိုက်တယ်။

'အမောင်လုလင်၊ သင့်စကားကို ငါတို့ ဘယ်လိုယုံရမှာလဲ' လို့ ဘုရင်ကြီးက ပြန်မေးတော့ လုလင်က 'အရှင်မင်းကြီး၊ အရှင်မင်းကြီး ယုံအောင် ဒီနေ့ သန်းခေါင်းယံအချိန်မှာ အမတ်

http://www.dhammadownload.com



တစ်ဦးဦးကို နတ်ကြီးနဲ့တွေ့ပြီး စစ်ဆေးမေးမြန်းခိုင်းတော်မူပါ'လို့ ပြန်လျှောက်တင်သတဲ့။

လုလင်ရဲ့ စကားအဆုံးမှာတော့ ဘုရင်ကြီး နည်းနည်းတွေဝေသွားတယ်။ လုလင်ပြောတိုင်းသာ ဟုတ်မှန်ခဲ့ရင် ဒီနတ်ကြီးဟာ အတော့်ကို စိတ်ဝင်စားစရာပဲလို့ သူတွေးမိတယ်။ ဒါကြောင့် လုလင်ပြောတဲ့ မြင်းဖြူရှင်နတ်ကြီးကို ကိုယ်တိုင် မြင်တွေ့ပြီး စကားပြောချင်တွေ တစ်ဖွားဖွား ဖြစ်လာလို့ သူကိုယ်တိုင် စစ်ဆေးဖို့ သဘောတူလက်ခံလိုက်တယ်။

ညရဲ့ လင်းတစ်ချက် မှောင်တစ်ချက်နဲ့ တစ်ရံတစ်ခါ လျှပ်စီးတွေ ဖြာဝေလပ်နေတဲ့ အလင်းရောင်အောက်မှာ ဘုရင်ကြီးနဲ့ မှူးကြီးမတ်ကြီးတွေဟာ မြင်းဖြူရှင်နတ်ကြီး အလာကို စိတ်ဝင်တစား စောင့်မျှော်နေကြတာပေါ့။

ညဥ့်နက်လာလို့ သန်းခေါင်းယံအချိန်လောက်မှာပဲ သူတို့စောင့်မျှော်နေတဲ့ နတ်ကြီးဟာ နတ်မြင်းဖြူကြီးကို ဟန်ပါပါ စီးလာနေတာကို အားလုံးပဲလှမ်းတွေ့ကြရတယ်။ နတ်ကြီးက ရာဇဝတ်သားဆီသွားပြီး ပြောနေကျစကားကို အခါတိုင်းလိုပဲ ပြောဆိုလိုက်တယ်။

ဒီအခါမှာ ဘုရင်ကြီးက နတ်ကြီးဆီသွားပြီး 'အသင်နတ်မင်း၊ ဘာကြောင့် ဒီနေရာကို ရောက်လာရတာလဲ'လို့ မေးလိုက်တယ်။ နတ်ကြီးက 'မင်းကြီး၊ ဒီရာဇဝတ်သားဟာ အခြားသူမဟုတ်။ ငါမသေခင် လူ့ဘဝတုန်းက တူတော်ခဲ့သူပဲ။ သူဟာ သူတစ်ပါးပစ္စည်းခိုးယူခဲ့တဲ့ မကောင်းမှုကြောင့် ဒီဘဝက သေခဲ့ရင် ငရဲပြည်ကို သွားရလိမ့်မယ်။ ငရဲပြည်ကဆင်းရဲထက်စာရင် အခုလို တံကျင်လျှိုခံရတဲ့ ဆင်းရဲက အများကြီး သက်သာလှပါသေးတယ်။ ဒါကြောင့် သူ့အသက်ရှင်နိုင်ဖို့အတွက် ဒီကိုလာလာပြီး ဆုတောင်းပေးနေရ

http://www.dhammadownload.com



တာပါ’လို့ ရှင်းပြလိုက်သတဲ့။

ဒီအခါမှာ ဘုရင်ကြီးက ‘အရှင်နတ်မင်း၊ သင့်မှာ ဘာလို့ အဝတ်မရှိ ဖြစ်နေရတာလဲ။ ပြီးတော့ ဒီနတ်မြင်းဖြူကြီးကို ဘယ်လို ရရှိထားတာလဲ’လို့ မေးမြန်းလိုက်တယ်။

နတ်ကြီးက ‘မင်းကြီး၊ လူ့ဘဝတုန်းက ငါဟာ နွားခေါင်းရိုးခွံနဲ့ လမ်းခင်းတဲ့ ကောင်းမှုကုသိုလ် ပြုခဲ့ဖူးတယ်။ အဲဒီကုသိုလ်ကြောင့် အခုလို နတ်ဘဝရောက်ပြီး နတ်မြင်းဖြူကြီးကို ပိုင်ဆိုင်ထားရတာပါ။

ပြီးတော့ လူတွေကို ယဉ်ကျေးချိုသာစွာ ပြောဆိုဆက်ဆံခဲ့လို့ ငါ့ရဲ့ အသားအရေဟာ ချောမွေ့လှပနေတယ်။ သူတစ်ပါးကျေးဇူးဂုဏ် အထူးကိုလည်း မဖျက်ဆီးဘဲ အဟုတ်အမှန်အတိုင်း ပြောဆိုခဲ့တာမို့ ငါ့ရဲ့ ကိုယ်သင်းရနံ့ဟာ မွှေးပျံ့သင်းထုံနေတယ်။

ပြီးတော့ ငါရဲ့ ကိုယ်ခန္ဓာမှာ အဝတ်မပါ ဗလာကိုယ်ချည်း ဖြစ်နေတာကတော့ ငါ့မိတ်ဆွေရဲ့အဝတ်ကို နောက်ပြောင်လိုစိတ်နဲ့ ဝှက်ထားမိခဲ့တဲ့ မကောင်းမှုကြောင့်ပဲ ဖြစ်ပါတယ်’လို့ ရှင်းလင်းဖြေဆိုသတဲ့။

ဒီအခါမှာ ဘုရင်ကြီးဟာ နတ်ကြီးပြောပြတဲ့ ကံတရားရဲ့ ကောင်းကျိုးနဲ့ ဆိုးပြစ်တွေကို မျက်မြင်ကိုယ်တွေ့ သိနားလည် လိုက်ရတာကြောင့် အတော့်ကို တုန်လှုပ်ချောက်ချားသွားတယ်။

သူ့ဖြစ်အင်ကို စဉ်းစားတွေးတောပြီး မလုံမလဲဖြစ်ကာ ကြောက်ရွံ့စိုးထိတ်လာတယ်။ ဒီအချိန်မှာပဲ နတ်ကြီးက ‘အရှင်မင်းကြီး၊ သင်မင်းမြတ်ဟာ ငါ့ကို မျက်မြင်ကိုယ်တွေ့ သက်သေပြုလို့ ငါ့အဖြစ်ကို ရှုမြင်ဆင်ခြင်ပါ။ အနည်းငယ်ပြုဖူးတဲ့ ကောင်းမှုဟာ ကြီးမားတဲ့ နတ်စည်းစိမ်ချမ်းသာကို ခံစားရစေပါတယ်။ ပြီးတော့ နောက်ပြောင်စိတ်နဲ့ ပြုခဲ့တဲ့ မကောင်းမှုကံကလည်း အဝတ်မရှိတဲ့

http://www.dhammadownload.com



ဆိုးကျိုးကို ပေးတယ်။ မင်းကြီး သတ္တဝါတွေဟာ တကယ်ဆို ကိုယ်ပြုတဲ့ကံတွေရဲ့ ကောင်းကျိုး၊ဆိုးပြစ်တွေကို ကိုယ်တိုင်သာ ပြန်လည် ခံစားကြရပါတယ်'လို့ ပြောပြသတဲ့။

တကယ်တော့ ဘုရင်ကြီးဟာ ကံနဲ့ကံအကျိုးတရားကို မယုံကြည်တဲ့ ဘာသာခြား ဘုရင်တစ်ပါးကိုး။ သူဟာ ဗုဒ္ဓဘာသာဝင် ဘုရင်တစ်ပါးမဟုတ်လေတော့ ကံကံရဲ့အကျိုးကို အရင်က လုံးဝ လက်မခံခဲ့ဘူး။ အခုတော့ သူ့ရှေ့မှာ မျက်မြင်ကိုယ်တွေ့ ဖြစ်နေတာမို့ အသေအချာ စဉ်းစားဆင်ခြင်မိပြီး အတော့်ကို တွေဝေနေတယ်။

ဒီအချိန်မှာပဲ နတ်ကြီးက ဆက်ပြီး 'အရှင်မင်းမြတ်၊ တွေဝေ မနေပါတော့နဲ့။ သင်မင်းမြတ်ဟာ အခွင့်ကြုံလို့ ငါ့ကို အခု ကိုယ်တွေ့ မြင်နေရပြီပဲ။ သတ္တဝါတွေဟာ ကံကြောင့် ကောင်းကျိုး၊ဆိုးပြစ်တွေ ခံစားနေရတာကို ယုံတော်မူ။ တကယ်လို့ သင်ဟာ ကံကံရဲ့အကျိုးကို မယုံရင် သေတဲ့အခါ အပါယ်ငရဲမှာ မုချဖြစ်ရပါလိမ့်မယ်'လို့ သတိပေး ပြောကြားပြန်တယ်။

နတ်မင်းရဲ့ စကားအဆုံးမှာ မင်းကြီးဟာ ဆုံးဖြတ်ချက်တစ်ခု ကို ပိုင်ပိုင်နိုင်နိုင် ချနိုင်လိုက်တယ်။ ကံကံရဲ့အကျိုးကို ယုံကြည်တဲ့ ဗုဒ္ဓဘာသာဝင်အဖြစ်ကို သူလက်ခံဖို့ကိုပေါ့။ ပြီးတော့'အသင်နတ်မင်း၊ သင့်မှာ အဝတ်မရှိဖြစ်နေတာကို ငါကူညီပေးနိုင်ပါသလား' လို့ မေးလိုက်တယ်။

နတ်မင်းက 'မင်းကြီး၊ သင်ကူညီလို့ ရပါတယ်။ သင်ဟာ ဒီဝေသာလီမြို့မှာ သီတင်းသုံးတော်မူတဲ့ အရှင်ဥပါလိရဲ့ဆရာ အရှင်ကပ္ပိလ မထေရ်မြတ်ထံ သွားပြီး အဝတ်ပုဆိုးတစ်စုံ ပေးလှူကာ ငါ့ကို အမျှပေးဝေပါ။ ဒီလိုဆိုရင် အဝတ်တန်ဆာအစုံနဲ့ ငါ့ကို သင်မင်းမြတ် မြင်တွေ့ရပါလိမ့်မယ်'လို့ ပြောလိုက်တယ်။

http://www.dhammadownload.com



မင်းကြီးလည်း နတ်မင်းညွှန်ကြားတဲ့အတိုင်း မထေရ်မြတ်ထံ သွားပြီး အဝတ်ပုဆိုးရှစ်စုံကို လှူဒါန်းကာ အမျှသုံးကြိမ် ပေးဝေလိုက်တယ်။ အားလုံးပြီးသွားတဲ့အခါမှာ အရင်တုန်းက အဝတ်မပါ ဗလာကိုယ်ချည်းဖြစ်နေတဲ့ နတ်ကြီးဟာ မထေရ်မြတ်နဲ့ မင်းကြီးတို့ ရှေ့မှာပဲ နတ်ဝတ်တန်ဆာ အပြည့်အစုံဝတ်ဆင်ကာ တင့်တယ်တဲ့ပုံစံနဲ့ ကိုယ်ထင်ရှားပြလာသတဲ့။

ဒီအခါမှာ မင်းကြီးဟာ အင်မတန် အားရဝမ်းသာဖြစ်ပြီး လက်ဖျောက်ထတီးလို့ အကျေနပ်ကြီး ကျေနပ်ပျော်ရွှင်သွားတယ်။ သူ့နှုတ်ကလည်း 'ငါဟာ၊ ကံကံရဲ့အကျိုးကို အခုလို မျက်မြင် ကိုယ်တွေ့သိရပြီး ဘာကြောင့် ကုသိုလ်ကောင်းမှုကို မပြုဘဲ နေနိုင်ရမှာလဲ'လို့ ကျယ်လောင်စွာ ဟစ်အော်ကြုံးဝါးလိုက်သတဲ့။

နောက်မကြာခင်မှာ ဘုရင်ကြီးဟာ မထေရ်မြတ်ထံက တရားစကားကို နာကြားရပြီး သောတာပန်ဘုရင်ကြီး ဖြစ်သွားပြီး တရားနဲ့အညီ တိုင်းပြည်အုပ်ချုပ်သွားတယ်။

တူဖြစ်သူ ရာဇဝတ်သားကိုလည်း ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့် ပေးလိုက်တာမို့ မကြာခင်မှာ ရဟန်းပြုပြီး တရားအားထုတ်လို့ ရဟန္တာမထေရ်တစ်ပါး ဖြစ်သွားခဲ့တယ်။

လုလင်ယောက်ျားလည်း သူ့ဇနီးဖြစ်သူ မိန်းမလှလေးနဲ့အတူ တစ်သက်တာလုံး ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်သွားရတော့သတဲ့ကွယ်။

(ယဉ်ကျေးလိမ္မာမွေ့ရသကလေးဂျာနယ်၊ အတွဲ ၁၊ ဒီဇင်ဘာလ ၁ ရက်၊ ၂၀၀၅)